# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၃၈]


**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် (၁)ရက်သာလိုတော့သည်**

# ဒီရွေးကောက်ပွဲဟာ တရားမျှတလွတ်လပ်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများရဲ့ ဆန္ဒသဘောထားကို မှန်ကန်စွာထင်ဟပ်ပြသနိုင်မယ်လို့ ယုံကြည်

**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအကြို နိုင်ငံတော်သမ္မတ ပြောကြားသည့် ရွေးကောက်ပွဲဆိုင်ရာမိန့်ခွန်း (၆-၁၁-၂၀၁၅)**

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

နိုဝင်ဘာလ(၈)ရက်နေ့မှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ အရှိန်မြင့်ရှေ့ဆက်နိုင်ဖို့အတွက် အရေးကြီးတဲ့ သမိုင်းဝင်ခြေလှမ်းတစ်ခု ဖြစ်ပါတယ်။

မဲဆွယ်စည်းရုံးရေးကာလတွေမှာ ဥပဒေ၊ နည်းဥပဒေတွေနဲ့ ကျင့်ဝတ် စည်းကမ်းတွေကို လေးစားလိုက်နာကြပြီး မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ်ခဲ့ကြတဲ့ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများကို ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောလိုပါတယ်။ ထို့အတူ ပြည်သူများအနေနဲ့လည်း

စာမျက်နှာ ၃ ကော်လံ ၁ ✻

# ရွေးကောက်ပွဲအားဘက်လိုက်မှုမရှိဘဲ ကျင်းပပေးသွားမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းစွာကျင်းပနိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်

စာမျက်နှာ-၇

# (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ သွင်းကုန်၊ ထုတ်ကုန်များ ကြန့်ကြာမှုမရှိရေးဆောင်ရွက်

**မူဆယ် နိုဝင်ဘာ ၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ နိုဝင်ဘာလ ပထမအပတ်မှစ၍ သွင်းကုန်၊ ထုတ်ကုန်ကားအများအပြား ဝင်ရောက်လာမှုကြောင့် ယာဉ်စစ်ကွင်းအတွင်း ကုန်တင်ကားများပြည့်လျှံနေကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ကုန်သွယ်ရေးဇုန်အတွင်း ကုန်တင်ကားများ ပြည့်လျှံနေခြင်းမှာ နိုဝင်ဘာလအတွင်း မိုးအနည်းငယ်ရွာသွန်းမှုကြောင့် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်း တိုးချဲ့လမ်းများပေါ်မှ ရွှံ့ရေ နုန်းရေများ စီးဆင်းလာပြီး ကုန်တင်ကားများနှင့် ခရီးသည် မော်တော်ယာဉ်များ ခေတ္တပိတ်ဆို့မှုကြောင့် ယခုရက်ပိုင်းအတွင်း (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ စုပြုံဝင်ရောက်လာခြင်းဖြစ်သည်။

(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ကုန်တင်ကားများဝင်ရောက်မှုများပြားနေသော်လည်း သွင်းကုန်ထုတ်ကုန် လုပ်ငန်းများ ကြန့်ကြာမှုမရှိအောင် စိစစ်ဆောင်ရွက်လျက် ရှိကြောင်း၊

စာမျက်နှာ ၁၄ ကော်လံ ၁ ❐



**ယနေ့ မာတိကာ**


ဂျာမနီက ဒုက္ခသည် စိစစ်လက်ခံမှုများကို အရှိန်မြှင့်လုပ်ဆောင်၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက နေရပ်ပြန်ပို့မည် စာ ၄

လူထုအတွက် လူထုပဟိုပြုစီမံကိန်း စာ ၆





# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ရွေးကောက်ပွဲနှင့် ကိုယ်ပိုင်အခွင့်အရေး

ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံတို့တွင် အစိုးရကို ဦးဆောင်ဦးရွက်ပြုမည့် ပုဂ္ဂိုလ်များကို ပြည်သူတို့၏ဆန္ဒဖြင့် ရွေးချယ်ပေးရလေ့ရှိပါသည်။ တစ်နည်းအားဖြင့် နိုင်ငံနှင့်အဝန်း ရွေးကောက်ပွဲများကျင်းပကာ ကိုယ်ကျိုးမဖက်တိုင်းပြည်နှင့် လူမျိုးအတွက် ရေးရှု၍ရဲဝံ့ပြတ်သားစွာပြည်သူ့ရှေ့မှ မားမား မတ်မတ် ရပ်တည်ပေးနိုင်သော အရည်အချင်းပြည့်ဝသည့် လွှတ်တော်အမတ်များကို ရွေးချယ်ပေးရခြင်းဖြစ်ပါသည်။ ဤသို့ ရွေးချယ်ပေးရခြင်းသည်ပင်လျှင် မဲဆန္ဒရှင် ကျွန်ုပ်တို့ပြည်သူ များအတွက် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။

ဤအခွင့်အရေးသည် ကျွန်ုပ်တို့မဲဆန္ဒရှင်ပြည်သူများ အဖို့ အချိန်တိုင်းအခါတိုင်း ရရှိနေကြသည် မဟုတ်ပေ။ အစိုးရ သက်တမ်းတစ်ရပ်သည် ငါးနှစ်သတ်မှတ်ထား၍ ငါးနှစ်မှတစ်ကြိမ် သာလျှင်ရရှိသည့်အခွင့်အရေးဖြစ်ပါသည်။ အခြေအနေအချိန် အခါကပေးသည့် အခွင့်အရေးကောင်းပင်ဖြစ်ပါသည်။ ရရှိထား သောအခွင့်အရေးကောင်းကို လက်လွတ်မဆုံးရှုံးရလေအောင် မဲရုံကိုသွား၍ ဆန္ဒမဲများပေးနိုင်ကြဖို့လိုပါသည်။ အမှန်စင်စစ် ဤအခွင့်အရေးသည် လွယ်ကူသည်ဟု ထင်ရသော်လည်း လွယ်လွယ်ကူကူရရှိသော အခွင့်အရေးမဟုတ်ပေ။ နိုင်ငံသား အမှန်ဖြစ်ရခြင်း၊ အသက် ၁၈ နှစ်ပြည့်ခြင်း၊ ရွေးကောက်ပွဲ ကော်မရှင်ကထုတ်ပြန်ထားသော စည်းကမ်းဥပဒေများနှင့် ကိုက်ညီခြင်း စသည့်အကြောင်းချင်းအရာများ ကိုက်ညီမှသာ မဲပေးခွင့်ရရှိမည်ဖြစ်ပါသည်။

နိုဝင်ဘာလ ၈ ရက်နေ့သည်ကား ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ ထူးခြားလေးနက်သောနေ့တစ်နေ့ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းလုံး တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပသွားရန် စီစဉ်ထားသည်။ ရွေးကောက်ပွဲသမိုင်းတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် မှတ်ကျောက်တင်နိုင်မည့် ရွေးကောက်ပွဲကြီးလည်းဖြစ်ပါသည်။ နိုင်ငံတစ်ဝန်း ဆန္ဒမဲပေး နိုင်သူ ၃၂ သန်းကျော်ရှိပြီး မဲရုံပေါင်း လေးသောင်းကျော်၌ ဆန္ဒမဲပေးကြမည်ဖြစ်ပါသည်။ ဤရွေးကောက်ပွဲကြီးတွင် နိုင်ငံရေးပါတီ ၉၂ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ခြောက်ထောင်ကျော်ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမည်ဖြစ် ပါသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွား အမှန်တကယ်ဖော်ဆောင်ပေးနိုင်မည့် ပုဂ္ဂိုလ်များကို ရွေးချယ်ပေးရတော့မည်ဖြစ်ပါသည်။ ဤသို့ရွေးချယ်ပေးရခြင်း သည် မိမိတို့၏ ဆန္ဒ၊ မိမိတို့လက်ဖြင့် ဆန္ဒပြုပေးရခြင်းဖြစ်၍ ကိုယ်ပိုင်အခွင့်အရေးပင်ဖြစ်ပါသည်။ နိုင်ငံသားတိုင်းသည် ဤကိုယ်ပိုင်အခွင့်အရေးကိုရရှိထားကြပါသည်။ ဤကိုယ်ပိုင် အခွင့်အရေးကို အမိအရအသုံးချပြီး မိမိတို့လိုလားနှစ်သက်သော ခေါင်းဆောင်ကောင်းများကို အသည်းကြားကမဲတစ်ပြားဟုဆို သည့်အတိုင်း တန်ဖိုးရှိသော ဆန္ဒမဲတစ်မဲအတွက် စိစစ်ရွေးချယ် ဆန္ဒပြုပေးနိုင်ကြစေရန် အသိပေး တိုက်တွန်းအပ်ပေ ကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ဒုတိယရှေ့နေချုပ်အား ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

BRITISH COUNCIL မှ Team Leader Peter Viner နှင့် Mrs. Ginny Rowland(Director English of the British Council Myanmar) တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ် ကိုယ်စား ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအား ပြည်ထောင်စုရှေ့နေချုပ် ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမသို့ နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီက လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Team Leader Peter Viner က ဥပဒေအရာရှိများ အား Legal English သင်တန်းများပေးရန်၊ ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်း ဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ဥပဒေအရာရှိ ၂၀၀ ခန့်ရှိပြီး တိုင်းဒေသကြီး ပြည်နယ်ဥပဒေချုပ်ရုံးများတွင် ဥပဒေအရာရှိ ၇၅ ဦးခန့်စီ ရှိကြောင်း၊ မြို့နယ်အသီးသီးတွင်လည်း ဥပဒေအရာရှိများရှိကြောင်း၊ ဥပဒေအရာရှိများအား အင်္ဂလိပ်စာအရည်အသွေးတိုးမြှင့်ရန် လိုအပ်လျက်ရှိ ကြောင်း၊ ယခုကဲ့သို့ British Council မှ ဥပဒေအရာရှိများအား အင်္ဂလိပ်စာ ကျွမ်းကျင်မှုအတွက် ကမ်းလှမ်းခြင်းအပေါ် များစွာကျေးဇူးတင်ဝမ်းမြောက် ကြောင်း၊ မိမိတို့အပိုင်းမှလည်း သင်တန်းပိုင်းဆိုင်ရာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် သင်တန်းများပေးရန် အဆောက်အအုံသစ်ဖွင့်လှစ်ထားပြီးဖြစ်၍ လွယ်ကူချော မွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

ထို့ပြင် သင်ကြားရေးအစီအစဉ်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စများနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**



ရွေးကောက်ပွဲကာလ လုံခြုံရေးဆောင်ရွက်မှုအတွက် အောက်တိုဘာလနောက်ဆုံးပတ်က မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲလေ့ကျင့်ရေးအရာရှိချုပ် ရဲမှူးချုပ် ဇော်မိုးသန်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းဝင်း၊ မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းထွန်းအေးနှင့် တာဝန်ရှိ သူများ တက်ရောက်ဆွေးနွေးကြစဉ်။ ကျော်သန်း(မော်လမြိုင်)

# မဲရုံသရုပ်ပြသမှုများဆောင်ရွက်

**ဖလမ်း နိုဝင်ဘာ ၅**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် မဲရုံသရုပ်ပြသမှုကို နိုဝင်ဘာ ၅ ရက်က ဖလမ်းမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရှုလွယ်ခန်းမ၌ ကျင်းပ သည်။

အဆိုပါ မဲရုံသရုပ်ပြသမှုတွင် ဖလမ်းမြို့ ဖာရ်ထောက်ရပ်ကွက်မှ မဲဆန္ဒရှင်ပြည်သူများ ပါဝင်ကြပြီး ဖာရ်ထောက်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထန်းလျန်းခမ်းက မဲပေးပုံပေးနည်း များ၊ အဆင့်ဆင့်ဆောင်ရွက်ရမည့် အချက်များကို သရုပ်ပြသပြီး ပယ်မဲမရှိစေရေးအတွက် ပယ်မဲ၊ ခိုင်လုံမဲ နမူနာပုံစံများကို မဲဆန္ဒရှင်ပြည်သူများအား ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မဲဆန္ဒရှင်များ စနစ်တကျအဆင်ပြေစွာ မဲပေးနိုင်ရေး သရုပ်ပြ

**အင်းတော် နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်သာ ကျေးရွာအုပ်စု အောင်းကုန်းကျေးရွာအုပ်စု အထက်တန်းကျောင်းခွဲ ကျောင်းဆောင်အပေါ်ထပ်၌ ဖွင့်လှစ်ထားသည့် ရွေးကောက်ပွဲအတွက် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားသော မဲရုံအမှတ် ၄၈ တွင် နိုဝင်ဘာ ၅ရက်က သရုပ်ပြ အစမ်းမဲပေးမှု အခမ်းအနားကျင်းပခဲ့ကြောင်း သိရ သည်။

အဆိုပါအခမ်းအနားတွင် မဲဆန္ဒရှင် ၂၀ ကို သရုပ်ပြမဲပေးသည့် လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း ယင်းကဲ့သို့မဲဆန္ဒရှင်များကို မဲပေးသည့် လုပ်ငန်းများကို ကြိုတင်၍ သရုပ်ပြလေ့ကျင့်ရသည့်အကြောင်းအရင်းများ မှာ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်လေ့ကျင့် ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၃၀/၆၄၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၇၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၇ |
| ဥရောပ | တစ်ယူရို | ၁၄၀၇.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၄၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၈၉၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၃၃ |
| တရုတ် | တစ်ယွမ် | ၂၀၂.၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၂၉ |

ခင်ရတနာ-စုစည်းသည်။

# ရွေးကောက်ပွဲရလဒ်များနဲ့အညီ နိုင်ငံရေးအခင်းအကျင်းသစ်ကို အတူလက်တွဲ ပုံဖော်ဖန်တီး ဆောင်ရွက်သွားကြရမှာဖြစ်

* ရှေ့ဖုံးမှ

ကိုယ်ထောက်ခံအားပေးတဲ့ ပါတီများ၊ ကိုယ်စားလှယ်လောင်းများကို ငြိမ်းငြိမ်းချမ်းချမ်း ထောက်ခံအားပေးမှုများ ပြသဆောင်ရွက်ခဲ့ကြတဲ့အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။

ရွေးကောက်ပွဲကြီးမှာ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့်ကို ထိရောက်စွာ ကျင့်သုံးနိုင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်နေကြတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများရဲ့ ကြိုးပမ်းအားထုတ်မှုကိုလည်း ဂုဏ်ယူ အသိအမှတ်ပြုကြောင်း ပြောကြားလိုပါတယ်။ အထူးသဖြင့် မဲဆန္ဒရှင် ပြည်သူများအတွက် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးလုပ်ငန်းများကို အားထုတ်လုပ်ဆောင်ပေးနေကြတဲ့ လူငယ်အဖွဲ့အစည်းများနဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းများရဲ့ကြိုးပမ်းအားထုတ်မှုကို အထူးအသိအမှတ်ပြုအပ်ပါတယ်။

ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်မှာ မြန်မာလူငယ်များရဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများကို မြင်တွေ့ရတာဟာလည်း တိုင်းပြည်အနာဂတ်အတွက် အလွန်ကောင်းမွန်တဲ့ လက္ခဏာတစ်ခုပဲ ဖြစ်ပါတယ်။

မဲဆန္ဒရှင် ပြည်သူများအနေနဲ့လည်း ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေကြတဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ အရည်အချင်းနဲ့ အရည်အသွေးတွေကို ဆန်းစစ်ပြီး ဆန္ဒမဲပေးဖို့ အဆင်သင့်ဖြစ်နေပြီလို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်ရှိအနေအထားကို ရောက်ရှိဖို့ ခက်ခဲတဲ့ သမိုင်းဖြတ်သန်းမှုများကို ကျော်လွှားရင်ဆိုင်ခဲ့ရပါတယ်။ ဒီလို ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ဖို့ဆိုတာဟာ အလွယ်တကူရရှိလာတဲ့ အခြေအနေမဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံရဲ့ကံကြမ္မာကို ပြဋ္ဌာန်းသတ်မှတ်တဲ့ ရွေးကောက်ပွဲတွေ၊ အထူးသဖြင့် ယခုအပြောင်းအလဲကာလအတွက် အရေးကြီးတဲ့ ရွေးကောက်ပွဲမျိုးမှာ မဲဆန္ဒရှင်ပြည်သူများအားလုံး မဲပေးကြဖို့ ကျွန်တော့်အနေနဲ့ အလေးအနက် တိုက်တွန်းလိုပါတယ်။ မဲစာရင်းမှာ လိုအပ်ချက်တွေ ရှိနေပေမယ့် ရွေးကောက်ပွဲနေ့မှာ မဲပေးခွင့် မဆုံးရှုံးစေဖို့လည်း စီစဉ်ဆောင်ရွက်ထားတယ်လို့ ရွေးကောက်ပွဲကော်မရှင်ကလည်း ကြေညာထားပြီးသားဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများ အနေနဲ့လည်း မိမိတို့ရဲ့ဆန္ဒမဲများကို ထိရောက်မှုရှိစေဖို့ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာထားတဲ့ နည်းလမ်းတကျ မဲပေးနည်းအဆင့်ဆင့်ကို ဂရုတစိုက် လိုက်နာကျင့်သုံးကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့လည်း တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအပါအဝင် ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ ပြည်သူတစ်ယောက်စီတိုင်း လွတ်လပ်စွာ မဲပေးခွင့်ရဖို့ ကြိုးပမ်းဆောင်ရွက်ထားကြောင်းကိုလည်း အသိပေး ပြောကြားလိုပါတယ်။

ဒီရွေးကောက်ပွဲကြီးမှာ နိုင်ငံရေးအင်အားစုအားလုံး လွတ်လပ်တရားမျှတစွာ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့် ရရှိနိုင်စေရေးအတွက် လွတ်လပ်သော အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများကို လေ့လာစောင့်ကြည့်ခွင့်ပြုခြင်းနှင့် သတင်းမီဒီယာများကို သတင်းရယူနိုင်အောင် ဆောင်ရွက်လျက်ရှိပြီး လက်ရှိမှာ စုစုပေါင်း ဦးရေ သောင်းချီခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ကျွန်တော် ရေဒီယိုမိန့်ခွန်းမှာ ပြောကြားခဲ့သလိုပါပဲ ကျွန်တော်တို့ နိုင်ငံရဲ့ လက်ရှိအခြေအနေအရ အစစအရာရာ ပြီးပြည့်စုံတဲ့ ရွေးကောက်ပွဲတစ်ခုကို ကျင်းပပြုလုပ်နိုင်ဖို့အတွက် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေဟာ နေရာတိုင်းမှာ ရှိနေတာဖြစ်ပါတယ်။ ဒါပေမယ့် ဒီရွေးကောက်ပွဲဟာ တရားမျှတပြီး လွတ်လပ်

**ရွေးကောက်ပွဲအပြီး ကြားကာလ တည်ငြိမ်အေးချမ်းမှုရှိစေဖို့အတွက်လည်း နိုင်ငံရေးအင်အားစုများမှ ခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာသွားမှာ ဖြစ်ပါတယ်။ ဒီနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများကလည်း ကြားကာလ တည်ငြိမ်အေးချမ်းမှုနဲ့ နိုင်ငံရေးအခင်းအကျင်းသစ်ကို ချောမွေ့ညင်သာစွာ အသွင်ကူးပြောင်းစေဖို့ များစွာအထောက်အကူပြုသွားမှာဖြစ်**

တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများရဲ့ ဆန္ဒသဘောထားကို မှန်ကန်စွာ ထင်ဟပ်ပြသနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးအင်အားစုများအားလုံးအနေနဲ့လည်း မဲဆန္ဒရှင်ပြည်သူများရဲ့ အဆုံးအဖြတ်ကို တညီတညွတ်တည်း သဘောထားကြီးကြီးလက်ခံကြရမှာ ဖြစ်ပါတယ်။

ထွက်ပေါ်လာမယ့် ရွေးကောက်ပွဲရလဒ်များအပေါ် လေးစားလိုက်နာမှုနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ ရှိနေတယ်လို့လည်း သိရှိရပါတယ်။ ကျွန်တော်တို့ အစိုးရ၊ တပ်မတော်အနေနဲ့ တရားမျှတလွတ်လပ်တဲ့ ရွေးကောက်ပွဲများရဲ့ရလဒ်ကို လေးစားလိုက်နာသွားမည်ဖြစ်ကြောင်းကို ထပ်မံပြောကြားလိုပါတယ်။ ရွေးကောက်ပွဲရလဒ်များနဲ့အညီ နိုင်ငံရေးအခင်းအကျင်းသစ်ကို အတူလက်တွဲ ပုံဖော်ဖန်တီး ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ မဲဆန္ဒရှင်ပြည်သူများ ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဟာ အစိုးရအဖွဲ့ကို ဦးဆောင်မယ့် သမ္မတလောင်းများကို ပြည်သူလူထုကိုယ်စား ဆက်လက်မဲပေးရွေးချယ်သွားကြမှာ ဖြစ်ပါတယ်။ ဒီလို ရွေးကောက်ပွဲရလဒ်များနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့် အစိုးရအဖွဲ့ကို ကျွန်တော့်အနေနဲ့ လက်ခံသွားမှာဖြစ်ပြီး နိုင်ငံရေး အင်အားစုအသီးသီးရဲ့ ခေါင်းဆောင်များအနေနဲ့လည်း လေးစားလက်ခံသွားကြမယ်လို့ ယုံကြည်ပါတယ်။

ရွေးကောက်ပွဲအပြီး ကြားကာလ တည်ငြိမ်အေးချမ်းမှုရှိစေဖို့အတွက်လည်း နိုင်ငံရေးအင်အားစုများမှ ခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာသွားမှာ ဖြစ်ပါတယ်။ ဒီနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများကလည်း ကြားကာလ တည်ငြိမ်အေးချမ်းမှုနဲ့ နိုင်ငံရေးအခင်းအကျင်းသစ်ကို ချောမွေ့ညင်သာစွာ အသွင်ကူးပြောင်းစေဖို့ များစွာအထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အားလုံးမျှော်မှန်းနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်တဲ့နေရာမှာ ခရီးရှည်ကြီးကို အားလုံးအတူ ဖြတ်သန်းကြရဦးမှာဖြစ်ပါတယ်။ အနာဂတ်မှာလည်း ရွေးကောက်ပွဲပေါင်းများစွာကို ဖြတ်သန်းပြီး နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုအဆင့်ဆင့်ကို တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ဒီလိုအဆင့်ဆင့်တက်လှမ်းရာမှာ ယခုကျင်းပတော့မည့် သမိုင်းဝင်ရွေးကောက်ပွဲကြီးကို လွတ်လပ်ခြင်း၊ မျှတခြင်းဆိုတဲ့ ဝိသေသတွေနဲ့ အောင်မြင်စွာကျင်းပနိုင်မှသာ ပြုပြင်ပြောင်းလဲမှုများ ရှေ့ဆက်နိုင်မယ့် နိုင်ငံရေးအခင်းအကျင်းသစ်တစ်ခုကို တည်တည်ငြိမ်ငြိမ် ကူးပြောင်းနိုင်မှာဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီလိုမြန်မာနိုင်ငံအနာဂတ်အတွက် အရေးကြီးပြီး ကမ္ဘာကြီးကလည်း စောင့်ကြည့်နေတဲ့ ရွေးကောက်ပွဲကြီးမှာ နိုင်ငံရေးခေါင်းဆောင်များအနေနဲ့ အမြော်အမြင်ရှိရှိ၊ သဘောထားကြီးကြီးနဲ့ နိုင်ငံရေး ရွေးချယ်မှုများ ပြုလုပ်ဖို့နဲ့ ပြည်သူများမှလည်း မိမိတို့ရဲ့ ဆန္ဒမဲတစ်ပြားကို လွတ်လပ်စွာဆန္ဒပြုကြဖို့ တိုက်တွန်းလိုက်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။

# ကမ္ဘာလှည့်ခရီးသည်များ အဆက်မပြတ်ဝင်ရောက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၆

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များသည် မော်တော်ယာဉ်တန်း၊ မော်တော်ဆိုင်ကယ်ယာဉ်တန်း၊ စက်ဘီးယာဉ်တန်းခရီးစဉ်များဖြင့် ဝင်ရောက်လည်ပတ်လျက်ရှိကြပြီး ဧရာဝတီမြစ်ကြောင်း၊ ချင်းတွင်းမြစ်ကြောင်းခရီးစဉ်များကို သွားလာလည်ပတ်လျက်ရှိသည်။

Shwe Sin Yeik Nyein International Co., Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဂျာမနီနိုင်ငံသားဧည့်သည်သုံးဦးသည် အောက်တိုဘာ ၂၆ ရက်က မော်တော်ယာဉ်သုံးစီးဖြင့် တမူးမြို့မှတစ်ဆင့် ဝင်ရောက်လာပြီး ဂန့်ဂေါမြို့၊ ကလေး-မုံရွာမြို့များမှတစ်ဆင့် မန္တလေး -ပုဂံမြို့များသို့ ဆက်လက်ထွက်ခွာ၍ အာနန္ဒာဘုရား၊ ရွှေစည်းခုံဘုရား၊ ဓမ္မရံကြီးဘုရား၊ တန်ခိုးကြီးဘုရားများသို့ ဝင်ရောက် လေ့လာလည်ပတ်ကာ ကျိုက်ထီးရိုးဘုရားအား ဖူးမြော်၍ အောက်တိုဘာ ၃၁ ရက်တွင် မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့ကြသည်။

ထို့အပြင် Upland Travels & Tours Co.,Ltd ၏ စီစဉ် ဆောင်ရွက်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသားဧည့်သည် ၁၀ ဦးသည် အောက်တိုဘာ ၁၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ပြီး RV Thurgau Exotic အပျော်စီးရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရန်ကုန်-ပုဂံ-ရွှေပြည်သာရွာ- စစ်ကိုင်း- အမရပူရ- မန္တလေး- နွယ်ငြိမ်း- ကြာညှပ်-တကောင်း- ထီးချိုင့်- ကသာ- ကျွန်းတော်-ရွှေကူ- စင်းခန်း-ဗန်းမော်- မိုးတားရွာ - သိယ်းဖာတောင်- ကျောက်ပုံရွာ-မင်းကွန်း-မန္တလေးမြို့များသို့ သွားရောက် လည်ပတ်ခဲ့ကြပြီးနောက် အောက်တိုဘာ ၂၈ရက်တွင် ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပသို့ ပြန်လည်ထွက်ခွာသွားကြသည်။




ကမ္ဘာလှည့်ခရီးသည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ပါသဖြင့် မြန်မာနိုင်ငံသို့ စဉ်ဆက်မပြတ်ဝင်ရောက်၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ၊ ရိုးရာဓလေ့ထုံးစံများ၊ သဘာဝအလှအပရှုခင်းများ၊ လက်မှုပညာလုပ်ငန်းများနှင့် တိုင်းရင်းသားများ၏ လူနေမှုပုံစံများကို တစ်ဦးချင်းသော် လည်းကောင်း၊ အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ မော်တော်ယာဉ်တန်းခရီးစဉ်များ၊ မော်တော်ဆိုင်ကယ်ယာဉ်တန်းခရီးစဉ်များ၊ စက်ဘီးယာဉ်တန်း ခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များဖြစ်သော ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ခရီးစဉ်များကို **(ဝဲပုံ)** မြစ်တွင်းသွား အပျော်စီးသင်္ဘောများဖြင့် သွားရောက်လည်ပတ်မှုများ ပိုမိုတိုးတက်များပြားလာကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## အရေးပေါ်ရှေးဦးပြုစုခြင်းစခန်းအဆောက်အအုံ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

မိတ္ထီလာ နိုဝင်ဘာ ၆

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးအမြန်လမ်း သီးကုန်း (၂၈၅)မိုင် ယာဉ်ရပ်နားစခန်းအနီး၌ အရေးပေါ်ရှေးဦးပြုစုခြင်းစခန်းအဆောက်အအုံသစ်ကို မေလက စတင်ဆောက်လုပ်ခဲ့ရာ နိုဝင်ဘာ ၆ ရက်တွင် ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံကြက်ခြေနီအသင်းကတစ်ဆင့် စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းရဲ့ လှူဒါန်းငွေ ၃၅၃ သိန်းကျော်နဲ့ မိတ္ထီလာ သီးကုန်း (၂၈၅)မိုင် အမြန်လမ်းအရေးပေါ် ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံသစ်ကို ဆောက်လုပ်တာပါ။ ဖြူး ၁၁၅ မိုင် အမြန်လမ်းအရေးပေါ်ရှေးဦးပြုစုခြင်းစခန်းအဆောက်အအုံကို ဆောက်လုပ်ခဲ့တဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးစိုးအောင်ကပဲ တာဝန်ယူဆောက်လုပ်တာပါ။ အခုအနေအထားက အဆောက်အအုံမှာ တံခါးပေါက်၊ ပြတင်းပေါက်တွေတပ်ဆင်ဖို့နဲ့ ဆေးသုတ်ဖို့ပဲ ကျန်တဲ့အနေအထားမို့ ဆောက်လုပ်ရေးလုပ်ငန်း ၈၀ ရာခိုင်နှုန်းကျော်လောက်တော့ ပြီးစီးပါပြီ။ နိုဝင်ဘာလ ကုန်ပိုင်းလောက်မှာတော့ အားလုံးဆောက်လုပ်ပြီးစီးသွားမယ်"ဟု မိတ္ထီလာကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးနေဦးက ပြောသည်။

ယင်းအဆောက်အအုံအသစ်မဆောက်လုပ်မီ ၂၀၁၃ ခုနှစ် ဇူလိုင် ၂ရက်မှစတင်ကာ (၂၈၅) မိုင်(သီးကုန်း)ယာဉ်ရပ်နားစခန်းမြောက်ဘက်အဆောက်အအုံတစ်ခုတွင် ယာယီအရေးပေါ်ရှေးဦးပြုစုခြင်းစခန်း (အမြန်လမ်း)ကို ဖွင့်လှစ်ကာ ယနေ့အထိ ယာဉ်မတော်တဆမှု ၁၂၀ ခန့်၊ ထိခိုက် ဒဏ်ရာရရှိသူ ၂၂၀ ကျော်၊ သေဆုံးသူ ၃၉ ဦးကျော်တို့ကို အရေးပေါ်ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ဂျာမနီက ဒုက္ခသည်စိစစ်လက်ခံမှုများကို အရှိန်မြှင့်လုပ်ဆောင်၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိပါက နေရပ်ပြန်ပို့မည်




**ဘာလင် နိုဝင်ဘာ ၆**

ဂျာမနီနိုင်ငံသည် ရွှေ့ပြောင်းအခြေချသူများကို စိစစ်လက်ခံရန် ဆောင်ရွက်မှုများကို အရှိန်မြှင့်လုပ်ဆောင်နေကြောင်း၊ အကယ်၍သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ၎င်းတို့ကို နေရပ်ပြန်ပို့ရန် အလျင်အမြန်လုပ်ဆောင်နေကြောင်း သိရသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ယင်းအစီအစဉ်ကို နိုဝင်ဘာ ၅ ရက်က ကြေညာခဲ့ပြီး ဂျာမနီအစိုးရသည် ဒုက္ခသည်နှင့် ရွှေ့ပြောင်းအခြေချသူအမြောက်အမြား စီးဝင်လာမှုအပေါ် ရင်ဆိုင်ရုန်းကန်နေရကြောင်း ဒုက္ခသည်နှင့် ရွှေ့ပြောင်းအခြေချသူများကို လျှော့ချရန်မျှော်မှန်းထားကြောင်း ဆိုသည်။

အစီအစဉ်အရ ဒုက္ခသည်စခန်းသုံးခုမှ ငါးခုအထိ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိသော ဒုက္ခသည်များကိုထားရန် ဖွင့်လှစ်တည်ဆောက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

ဒုက္ခသည်အများစုမှာ ဘော်လ်ကန်နိုင်ငံများမှဖြစ်ပြီး ပို၍ ပြည့်စုံကောင်းမွန်သောဘဝကို ဂျာမနီနိုင်ငံ၌ ရှာဖွေရန် စွန့်စားထွက်ခွာလာခြင်းဖြစ်သည်။

ဒုက္ခသည်များကို စိစစ်လက်ခံသောကာလမှာတိုတောင်းလျက်ရှိကြောင်းနှင့် ပျမ်းမျှခြောက်လမှ တစ်လမပြည့်သောသောကာလအထိ ပြောင်းလဲမှုရှိလာကြောင်း သိရသည်။

၎င်းတို့၏ဒုက္ခသည်လျှောက်လွှာများကို ပယ်ချခြင်းခံရပါက ယင်းတို့သည် နေရပ်သို့ အလျင်အမြန်ပြန်ရမည်ဖြစ်သည်။

ဂျာမနီနိုင်ငံသို့ ဒုက္ခသည်လျှောက်လွှာလျှောက်ထားသော သုံးပုံတစ်ပုံမှာ စီးပွားရေးနိမ့်ကျသောနိုင်ငံများ ဥပမာ အယ်လ်ဘေးနီးယားနှင့် ကိုဆိုဗိုနိုင်ငံတို့မှဖြစ်ပြီး ယခုနှစ် ပထမ ၁၀ လပိုင်းအထိ ဂျာမနီသို့ရောက်ရှိလာသော ဒုက္ခသည်အရေအတွက်မှာ ၇၅၀၀၀၀ ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ဘရာဇီးတွင် ဆည်တစ်ခုကျိုးပေါက်မှုဖြစ်၊ လူ ၁၆ ဦးသေဆုံး



**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၆**

ဘရာဇီး အရှေ့တောင်ဘက် ယွန်းယွန်း သတ္တုတွင်းမိုင်းအနီး ဆည်တစ်ခု ပြိုကျခဲ့ရာ အနီးရှိမြို့များကို ရေနှင့်ရွှံ့နွံများ ဖုံးလွှမ်းစေပြီး ၁၆ ဦး ထက်မနည်း သေဆုံးကာ ၄၅ ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါဆည်မှာ မီနာဂီရိုပြည်နယ်ရှိ မာရီယာနာမြို့အနီးတွင်တည်ရှိကြောင်း သိရသည်။

ပျက်စီးနေသော နေအိမ်များ၊ ကားများနှင့်လဲကျနေသော သစ်ပင်များကို ဆည်အနီးပတ်ဝန်းကျင်ဒေသအတော်များများရှိ ရွှံ့ရေထဲတွင်တွေ့ရမည်ဖြစ်သည်။

စစ်ဘက်ဆိုင်ရာက ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေပြီး ဒေသတွင်းအာဏာပိုင်များက လူ ၆၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ပြောကြားသည်။

အဆိုပါ ဆည်ရှိရေများမှာ သတ္တုတွင်း မိုင်းတူးဖော်ရေးလုပ်ငန်းများတွင် အသုံးပြုထားလျက်ရှိသောကြောင့် အဆိပ်သင့်မှုဖြစ်ပွားမည်ကို စိုးရိမ်နေကြောင်း သိရသည်။

မည်သည့် အကြောင်းကြောင့် ယင်းဆည်ကျိုးပေါက်မှု ဖြစ်ပွားသည်ဆိုသည်ကို မသိရသေးပေ။ သတ္တုတွင်း မိုင်းတူးဖော်ရေးလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ဒုက္ခခံစားနေရသူများကို အကောင်းဆုံး ကူညီမှုများပေးအပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အင်န်အိတ်ချ်ကေ)**

# ဗီယက်နမ်နှင့်ဆက်ဆံရေး မည်သည့်အရာကမျှ ဖြိုခွင်းနိုင်မည်မဟုတ်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်ထုတ်ဖော်ပြောကြား

**ဟန်နွိုင်း နိုဝင်ဘာ ၆**

တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့သည်သမိုင်းအစဉ်အဆက်ချစ်ကြည်ရင်းနှီးမှုနှင့်အတူ ဆိုရှယ်လစ်အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မည်သည့်အရာကမျှ ပြိုကွဲအောင်လုပ်ဆောင်နိုင်လိမ့်မည်မဟုတ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က သောကြာနေ့က ဗီယက်နမ်ပါလီမန်၌ ပြောသည်။

ကွန်မြူနစ်ဦးဆောင်သော အဆိုပါနှစ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က တောင်တရုတ်ပင်လယ်အတွင်း ဗီယက်နမ်ကမ်းလွန်၌ တရုတ်နိုင်ငံကရေနံတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်မှုကြောင့် ဗီယက်နမ်နိုင်ငံတွင်တရုတ်ဆန့်ကျင်ရေးဆန္ဒပြမှုများမြင့်တက်ခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ဗီယက်နမ်နိုင်ငံသို့ နှစ်နိုင်ငံဆက်ဆံရေးပြန်လည်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့်အလည်အပတ်ရောက်ရှိနေခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏လွတ်လပ်ရေးဖခင်ကြီးဟိုချီမင်းနှင့်ခေတ်သစ်တရုတ်ထူထောင်သူမော်စီတုန်းတို့သည် ချစ်ကြည်ရင်းနှီးကြသူများဖြစ်ပြီး နှစ်နိုင်ငံနိုင်ငံရေးစနစ်ကိုလည်း တူညီစွာချမှတ်ပေးနိုင်ခဲ့ကြောင်း သမ္မတရှီကဟန်နွိုင်းမြို့ပါလီမန်၌ ပြောကြားသည်။ တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့သည် ရေမြေတောတောင်နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများမှာလည်း ရှေးခေတ်ကတည်းကပင် အပြန်အလှန်သွားလာလည်ပတ်မှုရှိခဲ့ကြောင်း ရှီကပြောသည်။



အမျိုးသားလွတ်လပ်ရေးနှင့်လွတ်မြောက်ရေးကြိုးပမ်းမှုမှာလည်း ချစ်ကြည်ရင်းနှီးမှုဖြင့် အပြန်အလှန် ထောက်ခံကူညီအားပေးခဲ့ကြကြောင်းဖြင့်လည်း ၎င်းက ပြောသည်။

**(ရိုက်တာ)**

# အရှေ့တီမောတွင် ခွေးပေါက်နီးနီး ကြွက်ကြီးခုနစ်ကောင်၏ရုပ်ကြွင်းများတွေ့ရှိ

**ကန်ဘာရာ နိုဝင်ဘာ ၆**

ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှရှေးဟောင်းသုတေသနပညာရှင်များသည် အရှေ့တီမောတွင် ကြွက်ကြီးခုနစ်ကောင်၏ ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းတွေ့ရှိခဲ့သော ကြွက်ကြီးများ၏ ရုပ်ကြွင်းများသည် ယခုလက်ရှိကြွက်များ၏ အရွယ်အစားထက် ဆယ်ဆပိုမိုကြီးမားကြောင်း ဩစတြေးလျအမျိုးသားတက္ကသိုလ်က နိုဝင်ဘာ ၆ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယင်းကြွက်များသည် ရှိခဲ့သမျှသောကြွက်များထက် များစွာကြီးထွားနေကြောင်း ဩစတြေးလျ အမျိုးသားတက္ကသိုလ် ယဉ်ကျေးမှု၊ သမိုင်းနှင့်ဘာသာ ဗေဒဌာနမှ ဒေါက်တာ ဂျူလီယန်လွှိုင်းက ပြောကြားခဲ့သည်။

၎င်းတွေ့ရှိခဲ့သော ကြွက်များ၏အရွယ်အစားမှာ ခွေးပေါက်နီးနီးခန့်ရှိကြောင်း ဒေါက်တာ လွှိုင်းက ပြောကြားခဲ့သည်။ လေ့လာသူများက ယင်းကြွက်ကြီးများ မျိုးသုဉ်းပျောက်ကွယ်သွားခြင်းနှင့် ပတ်သက်ပြီး စူးစမ်းလေ့လာလျက်ရှိသည်။

အစောပိုင်းမှတ်တမ်းများအရ အရှေ့တီမောတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၆၀၀၀ ခန့်က လူတို့သည် အဆိုပါကြွက်များနှင့် နှစ်ပေါင်းအတော်များများကြာအောင်နေထိုင်ခဲ့သော အထောက်အထားများကို တွေ့ရကြောင်း ဒေါက်တာ ဂျူလီယန်လွှိုင်းက ပြောကြားခဲ့သည်။

ယင်းလူသားများက အဆိုပါကြွက်များကို ဖမ်းဆီးစားသောက်သည့်သဘောကိုတွေ့ရကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းကြွက်ကြီးများ၏ အရိုးများတွင် ပြတ်ရှဒဏ်ရာများနှင့် ထိခိုက်ဒဏ်ရာများကို တွေ့ရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **(ဆင်ဟွာ)**

# ဆီးရီးယားစစ်ပွဲအတွင်း ဓာတုလက်နက်သုံးစွဲနေဟုဆို

**သည်ဟိတ် နိုဝင်ဘာ ၆**

အိုင်အက်စ်စစ်သွေးကြွများက အခြားသူပုန်အုပ်စုကို တိုက်ခိုက်နေသော ဆီးရီးယားမြို့တစ်မြို့၌ ဓာတ်ငွေ့အသုံးပြု တိုက်ခိုက်ခဲ့သည်ဟု ဓာတုလက်နက်ကျွမ်းကျင်သူများက ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဩဂုတ် ၂၁ ရက်က အလက်ပိုမြောက်ပိုင်း မာရေးယားမြို့၌ ဓာတုဓာတ်ငွေ့ကြောင့် အနည်းဆုံး လူနှစ်ဦးသေဆုံးခံခဲ့ရသည်ဟု ထင်ရကြောင်း ဓာတုလက်နက်တားဆီးပိတ်ပင်ရေးအဖွဲ့ (အိုပီစီဒဗလျူ)၏ အောက်တိုဘာ ၂၉ ရက်ထုတ် ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အဆိုပါဓာတ်ငွေ့အပါအဝင် ဓာတုလက်နက်များ ဖျက်ဆီးပစ်ရန် သဘောတူညီပြီးကတည်းက ဆီးရီးယားနိုင်ငံ၌ အသုံးပြုလျက်ရှိကြောင်း လေ့လာတွေ့ရှိချက်တွင် ဖော်ပြသည်။

ယင်းအစီရင်ခံစာက အိုင်အက်စ်အဖွဲ့ဟု ရည်ရွယ်ပြောဆိုခြင်းမရှိသော်လည်း ဓာတုလက်နက်များကို အဆိုပါမြို့၌ အိုင်အက်စ်နှင့် အခြားသူပုန်အဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားစဉ် အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။

ဆီးရီးယားနိုင်ငံသည် လွန်ခဲ့သော ၁၈ လက အဆိပ်ဖြစ်စေသော ဓာတုလက်နက်အားလုံးကို အပ်နှံထားပြီး ပြန်လည်အသုံးပြုနေခြင်းမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နှင့် ၁၉၉၇ ဓာတုလက်နက်တားဆီးရေး ဆုံးဖြတ်ချက်ကို ချိုးဖောက်ရာရောက်သည်ဟုဆိုသည်။

**(ရိုက်တာ)**

# ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်လို

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က နှစ် ၆၀ ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်**

ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော နှစ် ၆၀ ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်နယ်နှင့်တိုင်းများ ဖွဲ့စည်းထူထောင်ရာတွင် ကရင်လူမျိုးများနေထိုင်သောဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ပါလီမန်တွင် ထည့်သွင်းစဉ်းစားလာခဲ့ကြပြီး "၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ" အရ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ "၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေ" အရ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်မြို့နယ်တို့ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းသတ်မှတ်ခဲ့ပါသည်။ ၎င်းနောက် ဒေါနတောင်ခြေရှိ မြဝတီကို မြို့နယ်တစ်ခုအဖြစ်သတ်မှတ်ပြီး ကရင်ပြည်နယ်ကို ဘားအံမြို့နယ်၊ ဖာပွန်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ်ဟူ၍ မြို့နယ်ပေါင်း ၇ မြို့နယ်ဖြင့် အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထိုကဲ့သို့ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသော နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၅၆ ခုနှစ်မှ စတင်၍ ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် နှစ် ၆၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေးမတည်ငြိမ်မှုများ၏ ရိုက်ခတ်မှုကြောင့် လက်နက်ကိုင်ပဋိပက္ခများကို မိမိတို့ ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ ယနေ့အချိန်အခါကာလသည် ထိုကဲ့သို့ မလိုလားအပ်သော အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွယှဉ်တွဲနေထိုင်နိုင်ရေးတို့အတွက် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါကောင်းလည်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ပေါင်း ၆၀ ကျော် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်အဖြစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါ သဘောတူစာချုပ်တွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၃ ဖွဲ့က ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**◆ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ရသည့်အတွက် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနောင့်နှေးခဲ့။**

**◆ ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များ ရရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများလည်း ရရှိနေပြီဖြစ်။**

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့်ခရီးလမ်းကို ကာလရှည်ကြာစွာ ဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ရသည့်အတွက် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးခဲ့ရပါသည်။ ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များ ရရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများလည်း ရရှိနေပြီဖြစ်ပါသည်။ ရရှိပြီး အခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကရင်ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့်ငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှပေသည်။ နိုင်ငံတော်အစိုးရက ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေးစသည့် ကဏ္ဍများအပါအဝင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရရှိဖြစ်ထွန်းနေသည့် စည်းလုံးညီညွတ်မှုအခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းအပေါ် ပုလောမြို့နယ်ပြည်သူများက ထောက်ခံကြိုဆို



**ပုလော နိုဝင်ဘာ ၆**

မြိတ်ခရိုင် ပုလောမြို့နယ်၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အောင်မြင်စွာ လက်မှတ်ရေးထိုးခြင်းအပေါ် ထောက်ခံကြိုဆိုပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီက ပုလောမြို့နယ်၌ ကျင်းပရာ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးရုံးမှ ကမ်းရိုးတန်းရတနာခန်းမထိ စီတန်းလှည့်လည်ခဲ့ကြသည်။ **(ဓာတ်ပုံ)**

ထို့နောက် ကမ်းရိုးတန်းရတနာခန်းမ၌ အဆိုပါစာချုပ် အောင်မြင်စွာ လက်မှတ်ရေးထိုးခြင်းအပေါ် ထောက်ခံကြိုဆိုပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## ဘားအံ၌ အထူးရဲ သင်တန်းဆင်း

**ဘားအံ နိုဝင်ဘာ ၆**

အထွေထွေရွေးကောက်ပွဲကျင်းပစဉ်ကာလအတွင်း လုံခြုံရေးတာဝန် အဓိကဆောင်ရွက်ကြမည့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့၊ ဘားအံမြို့နယ်ရဲတပ်ဖွဲ့အထူးရဲသင်တန်းဆင်းပွဲအခမ်းအနားကို ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ဆင်ဖြူရှင်ခန်းမ၌ အောက်တိုဘာ နောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိန်လွင်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်သော အထူးရဲများအနေဖြင့် သင်တန်းက ပို့ချခဲ့သည့် စာတွေ့လက်တွေ့ သင်ခန်းစာများ၊ တာဝန်ဝတ္တရားများ၊ ဥပဒေများကို ကျေညက်စွာလေ့လာမှတ်သားပြီး အထွေထွေရွေးကောက်ပွဲကြီး လွတ်လပ်တရားမျှတမှုရှိစွာ အောင်မြင်စွာပြီးဆုံးရေးအတွက် သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် အစွမ်းကုန်ကြိုးစားထမ်းဆောင်သွားကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အပေါ် လူထုထောက်ခံပွဲ မြိတ်၌ကျင်းပ

**မြိတ် နိုဝင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ပုလဲရတနာခန်းမ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် လူထုထောက်ခံပွဲကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က ကျင်းပခဲ့ရာ ဒေသခံပြည်သူများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၄၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သဘာပတိ ဦးစံရီက အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် မြို့မိမြို့ဖ ဦးစိုးရီက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအပေါ် ထောက်ခံကြောင်း အဆိုကို တင်သွင်းခဲ့သည်။

ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့မှုကို တက်ရောက်လာကြသည့် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက ကြွေးကြော်သံများဖြင့် တစ်ခဲနက်ထောက်ခံခဲ့ကြပြီး အခမ်းအနားရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# လူထုအတွက် လူထုဗဟိုပြုစီမံကိန်း

ညိုလဲ့(CDD Project)

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာ အခုဆိုရင် တတိယနှစ် ရောက်လာပြီဖြစ်ပါတယ်။ စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်တဲ့အချိန်ကတော့ ကမ္ဘာ့ဘဏ်ရဲ့ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ နဲ့ မြို့နယ် ၁၅ မြို့နယ်အတွက်သာ ရည်ရွယ်ခဲ့ပေမယ့် အခုအခါမှာတော့ အကောင်အထည်ဖော် ဆောင်ရွက်မှုရလဒ်တွေအပေါ်မူတည်ပြီး စီမံကိန်း တိုးချဲ့ဆောင်ရွက်ဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အတိုးမဲ့ ချေးငွေ သန်း ၄၀၀ ထပ်မံရရှိခဲ့ပြီဖြစ်တာကြောင့် မြို့နယ်ပေါင်း ၆၀ ကျော်မှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။**

မူလအစီအစဉ်အရ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီက မြို့နယ်တစ်မြို့နယ်နဲ့ နေပြည်တော်ကောင်စီနယ်မြေက တစ်မြို့နယ်အပါအဝင် စုစုပေါင်းမြို့နယ် ၁၅ မြို့နယ်မှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်လို့ တစ်နှစ်ချင်းစီအတွက် လျာထားတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ စီမံကိန်းမြို့နယ်ရွေးချယ်ရေး အကြံဉာဏ်ရယူခြင်း အစည်းအဝေးတွေကျင်းပပြီး ဦးစားပေးမြို့နယ်တွေ ရွေးချယ်ခဲ့ပါတယ်။ မြို့နယ်ရွေးချယ်တဲ့ အကြံဉာဏ်ရယူခြင်း အစည်းအဝေးဆိုတာ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အတွင်းက မြို့နယ်အားလုံးမှာရှိတဲ့ဌာနဆိုင်ရာ တာဝန်ရှိသူတွေ၊ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီအသီးသီးက ကိုယ်စားလှယ်တွေနဲ့ မီဒီယာတွေကိုယ်တိုင်တက်ရောက်ပြီး အဖွဲ့ငယ်လေးတွေအလိုက် စီမံကိန်းအတွက် အသင့်လျော်ဆုံးဖြစ်မယ့် မြို့နယ်ကို အဆိုပြုတင်ပြကြရတာ ဖြစ်ပါတယ်။ အစည်းအဝေးမကျင်းပမီ ၁၄ ရက်ကြိုပြီး တက်ရောက်မယ့်ပုဂ္ဂိုလ်အားလုံးကို ဖိတ်ကြားခဲ့တာကြောင့် စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်တဲ့အခွင့်အရေးလည်းရရှိပါတယ်။ စီမံကိန်းမြို့နယ်ရွေးချယ်ရာမှာ ဆင်းရဲမွဲတေမှုက အခြေခံမှုဖြစ်ပါတယ်။ အဲ့ဒီအပြင် အလားတူထောက်ပံ့မှုမျိုးမရရှိတာ၊ မြို့နယ်ဒေသအာဏာပိုင်များရဲ့ စီမံကိန်းအပေါ် လိုလားမှုနဲ့ မြို့နယ်တည်ငြိမ်အေးချမ်းမှု၊ မြို့နယ်တွင်း စီမံကိန်း လွယ်ကူစွာ ဝင်ရောက်နိုင်မှုတွေကိုလည်း ထည့်သွင်းစဉ်းစားပါတယ်။

အစည်းအဝေးမှာ တက်ရောက်လာတဲ့သူတွေအားလုံး အဖွဲ့ငယ် ၁၀ ဖွဲ့ခွဲပြီး တစ်ဖွဲ့ချင်းစီက ဦးစားပေး သုံးမြို့နယ်စီရွေးချယ်တာဖြစ်လို့ အဖွဲ့တစ်ဖွဲ့ချင်းစီရဲ့ ဦးစားပေးအစီအစဉ်အပေါ် အမှတ်ပေးပြီး ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး ရွေးချယ်တာဖြစ်ပါတယ်။ မြို့နယ်ရွေးချယ်ရာမှာ ကမ္ဘာ့ဘဏ်ကရွေးချယ်မှု မပြုနိုင်ပါဘူး။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း ရွေးချယ်ခွင့်မရှိပါဘူး။ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်နဲ့အစိုးရအဖွဲ့က

**စီမံကိန်းရဲ့ အဓိကအနှစ်သာရက ငွေကြေးထောက်ပံ့ပေးရုံမဟုတ်ဘဲ လူထုရဲ့ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးတဲ့စီမံကိန်းဖြစ်ပါတယ်။ ဒါကြောင့် စီမံကိန်းကရရှိလာတဲ့အလေ့အကျင့်ကောင်းလေးတွေကို မပျောက်မပျက်အောင် ရေရှည်ထိန်းသိမ်းကြရင်း လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်**

လည်း မရွေးချယ်ရပါဘူး။ တက်ရောက်လာတဲ့အဆင့်အသီးသီးက ဌာနဆိုင်ရာအကြီးအကဲတွေ၊ တိုင်းရင်းသားကိုယ်စားလှယ်တွေ၊ လွှတ်တော်အမတ်တွေ၊ ရပ်မိ/ရပ်ဖတွေနဲ့ အခြားတက်ရောက်သူတွေက ရွေးချယ်ပါတယ်။ မြို့နယ်ရွေးချယ်ရေးအကြံပေးအစည်းအဝေးကို တိုင်းဒေသကြီး/ပြည်နယ် မြို့နယ်အသီးသီးမှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးက ရလဒ်တွေအတိုင်းပဲ အဆင့်ဆင့်အကဲဖြတ်ပြီး နောက်ဆုံးမှာ ကမ္ဘာ့ဘဏ်က ကန့်ကွက်ရန်မရှိကြောင်း အတည်ပြုချက်ရရှိပြီဆိုရင်တော့ အဲ့ဒီမြို့နယ်မှာ စီမံကိန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိပြီ ဖြစ်ပါတယ်။

မူလစီမံကိန်း ရည်ရွယ်ချက်မှာကတည်းက တိုးချဲ့ထောက်ပံ့ငွေရရှိမယ်ဆိုရင် ဒုတိယဦးစားပေး တတိယဦးစားပေး မြို့နယ်တွေကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လျာထားခဲ့တာကြောင့် အခုတတိယနှစ်မှာဆိုရင် ပထမဦးစားပေးမြို့နယ်တွေအပြင် ဒုတိယဦးစားပေး မြို့နယ်တွေကိုပါ စတင်အသုံးပြုဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

အခုလို စီမံကိန်းတိုးချဲ့ဆောင်ရွက်ခွင့်ရရှိတာက စီမံကိန်းအကောင်အထည်မဖော်ခင်ကတည်းက အဘက်ဘက်ကပြီးပြည့်စုံအောင် ကြိုတင်စဉ်းစားထားခဲ့တဲ့ အကောင်အထည်ဖော်ခြင်း နည်းလမ်းအဆင့်ဆင့်တွေကြောင့်ဖြစ်သလို တစ်ဖက်ကလည်း လက်တွေ့အကောင်အထည်ဖော်ရာမှာ ရရှိခဲ့တဲ့အောင်မြင်မှုရလဒ်တွေ၊ လူထုရဲ့ တက်ကြွစွာပူးပေါင်းပါဝင်မှုနဲ့ နိုင်ငံတကာအဖွဲ့အစည်းအဝေးရဲ့ စီမံကိန်းရလဒ်အပေါ် ကျေနပ်လက်ခံမှုကြောင့်ဆိုရင်လည်း ငြင်းလို့မရပါဘူး။ စီမံကိန်းအကြောင်း ရှင်းပြတဲ့ ကျေးရွာမိတ်ဆက်အစည်းအဝေးမှာ စီမံကိန်းကော်မတီဝင် ရွေးချယ်တာကစလို့ စီမံကိန်းစက်ဝန်းတစ်ခုလုံး ကျေးရွာလူထုအားလုံးကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့်ရပါတယ်။ ဆင်းရဲချမ်းသာမရွေး၊ ကျားမတန်းတူ၊ လူမျိုး၊ ဘာသာမခွဲခြားဘဲ ပါဝင်ဆောင်ရွက်ကြပါတယ်။ စီမံကိန်း အစအဆုံး ဆုံးဖြတ်ချက်အားလုံး ကျေးရွာလူထုကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ပေးထားပါတယ်။ နည်းလမ်းတကျ အကောင်အထည်ဖော်နိုင်ဖို့အတွက်လည်း ကျေးလက်ဦးစီးဝန်ထမ်းတွေနဲ့ စီမံကိန်းဝန်ထမ်းတွေက ကူညီပေးပါတယ်။

လူထုဗဟိုပြုစီမံကိန်းက ကျေးရွာတစ်ခုချင်းစီအတွက် ရွာသူ ရွာသားများဆန္ဒအရ ဦးစားပေးအစီအစဉ်များအတိုင်း ဆောင်ရွက်တဲ့အခြေခံအဆောက်အအုံကို ထောက်ပံ့ပေးတဲ့ စီမံကိန်းဖြစ်ပေမယ့် လူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေဖို့ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဝယ်ယူရေးဆပ်ကော်မတီ၊ စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီနဲ့ လုပ်ငန်းလည်ပတ် ထိန်းသိမ်းရေးကော်မတီခွဲတွေဖွဲ့စည်းပြီး ကိုယ်တိုင်ဆောင်ရွက်နိုင်တဲ့အထိ နည်းပညာပိုင်းဆိုင်ရာများကို သင်ကြားပေးတာဖြစ်ပါတယ်။ ဒီလိုသင်ကြားပေးတဲ့စနစ်တွေကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ဖို့ လူထုကိုယ်တိုင် ဦးဆောင်ပါဝင်ဆောင်ရွက်နိုင်ရုံမျှမက လက်တွေ့ဘဝအတွက် အသုံးချနိုင်တဲ့ ပညာရပ်များကိုပါ လေ့လာသင်ယူခွင့်ရပါတယ်။

မြို့နယ်ရွေးချယ်တဲ့လုပ်ငန်းကစလို့ အကောင်အထည်ဖော်ဆောင်ရွက်တာ၊ စောင့်ကြည့်ကြီးကြပ်တာ၊ ပြန်လည်အကဲဖြတ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း စိတ်ပါဝင်စားသူတိုင်း ပါဝင်ဆောင်ရွက်ခွင့်ပေးထားပါတယ်။ စီမံကိန်းရဲ့ ဆောင်ရွက်ချက်မှတ်တမ်းတွေကို ကျေးရွာကြော်ငြာသင်ပုန်းမှာ ကပ်ထားပေးတာ၊ ကျေးရွာအစည်းဝေးတွေမှာ လူတိုင်းသိရှိအောင် ပြောပြပေးတာ၊ စီမံကိန်းဝက်ဘ်ဆိုက်မှာ ဖော်ပြပေးတာတွေကြောင့် စီမံကိန်းရဲ့အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို ပွင့်လင်းမြင်သာမှုရှိရှိ လူတိုင်း သိရှိခွင့်ရပါတယ်။

စီမံကိန်းတစ်နှစ်ပြီးဆုံးတိုင်း ရရှိလာတဲ့အတွေ့အကြုံတွေကို ပြန်လည်သုံးသပ်ပြီး စီမံကိန်းလက်စွဲကအစ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ရေးဆွဲပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အချိန်အတွင်းမှာလည်း စီမံကိန်းဆောင်ရွက်မှုအပေါ်၊ ကော်မတီဝင်တွေရဲ့ ဆောင်ရွက်ချက်အပေါ် လူထုဝေဖန် အကြံပြုတိုင်ကြားချင်တယ်ဆိုရင် အချိန်မရွေး တိုင်ကြားနိုင်တဲ့စနစ်တွေကိုလည်း ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ပါတယ်။

ကျေးရွာအဆင့် စီမံကိန်းတစ်နှစ် ပြီးဆုံးပြီဆိုတာနဲ့ ကော်မတီဝင်တွေရဲ့ လုပ်ဆောင်နိုင်စွမ်းနဲ့ စီမံကိန်းရဲ့ ရလဒ်ကို ပြန်လည်စစ်ဆေးနိုင်ဖို့ ကျေးရွာလူထုစစ်ဆေးပွဲတွေ ကျင်းပတာမို့ စီမံကိန်းအရည်အသွေးအပေါ် လူထုကိုယ်တိုင် ပြန်လည်သုံးသပ်ခွင့်ရပါတယ်။ ဒီလိုကျေးရွာအဆင့်၊ ကျေးရွာအုပ်စုအဆင့်အလိုက် သုံးသပ် ဆွေးနွေးပြီး ရလာတဲ့ရလဒ်တွေကို မြို့နယ်အဆင့်၊ ပြည်ထောင်စုအလိုက် သုံးသပ်ဆွေးနွေးပွဲတွေပြုလုပ်ပြီး တက်ရောက်လာသူအားလုံးက အကြံပြုဆွေးနွေးကြပါတယ်။ ဒီလို တစ်နှစ်တာလုံး ဆောင်ရွက်ချက်တွေထဲကကောင်းတဲ့ အမူအကျင့်တွေကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ လိုအပ်ချက်တွေကိုဖြည့်ဆည်းနိုင်ဖို့ အမြဲပြင်ဆင်ဆောင်ရွက်နေတာမို့ ပိုမိုကောင်းမွန်တဲ့ရလဒ်တွေ တိုးပွားရရှိလာမယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်။

စီမံကိန်း ဒုတိယနှစ်မှာဆိုရင် မြို့နယ်ကိုးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၁၇၂၉ ရွာအတွက် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၈၀၀ ကျော် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ထောက်ပံ့ငွေကျပ်သန်းပေါင်း ၁၀၂၄၀ ခန့်ရှိပါတယ်။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်တဲ့ အဆင့်တိုင်းမှာ လူထုကိုယ်တိုင် ဦးဆောင်ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ကျေးရွာလူဦးရေ ခုနစ်သိန်းခန့်အတွက် တိုက်ရိုက်အကျိုးပြုနိုင်ခဲ့ပါတယ်။ စီမံကိန်းရဲ့အဓိကအနှစ်သာရက ငွေကြေးထောက်ပံ့ပေးရုံမဟုတ်ဘဲ လူထုရဲ့စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးတဲ့ စီမံကိန်းဖြစ်ပါတယ်။ ဒါကြောင့် စီမံကိန်းကရရှိလာတဲ့ အလေ့အကျင့်ကောင်းလေးတွေကို မပျောက်မပျက်အောင် ရေရှည်ထိန်းသိမ်းကြရင်း လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အားလုံးပူးပေါင်းပါဝင်နိုင်ဖို့ ဆန္ဒပြုရေးသားလိုက်ပါတယ်။




၂၀၁၄ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ကျင်းပခဲ့သည့် လူထုဗဟိုပြုစီမံကိန်းပြည်ထောင်စုအဆင့် သက်ဆိုင်သူအဖွဲ့အစည်းများပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို တွေ့ရစဉ်။ ဓာတ်ပုံ-မွေး/ရေ

## အခြေခံစက်ချုပ်သင်တန်းဆင်း

**မိုးကောင်း နိုဝင်ဘာ ၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံအပ်ချုပ်စက်သင်တန်းအမှတ်စဉ်(၁/၂၀၁၅) ဆင်းပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မိုးကောင်းမြို့ မိုးကောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဇော်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေသူရိန်စိန်လှတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်ဦးစီးဌာနမှူးနှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းထူးချွန်ဆုများ၊ သင်တန်းနည်းပြဆရာမများအတွက် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသော ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းကာလ တစ်လကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(ဝ၆၂)

## စံပြကျေးရွာဆောက်လုပ်မည့်နေရာ စစ်ဆေး

**ဝါးခယ်မ နိုဝင်ဘာ ၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် တည်ဆောက်မည့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ဇုက္ကနိစံပြကျေးရွာသစ် ဆောက်လုပ်မည့်နေရာကို နိုဝင်ဘာ ၅ ရက်က မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်သိန်းနှင့် ဝါးခယ်မမြို့နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများက တံတားတည်မည့်အခြေအနေနှင့်ပစ္စည်းများ စုဆောင်းထားရှိမှုကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါတံတားသည် အလျားပေ ၁၂၀၊ အနံ ၁၂ ပေဖြစ်ပြီး သီဟပြည့်စုံကုမ္ပဏီက တာဝန်ယူဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(ဝါးခယ်မ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ နိုဝင်ဘာ ၇ ရက်တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ရွေးကောက်ပွဲအား ဘက်လိုက်မှုမရှိဘဲ ကျင်းပပေးသွားမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းစွာကျင်းပနိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၆



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် The Carter Center မှ Mr. Jason Carter၊ အိုင်ယာလန်သမ္မတဟောင်း Ms. Mary Robison ခေါင်းဆောင်သော ရွေးကောက်ပွဲလေ့လာရေးအဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမဆောင်၌တွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။** (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းချမှတ်ဆောင်ရွက်ခဲ့မှု၊ ကော်မရှင်ဖွဲ့စည်းပုံ၊ ကော်မရှင်၏ တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးပုံစနစ်၊ မဲစာရင်းပြုစုပုံနှင့် လွှတ်တော်(၃)ရပ် ဖွဲ့စည်းမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် Mr. Jason Carter နှင့် အဖွဲ့ဝင်များ၏ မေးမြန်းချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြောကြားရာတွင် မဲစာရင်း ပြည့်စုံမှန်ကန်ရေးအတွက် ၂၀၁၄ ခုနှစ်မှစ၍ Pilot Project ဖြင့် တစ်နိုင်ငံလုံးအဆင့် အခြေခံ မဲစာရင်းကို ပြုစုခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ မဲစာရင်းတွင် အမည်ပါရှိရေး ပူးပေါင်းဆောင်ရွက်ရန် ပြည်သူလူထုအား အသိပေးနှိုးဆော်ပြီး မဲစာရင်းမှန်ကန်ရေးအတွက် လုံလောက်သောအချိန်ပေးခဲ့ကြောင်း၊ The Carter Center ၏ သိက္ခာသမာဓိရှိမှုကို ယုံကြည်၍ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲဖြစ်မဖြစ်ကို ဥပဒေနှင့်အညီ တိုင်းတာဆုံးဖြတ်ရန်လိုကြောင်း၊ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာပါ အချက်အလက်များသည် ဥပဒေနှင့်ညီညွတ်မှုရှိပါက အလေးထားမည်ဖြစ်ပြီး နိုင်ငံတကာစံနှုန်းများဖြင့်တိုင်းတာမှုကို မှတ်သား၍ လက်ခံနိုင်ပါက မြန်မာမှုပြုကာ နောင်ရွေးကောက်ပွဲများ အတွက် အသုံးပြုသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ် ထုတ်ပြန်မည့် အခြေအနေနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ လွှတ်တော် အသီးသီးအတွက် ပြုစုပြီးသော ရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ရွေးကောက်ပွဲရလဒ် စိစစ်ရေးအဖွဲ့ဖြင့်စိစစ်၍ မီဒီယာ စင်တာမှတစ်ဆင့် အတည်ပြုထုတ်ပြန် ကြေညာမည်ဖြစ်ကြောင်း၊ ကော်မရှင် က အတည်ပြုကြေညာပြီးမှသာ တိုင်း ဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက ကြေညာမည် ဖြစ်ကြောင်း၊ မဲဆန္ဒနယ်ပြင်ပ ကြိုတင် မဲပေးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတိကျ အောင် ဆောင်ရွက်ထားကြောင်း၊ ရွေးကောက်ပွဲကာလအတွင်း အငြင်း ပွားမှုများကို ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့် ဆင့်က ညှိနှိုင်းဖြေရှင်းဆောင်ရွက် ပေးလျက်ရှိကြောင်း၊ ညှိနှိုင်း၍မရပါ က ရဲအရေးပိုင်သောအမှုဖြစ်လျှင် ရဲစခန်းတွင် အမှုဖွင့်၍ တရားရုံး တွင် ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် တရားမဲ့ ပြုကျင့်မှုဖြင့် ကန့်ကွက်လွှာများ တင် လာပါက ကော်မရှင်က ရွေးကောက်ပွဲ ခုံအဖွဲ့များဖွဲ့၍ Open Court ဖြင့် စစ်ပြီး ဆုံးဖြတ်ချက်ကို နိုင်ငံတော် ပြန်တမ်းတွင် ထည့်သွင်းထုတ်ပြန် ပါကြောင်း၊ ယင်းကန့်ကွက်လွှာ အမှုများကို စီရင်ထုံးအဖြစ် ပြုစု ထုတ်ဝေပါကြောင်း၊ ရွေးကောက်ပွဲ ရွှေ့ဆိုင်းထားသည့် ဒေသများအား အေးချမ်းသည့်အချိန်တွင် ကြားဖြတ် ရွေးကောက်ပွဲများ ကျင်းပပေးမည်ဖြစ် ကြောင်း၊ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ရခြင်းမှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ် မဖြစ်ကို ဘက်လိုက်မှုမရှိဘဲ သိက္ခာ ရှိရှိ ထုတ်ပြန်ပေးနိုင်ရေးနှင့် နောင်ရွေးကောက်ပွဲများ အတွက် ကောင်းသော အကြံဉာဏ်များ ရရှိ လို၍ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဂုဏ်သိက္ခာရှိသော နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာ ရေးအဖွဲ့များကို ဖိတ်ခေါ်ခြင်းဖြစ် ကြောင်းနှင့် ရွေးကောက်ပွဲအား ဘက်လိုက်မှုမရှိဘဲ ကျင်းပပေးသွား မည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေး အားလုံးပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း ရှင်းလင်း ပြောကြားသည်။

**(သတင်းစဉ်)**

## မဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်းသည့် ကြေညာချက်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

### မဲဆွယ်စည်းရုံးခြင်းနှင့် စပ်လျဉ်းသည့်ကြေညာချက်

**နေပြည်တော်၊ နိုဝင်ဘာ ၆**

၁။ မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုရမည်ကို အေးချမ်းစွာစဉ်းစားဆုံးဖြတ်နိုင်ရန် ၆-၁၁-၂၀၁၅ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၈-၁၁-၂၀၁၅ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည်ဟု ကြေညာချက်အမှတ်(၆၈/၂၀၁၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။
၂။ အဆိုပါကာလအတွင်း မဲရုံမှ ကိုက်(၅၀၀)အတွင်း၌ ဖြစ်စေ၊ အပြင်၌ ဖြစ်စေ လုံးဝမဲဆွယ်စည်းရုံးခြင်း ပြုလုပ်ခွင့်မရှိပါ။
၃။ ရွေးကောက်ပွဲကျင်းပပြီးသည်နှင့် မဲဆွယ်စည်းရုံးရေးကာလသည်လည်း ကုန်ဆုံးသွားပါသည်။ မဲဆွယ်စည်းရုံးခြင်းကာလ ကုန်ဆုံးပြီးနောက်ပိုင်း စုဝေးခြင်း၊ လှည့်လည်ခြင်း၊ ဟောပြောခြင်းသည် ဒေသဆိုင်ရာ အာဏာပိုင်များ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များအား တင်ပြခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များအား လဲလှယ်ခွင့်မရှိကြောင်း ကြေညာချက်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

### ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များအား လဲလှယ်ခွင့်မရှိကြောင်း ကြေညာချက်

**နေပြည်တော်၊ နိုဝင်ဘာ ၆**

၁။ မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလက်မှတ်ထုတ်ယူချိန်၌ မဲလက်မှတ်စုတ်ပြဲနေလျှင် လည်းကောင်း၊ မှတ်သားထားသည်ဟု ယူဆရသော အမှတ်အသားများနှင့် အစွန်းအထင်းများ ပါရှိနေလျှင် လည်းကောင်း မဲလက်မှတ်အား ပြန်လည်လဲလှယ်ပေးရန် တောင်းဆိုနိုင်ပါသည်။
၂။ ဆန္ဒမဲလက်မှတ်အား ဆန္ဒပြုပြီးချိန်တွင် လဲလှယ်ပေးရန်တောင်းဆိုက လဲလှယ်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အထွေထွေရွေးကောက်ပွဲတွင် ဖြူးမြို့နယ်၌ ပြည်သူများ မဲပေးနိုင်ရန် မဲရုံပေါင်း ၂၁၁ ရုံ ဖွင့်လှစ်ထား

**ဖြူး နိုဝင်ဘာ ၆**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် ဒေသကြီးငါးခုခွဲ၍ ဇုန်များသတ်မှတ်ကာ ဖြူးဇုန်၊ ဇေယျဝတီဇုန်၊ ကညွတ်ကွင်းဇုန်၊ ညောင်ပင်သာဇုန်နှင့် အုတ်ဖြတ်ဇုန်တို့တွင် မဲရုံပေါင်း ၂၁၁ ရုံဖွင့်လှစ်၍ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပါတီစုံရွေးကောက်ပွဲတွင် ပါတီများဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တောင်သူလယ်သမားပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ လမ်းပြကြယ်ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီနှင့် တစ်သီးပုဂ္ဂလအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ငါးဦး၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးနှင့် တိုင်းဒေသကြီး (၂)လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံသွားမည်ဖြစ်ကြောင်း ဈေးရပ်ကွက် ရပ်ကွက်ကော်မရှင်ရုံးတွင် ကပ်ထားသောစာရင်းများအရ သိရသည်။

**ဖြူး-မြင့်ဦး**

## မဲဆန္ဒရှင်များ ကြိုတင်မဲပေး

**ဖလမ်း**

ချင်းပြည်နယ် ဖလမ်းမြို့ပေါ် လေးရပ်ကွက်တွင် အရေးကြီးခရီး ထွက်ခွာရန်ရှိသည့် ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ရမည့် ဝန်ထမ်းများနှင့် မဲဆန္ဒရှင်ပြည်သူများက ကြိုတင်မဲများကို နိုဝင်ဘာ ၁ ရက်မှစတင်ကာ ကြိုတင်မဲများပေးကြပြီး နိုဝင်ဘာ ၅ ရက်အထိ ကြိုတင်မဲပေးသူပေါင်း ၈၄ ဦးကျော်ရှိပြီဖြစ်ကြောင်း အဆိုပါရပ်ကွက်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများထံမှ သိရသည်။

ဖလမ်းမြို့ပေါ်၌ ရပ်ကွက် လေးရပ်ကွက်ရှိပြီး ဗလိုင်ရပ်ကွက်တွင် မဲရုံငါးရုံ ကြိုတင်ဆန္ဒမဲပေးသူ ၇၂ ဦး ၊ ဖာရ်ထောက်ရပ်ကွက်တွင် မဲရုံနှစ်ရုံ ကြိုတင်ဆန္ဒမဲပေးသူတစ်ဦး၊ တလန်လိုရပ်ကွက်တွင် မဲရုံခြောက်ရုံ ကြိုတင်ဆန္ဒမဲပေးသူ ရှစ်ဦးနှင့် ကျင်မွာလ်ရပ်ကွက်တွင် မဲရုံခုနစ်ရုံ ကြိုတင်ဆန္ဒမဲပေးသူသုံးဦး ကြိုတင်ဆန္ဒမဲပေးသူ စုစုပေါင်း ၈၄ ဦးကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**မအူပင်**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်၌ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ပါဝင်ဆောင်ရွက်ကြမည့် တာဝန်ရှိနိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးချို့တဲ့သူများ၊ သက်ကြီးရွယ်အိုများ၊ ဆေးရုံတက်နေသူများ၊ အချုပ်ကျ၊ အကျဉ်းကျ စသည့် မဲဆန္ဒရှင်များ မိမိ၏ကိုယ်ပိုင်ဆန္ဒမဲမဆုံးရှုံးရေးအတွက် ကြိုတင်မဲများကို နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်များတွင် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မိမိတို့ပိုင်နက်နယ်မြေ မပျက်မယွင်းဘဲ အစွန့်ရှည်တည်တံ့နိုင်အောင် ထာဝရထိန်းသိမ်းကာကွယ်စောင့်ရှောက်

**နေပြည်တော် နိုဝင်ဘာ ၆**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ခန်းမ၌ လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖုန်းမြတ်တို့နှင့်အတူ နံနက်ပိုင်းက လားရှိုးတပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် စစ်သည်များကို တစ်ဦးချင်း ကျန်းမာရေးအခြေအနေများကိုမေးမြန်းကာ ရင်းရင်းနှီးနှီး အားပေးစကားပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလားတူ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးကုသဆောင်၌ ကုသလျက်ရှိသော လူနာများကို ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တိုင်းစစ်ဌာနချုပ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မိမိတို့နိုင်ငံသည် အဓိကတိုင်းရင်းသားလူမျိုးများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အပါအဝင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုပေါင်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ချစ်ကြည်ရင်းနှီးစွာ ရောနှောနေထိုင်ကြလျက်ရှိရာ မိမိတို့တပ်မတော်သည်လည်း ယင်းတိုင်းရင်းသားလူမျိုးများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့တပ်မတော်သား အရာရှိ၊ စစ်သည်အားလုံးတို့သည် ပြည်ထောင်စုစိတ်ဓာတ် တစ်နည်းအားဖြင့် မြန်မာစိတ်ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအား ကမ္ဘာတည်သရွေ့ မိမိတို့ပိုင်နက်နယ်မြေ မပျက်မယွင်းဘဲ အစွန့်ရှည်တည်တံ့နိုင်အောင် အချုပ်အခြာအာဏာ လက်လွှတ်မဆုံးရှုံးရအောင် ထာဝရထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး လေးရပ်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြီး တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးအပါအဝင် ညီညွတ်မှုတသော အုပ်ချုပ်မှု၊ ခေါင်းဆောင်မှုပေးရာတွင်လည်း ဖခင်စိတ်နှင့်ခေါင်းဆောင်စိတ်တို့အား မျှတစွာခေါင်းဆောင်မှုပေးနိုင်ရန် လိုအပ်မှုတို့အား မှာကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် သုတရသ စာအုပ်စာစောင်များနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(မြဝတီ)**

# အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းသည့် အမျိုးသားအဆင့်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံတွင် ထိရောက်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အခွင့်အရေးဆိုင်ရာ တရားစီရင်ရေးစနစ်ပေါ်ထွက်လာစေရန်နှင့် မြန်မာနိုင်ငံနှင့် EU အကြား ပိုမိုဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် အောင်မြင်လာနိုင်စေရန်အတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် EU-ASEAN Project on the Protection of Intellectual Property Rights (ECAP III)တို့ ပူးပေါင်း၍ တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရမည့် အဖွဲ့အစည်းများနှင့် ပြင်ပဥပဒေပညာရှင်များအတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အမျိုးသားအဆင့် ဆွေးနွေးပွဲကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။ ယင်းဆွေးနွေးပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများ ပြဋ္ဌာန်းပြီးနောက် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး တည်ထောင်ရန်၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ချိုးဖောက်မှုများနှင့် အခြားဆက်စပ်နေသော အမှုကိစ္စရပ်များကို စီရင်နိုင်မည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်တရားရုံးများကို တည်ထောင်ရန်၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်ကို အကောင်အထည် ဖော်နိုင်ရန်အတွက် မူဝါဒများနှင့် အမျိုးသားအဆင့် မဟာဗျူဟာများကို ချမှတ်ရန်နှင့် လိုအပ်သည့် လူသားအရင်းအမြစ် များကို ပြုစုပျိုးထောင်ရန်တို့ ဖြစ်ပါကြောင်း၊ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းမည့် တရားသူကြီးများ၊ အစိုးရရှေ့နေများ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရမည့် အဖွဲ့အစည်းများ၊ ပြင်ပဥပဒေပညာရှင်များနှင့် ယင်းအမှုကိစ္စရပ်များကို ဆုံးဖြတ်ချက်ချမှတ်မည့် တရားစီရင်ရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ သက်ဆိုင်ရာ အသိပညာများ တိုးတက်ပြန့်ပွားစေရန် ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများကလည်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ချိုးဖောက်မှုများနှင့် စီရင်ပိုင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရင်းနှီးပွင့်လင်းစွာ ပါဝင်ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျာမနီနိုင်ငံ Munich မြို့မှ ရှေ့နေဖြစ်သူ Prof. Dr. Alexander Von Muehlendahl က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ချိုးဖောက်မှုများနှင့် စီရင်ပိုင်ခွင့်ဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အဏုမြူစွမ်းအင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တရားရေးအရာရှိများ၊ ဥပဒေပညာရှင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လားရှိုးမြို့ ကောက်ကွေ့ဆည် တိုးချဲ့ရေပေးရေးစက်ရုံ ၁၅၀၀၀ ဂါလန်ဆံ့ ရေစုကန်နှင့် ဂါလန်တစ်သိန်းဆံ့ ရေစုကန်ဖွင့်ပွဲကျင်းပ

**လားရှိုး နိုဝင်ဘာ ၆**

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ထောက်ပံ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လားရှိုးမြို့တွင်းသို့ ကောက်ကွေ့ဆည်မှ တိုးချဲ့မြို့ ရေပေးရေး ရေတင်ပို့စက်ရုံနှင့် ၁၅၀၀၀ ဂါလန်ဆံ့ ရေစုကန် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီက လားရှိုးမြို့ ဟူးမွန်ကျေးရွာ ကောက်ကွေ့ဆည်အနီး မင်္ဂလာမဏ္ဍပ်တွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်



ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ပြည်သူများတက်ရောက်ကြသည်။ **(ဝဲပုံ)**

ရှေ့ဦးစွာ ကောက်ကွေ့ဆည်မှ မြို့တိုးချဲ့ရေပေးရေး ရေတင်ပို့စက်ရုံနှင့် ၁၅၀၀၀ ဂါလန်ဆံ့ ရေစုကန်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေတင်ပန့်နှင့် မော်တာအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်ပက်ဖျန်းကာ ရေတင်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လားရှိုးမြို့ ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းအိမ်ရာအနီး ဆောက်လုပ်ထားရှိသည့် ဂါလန်တစ်သိန်းဆံ့ ရေစုကန်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဆက်လက်၍ လားရှိုးမြို့ မြို့တော်ခန်းမ၌ ကောက်ကွေ့ဆည် တိုးချဲ့ရေပေးရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ကောက်ကွေ့ဆည် တိုးချဲ့ရေပေးရေးလုပ်ငန်း ဖွင့်ပွဲ အထိမ်းအမှတ် တံဆိပ်များကို ပေးအပ်ကြပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကံမြိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ရေတင်စက်ရုံတည်ဆောက်ခြင်း၊ ရေစုကန်များတည်ဆောက်ခြင်း၊ (500- KVA) ထရန်စဖော်မာ တည်ဆောက်ခြင်း၊ (11-KV) ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ရေတင်ပိုက်လိုင်းများနှင့် ရေပို့ပိုက်လိုင်းများ ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ် ၁၀၀၈၆သိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီရန်ပုံငွေမှ ကျပ် ၁၅၃၉၃ ဒသမ ၃ သိန်း၊ စုစုပေါင်း ၁၁၆၂၅ ဒသမ ၃ သိန်းဖြင့် အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခင်သောက်သုံးရေ လုံလောက်စွာ မပေးဝေနိုင်ခဲ့သည့် မြို့ပေါ်ရပ်ကွက် (၁)၊ ရပ်ကွက်(၉)၊ ရပ်ကွက်(၁၀)နှင့် ရပ်ကွက် (၁၁) တို့တွင် နေထိုင်ကြသည့် ပြည်သူတို့အား ရေပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ရွေးကောက်ပွဲသို့လေ့လာသည့် ပြည်တွင်းပြည်ပမှ လေ့လာသူများကိစ္စနှင့် မြန်မာနိုင်ငံနှင့် ကာတာစင်တာတို့အကြား ပူးပေါင်းဆောင်ရွက်မှုများဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲသို့ လာရောက်လေ့လာလျက်ရှိသည့် ကာတာစင်တာမှ အိုင်ယာလန်သမ္မတဟောင်း မစ္စမယ်ရီ ရော်ဘင်ဆင်ဦးဆောင်သည့် ကာတာစင်တာဘုတ်အဖွဲ့၏ ဥက္ကဋ္ဌအသစ် မစ္စတာ ဂျေဆန်ကာတာ၊ နီပေါရွေးကောက်ပွဲကော်မရှင် အကြီးအကဲဟောင်း မစ္စတာ ဘိုရာဂျ်ပိုကာရာလ်တို့ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် အထွေထွေရွေးကောက်ပွဲကျင်းပမည့်ကိစ္စ၊ ရွေးကောက်ပွဲသို့ လေ့လာသည့် ပြည်တွင်း ပြည်ပမှ လေ့လာသူများကိစ္စ၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုကိစ္စရပ်များ၊ မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဆိုင်ရာ ကိစ္စ၊ မြန်မာနိုင်ငံနှင့် ကာတာစင်တာတို့အကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

**(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ စာရေးဆရာအသင်းဗဟိုအမှုဆောင်ကော်မတီ လပတ်စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီလပတ်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် ဒုတိယ ဥက္ကဋ္ဌများ၊ အမှုဆောင်ကော်မတီဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ရေးကိစ္စ၊ အသင်းကြီး၏ နှစ်ပတ်လည် ညီလာခံခေါ်ယူရေးကိစ္စများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် ဆွေးနွေးတင်ပြကြသည်။ ထို့နောက် လစ်လပ်နေသော တာဝန်များကို အစားထိုးရွေးချယ်ခဲ့ကြရာ တွဲဖက်အတွင်းရေးမှူး(၁) ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)ကို အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)ကို တွဲဖက်အတွင်းရေးမှူး(၁) အဖြစ်လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၃) ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)ကို တွဲဖက်အတွင်းရေးမှူး(၂) အဖြစ်လည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးကြိုင်မြင့် (မောင်ရန်ရှင်း)ကို ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာတင်အောင်ရွှေ(သုတေသီ)ကို ပြန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ စာရင်းစစ်အဖွဲ့ဝင် ဦးစိန်လှ(သိပ္ပံစိုးမြင့်နိုင်)ကို စာရင်းစစ်ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးသန်းလှိုင် (တက္ကသိုလ်သခ်)ကို စာရင်းစစ်အဖွဲ့ဝင်အဖြစ်လည်းကောင်း ရွေးချယ်တာဝန်ပေးအပ်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်လျက်ရှိ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အပြုသဘောပူးပေါင်းဆောင်ရွက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြောကြား

**ဂျီနီဗာ နိုဝင်ဘာ ၆**




ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် နိုဝင်ဘာ ၆ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပလျက်ရှိသည့် (၂၃)ကြိမ်မြောက် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေ ပုံမှန်သုံးသပ်သည့် (Universal Periodic Review-UPR)အစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးတွင် မြန်မာ ကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးရာတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ငါးနှစ်စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး အာဆီယံနှင့် အမေရိကန်တို့နှင့်ပါ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လူကုန်ကူးမှုကျူးလွန်သူ ၂၀၀ ဦးကိုလည်း ဥပဒေနှင့်အညီ ဖမ်းဆီးတရားစွဲဆို အရေးယူခဲ့ပါကြောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကိုလည်း ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့နှင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့(FATF)တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်၍ လူ့အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မျက်နှာစာအသီးသီးတွင် တိုးတက်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်ပါရန် ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးအတွက် အလုပ်သမားဥပဒေများကိုလည်း ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ အဓမ္မခိုင်းစေမှုပပျောက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်လျက်ရှိ**

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့က ရခိုင်ပြည်နယ်အတွင်း လူ့အဖွဲ့အစည်းများအတွက် လိုအပ်လျက်ရှိသည့် လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်သားအဖြစ် စုဆောင်းခြင်းမှ ကာကွယ်မှုနှင့် လုံးဝပပျောက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကလေးများ ငွေကြေးရန်ပုံငွေအဖွဲ့ အစည်းနှင့် လူမှုအသိုက်အဝန်းအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်း၍ ကလေးသူငယ် အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ရန်ကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့်အစိုးရတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ဆောင်ရွက်ပြီးချိန်မှစ၍ အရွယ်မရောက်သေးသူ တပ်မတော်သား ၆၄၅ ဦးကို နုတ်ထွက်ခွင့်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့နည်းတူ အသိပညာပေးလုပ်ငန်းများကိုလည်း နိုင်ငံအနှံ့ တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး တားမြစ်ချက်ချိုးဖောက်သော တာဝန်ရှိသူ အရာရှိ ၅၆ ဦးနှင့် အခြားအဆင့် ၂၈၃ ဦးကိုလည်း အရေးယူခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပဋိပက္ခဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု မရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင်လည်း ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းများနှင့်ပတ်သက်၍ တားဆီးကာကွယ်သည့် ပြဋ္ဌာန်းချက်များ ပါဝင်ပါကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် အချိန်မှစ၍ ပေါ်ပေါက်ခဲ့သော လက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍတွင် မူလတန်း၊ အလယ်တန်းများကို အခမဲ့ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးထားခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းများအတွက် ကျောင်းသုံးစာအုပ်များကို ထောက်ပံ့ကူညီပေးနိုင်ခဲ့ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ နိုင်ငံသားအားလုံးကို တရားဥပဒေ၏ အကာအကွယ် တန်းတူပေးထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ဥရောပသမဂ္ဂ(EU)နှင့် Rule of Law Seminar ကို ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ထို့ပြင် ဥပဒေဆိုင်ရာ အသိပညာပေးလုပ်ငန်းများ အဖြစ် အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ဥပဒေအကျိုးဆောင် အဖွဲ့များနှင့် ပူးပေါင်း၍ အကြိမ် ၅၀ ခန့် ပြုလုပ်ခဲ့ပါကြောင်း၊ တည်ဆဲဥပဒေများကိုလည်း ခေတ်စနစ်နှင့်အညီ ပြုပြင်ရေးဆွဲဆောင်ရွက်ခဲ့ရာ အစိုးရသစ်လက်ထက်တွင် ဥပဒေစုစုပေါင်း ၁၈၉ ခုခန့် ပြင်ဆင်/ဖြည့်စွက် ပြဋ္ဌာန်းပေးခဲ့ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးအတွက် အလုပ်သမားဥပဒေများကိုလည်း ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ အဓမ္မခိုင်းစေမှုပပျောက်ရေး၊ ကလေးအလုပ်သမား ပပျောက်ရေးနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့်လျော်ညီစွာ ငြိမ်းချမ်းစွာစုဝေးခွင့်၊ တန်းစီလှည့်လည်ခွင့် အသင်းအဖွဲ့များဖွဲ့စည်းခွင့်ဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မြေယာသိမ်းဆည်းမှုများနှင့်ပတ်သက်၍ မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့အထိ မြေဧက ၁၂၀၀၀၀ ခန့်အား မူလပိုင်ရှင်များ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး မြေဧက ၂၄၀၀၀၀ အား ပြန်လည်စွန့်လွှတ်ပြီးဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတစ်ခုတည်းအပေါ်တွင် မူအားဖြင့် ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်များကို ကန့်ကွက်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် လူ့အခွင့်အရေးများ မြှင့်တင်ကာကွယ်ပေးနိုင်လိမ့်မည်ဟု မယုံကြည်ပါကြောင်း၊ ယခု UPR လုပ်ငန်းစဉ်သည် ယုံကြည်မှုအရဆုံးနှင့် အငြင်းပွားဖွယ်မရှိသည့် လူ့အခွင့်အရေးစောင့်ကြည့်မှု ယန္တရားတစ်ခုလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အဓိကအချက် တစ်ခုဖြစ်သည့်အတွက် အထူးအစီရင်ခံစာတင်သွင်းသူ ၏ အစီရင်ခံစာများကို အဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အစီရင်ခံစာတင်သွင်းသူအနေဖြင့် အပြန်အလှန်နားလည်ယုံကြည်မှုကို မြှင့်တင်နိုင်ရေးအတွက် စစ်မှန်သည့် သတင်းအချက်အလက်များကို စုစည်းသွားရန် တိုက်တွန်းပါကြောင်း၊ မြန်မာပြည်သူများအနေဖြင့် အခြေခံလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများကို ပိုမိုတိုးတက်ရရှိပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီတို့၏ အစီအစဉ်များတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကိစ္စအား ဆက်လက်ဆွေးနွေးရန် မလိုအပ်တော့ဟု အပြည့်အဝယုံကြည်ပါကြောင်း ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲပြစ်တင်ထားရှိသည့် မဟုတ်မမှန် စွပ်စွဲချက်များအား ပြန်လည်တုံ့ပြန် ဆွေးနွေးနိုင်ရေးအတွက် ဂျီနီဗာမြို့သို့ ကြိုတင်သွားရောက်လေ့လာဆောင်ရွက်ခဲ့ကြပြီး မြန်မာနိုင်ငံအပေါ် အပြုသဘောရှုမြင်ပေးနိုင်ရေးအတွက် ပကတိအခြေအနေမှန်များဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေ ပုံမှန်သုံးသပ်သည့် အစည်းအဝေး(UPR) ကို လေးနှစ်တစ်ကြိမ်ကျင်းပခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ်အဖြစ် သွားရောက် ရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ နိုင်ငံပေါင်း ၉၇ နိုင်ငံမှ တက်ရောက်သူများ၏ လျှပ်တစ်ပြက်မေးမြန်းဆောင်ရွက်မှုများကို မြန်မာကိုယ်စားလှယ်အဖွဲ့က လျှပ်တစ်ပြက်ပြန်လည်တုံ့ပြန်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိန္ဒိယသံအမတ် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် တွေ့ဆုံ



**တောင်ကြီး နိုဝင်ဘာ ၆**

တောင်ကြီးမြို့ ကမ္ဘောဇရိပ်သာ၌ နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက အိန္ဒိယသံအမတ်ကြီး ကော်ဒမ်မူခိုပါဒယသည် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို လာရောက်တွေ့ဆုံကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် အိန္ဒိယသံအမတ်ကြီးက နိုဝင်ဘာ ၈ ရက် တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ စီစဉ်ဆောင်ရွက်ထားရှိမှုကို လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ မိမိ၏ အတွေ့အကြုံများကိုလည်း လာရောက်ဆွေးနွေးရခြင်းဖြစ်ပြီး ယခုလို ကော်မရှင်အဖွဲ့နှင့် တွေ့ဆုံရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ တာဝန်ရှိသူတစ်ဦးက အိန္ဒိယသံအမတ်ကြီး သိရှိလိုသည်များကို ပွင့်လင်းမြင်သာစွာဖြင့် ပြန်လည်ဖြေကြားသွားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## မဲဆန္ဒရှင်များ သတိပြုရန်

နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ လျှို့ဝှက်ဆန္ဒမဲပြုပြီးသည့်အခါ တစ်စုံတစ်ယောက်က မဲဆန္ဒရှင်အနေဖြင့် မည့်သူအား မဲပေးခဲ့သည်ကို မေးမြန်းလာလျှင် မိမိဆန္ဒအရ ဖြေကြားခြင်းမပြုလိုက မပြုနိုင်ကြောင်းနှင့် မဲဆန္ဒရှင်၏ မဖြေကြားလိုမှုကို အတင်းအကျပ် မေးမြန်းခြင်းသည် ရွေးကောက်ပွဲပြစ်မှုမြောက်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုင်ကြားနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ထားဝယ်ခရိုင်အတွင်းရှိ မဲရုံများတွင် မဲစာရင်းကပ်ထားမှုနှင့် မဲရုံများဖွင့်လှစ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှု

**ထားဝယ် နိုဝင်ဘာ ၆**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၊ တိုင်းဒေသကြီး တာဝန်ခံ ဦးညွန့်တင်၊ တိုင်းဒေသကြီး ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိန်၊ ခရိုင်ကော်မရှင် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၄ ရက်နှင့် ၅ ရက် နံနက် ၈ နာရီမှစ၍ ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်မြို့နယ်၊ ရေဖြူမြို့နယ်၊ လောင်းလုံးမြို့နယ်၊ သရက်ချောင်းမြို့နယ်များရှိ မဲရုံများတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ မဲရုံလုပ်ငန်းလမ်းညွှန်များ၊ မဲပေးခြင်းလုပ်ငန်း အဆင့်ဆင့်များ၊ မဲရုံအဖွဲ့ဝင်များ၏ လုပ်ကိုင်ဆောင်ရွက်ရမည့် မဲလက်မှတ်ထုတ်ပေးခြင်းများ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဆက်လက်၍ အောက်တိုဘာ ၂၉ ရက်မှစ၍ မဲဆန္ဒရှင်များ ကြိုတင်မဲပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မဲစာရင်းကပ်ထားမှု၊ မဲရုံများ ဖွင့်လှစ်နေမှုနှင့် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုများကိုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

# ကော့မှူးနှင့် ကွမ်းခြံကုန်းတွင် ပြည်သူများလွတ်လပ်အေးချမ်းစွာမဲပေးနိုင်ရန် စီမံဆောင်ရွက်ထားဟုသိရ

**ရန်ကုန် နိုဝင်ဘာ ၆**

နိုဝင်ဘာ၈ ရက်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများမဲပေးမည့်နေ့ဖြစ်၍ ပြည်သူများ လွတ်လပ်အေးချမ်းစွာ မဲပေးနိုင်ရန် ဒေသများရှိ မဲရုံများတွင် အဆင်ပြေချောမွေ့စေရန် စီမံဆောင်ရွက်ထားလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့ယ်တို့မှ မဲရုံများကိုလည်း မဲပေးမည့်ပြည်သူများ လွတ်လပ်အေးချမ်းစွာဖြင့် ဆန္ဒမဲပေးနိုင်ရန် တာဝန်ရှိသူများက စီမံဆောင်ရွက်ထားကြောင်း သိရသည်။

"ကွမ်းခြံကုန်းမှာ မဲပေးခွင့်ရှိသူပေါင်း ၈၃၇၆၁ ဦးရှိတယ်။ ကြိုတင်မဲအတွက် ပြည်ပက ၄၄ မဲ၊ ပြည်တွင်း ၈၁ မဲပေးပြီးပါပြီ။နိုဝင်ဘာ ၅ ရက်အထိ ရရှိထားတာပါ။ မဲတံဆိပ်တုံးကို ရှင်းလင်းပြတ်သားမှုဖြစ်အောင် လေဆာတုံးနဲ့ ဆောင်ရွက်ပေးထားပြီးတော့ အလွန်ဖိနှိပ်ဖို့ မလိုသလို၊ ဖွဖွလေးနှိပ်မယ်ဆိုရင်လည်း အရောင်မှိန်နိုင်တယ်ဆိုတာကို သိစေချင်ပါတယ်။ ရပ်ကွက်/ကျေးရွာ ကြိုတင်မဲ ၁၄၀ ကိုတော့ နိုဝင်ဘာ ၄ ရက်ထဲက ရထားပြီးပါပြီ။ မဲပေးတဲ့ပြည်သူတွေ လွတ်လွတ်လပ်လပ်နဲ့ အေးချမ်းစွာမဲပေးနိုင်အောင် မဲရုံပေါင်း ၁၇၈ ရုံကို စီမံထားရှိပြီးတော့ ပါတီခြောက်ပါတီ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ စောင့်ကြည့်လေ့လာရေးအဖွဲ့ အပါအဝင် မဲရုံမှူးတွေကအစ သတ်မှတ်ချက်အတိုင်း လေးစား




လိုက်နာဆောင်ရွက်ဖို့ စေ့စပ်ညှိနှိုင်းရေးကော်မတီနဲ့ ပူးပေါင်းပြီး ငါးကြိမ်တိုင်တိုင် ဆွေးနွေးထားပါတယ်။ အားလုံးအဆင်ပြေပြေနဲ့ အေးချမ်းစွာပြီးစီးအောင်မြင်အောင် ဆောင်ရွက်ထားတာပါ"ဟု ကွမ်းခြံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးညီညီက ပြောသည်။

ကွမ်းခြံကုန်း မြို့နယ်တွင် ရပ်ကွက် ခုနစ်ခု၊ကျေးရွာအုပ်စု ၄၃ ခုနှင့် ကျေးရွာခွဲ ၁၃၈ ရွာရှိပြီး မဲရုံအတွင်းမဲရုံမှူးအပါအဝင် မဲပေးသူများ ဖုန်းဆက်ခွင့်၊ ဓာတ်ပုံရိုက်ခွင့် မရှိကြောင်း၊ မဲပုံးကိုပိတ်သိမ်းရာတွင်လည်း လုံခြုံစိတ်ချမှုရှိစေရန် ဆောင်ရွက်ထားပြီး UEC ကကောင်းမွန်သောစနစ်ဖြင့် မဲပေးနိုင်ရန် စီမံဆောင်ရွက်ထားကြောင်း ဦးညီညီက ဆက်လက်ပြောကြားသည်။

ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်မှာ (၉)မိုင်ကွာဝေးပြီး ကော့မှူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မြတ်က "ကော့မှူးမှာ မဲပေးခွင့်ရှိသူ ၉၂၃၁၈ ဦးရှိတယ် ။ ကြိုတင်မဲက ပြည်ပ ၆၈ ဦး၊ ပြည်တွင်း ၈၀ မဲ ရထားတယ်။ နိုဝင်ဘာ ၅ ရက်အထိပါ။ ရပ်ကွက်ခုနစ်ရပ်ကွက်နဲ့ကျေးရွာပေါင်း ၅၅ ခုမှာ မဲရုံပေါင်း ၁၅၅ ရုံရှိတယ်။ မဲပေးနိုင်တဲ့ပြည်သူတွေ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ် မဲပေးနိုင်အောင် စီမံဆောင်ရွက် ပေးထားပါတယ်" ဟုပြောသည်။

ပင်လယ်အနီးရှိ လက်ခုပ်ကုန်းနှင့်ကွမ်းခြံကုန်းမြို့နယ်မှာ ၁၉ မိုင် ၆ ဖာလုံကွာဝေးပြီး ကွမ်းခြံကုန်းနှင့် လှိုင်သာယာမြို့နယ်မှာ ၄၆ မိုင်ကျော်ကွာဝေးကာ အဆိုပါမြို့နယ်နှစ်မြို့နယ်ရှိ ကိုယ်စားလှယ်လောင်းများနှင့် မဲပေးမည့်ပြည်သူများ လွတ်လပ်အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရန် ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသူများက စီမံဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံ လက်မှတ်ရရှိထားသူများ၏သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်း အမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၆-၁၁-၂၀၁၅) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူနှစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ် လျှောက်ထားသူသုံးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းထုတ်ဝေခွင့်သုံးဦး၊ အထွေထွေထုတ်ဝေခွင့် ၁၀ ဦး၊ ပေါင်းလုပ်ငန်းအသစ် ၁၃ ဦးနှင့် ထုတ်ဝေသူအမည်ပြောင်းတစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၇ ဦးနှင့် အသစ်လျှောက်ထားသူ ၂၄၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀ ဦးနှင့် အသစ်လျှောက်ထားသူ ၆၂၃ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ ၂၀ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၉၁၆ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူနှစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မိုင်းတုံ၌ မဲရုံနှင့် မဲရုံလုံခြုံရေးကွင်းဆင်းစစ်ဆေး

**မိုင်းတုံ နိုဝင်ဘာ ၆**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်သူများအေးချမ်းစွာဆန္ဒမဲပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင် ဦးသန်းဇော်ဦးနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၅ ရက်က မိုင်းတုံမြို့နယ် မိုင်းတုံကျေးရွာအုပ်စု ဂေါ်တောကျေးရွာ၊ ဝမ်ဆာလားကျေးရွာနှင့် မိုင်းကန်ကျေးရွာအုပ်စု ရွှေတောင်ကျေးရွာတို့၌ မဲရုံနှင့် မဲရုံလုံခြုံရေးဆောင်ရွက်ထားမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၁၁-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ တွင် ဖော်ပြပါရှိသည့် မဲဆန္ဒရှင်သက်သေခံလက်မှတ်နှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်၏ အပိုဒ် ၃ တွင် "၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းအား စက်တင်ဘာလ ၇ ရက်မှ ၁၄ ရက်အထိ တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကပ်ထားကြေညာခဲ့သော်လည်း" **(အစား)** "၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းအား စက်တင်ဘာလ ၁၄ ရက်မှ ၂၇ ရက်အထိ တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကပ်ထားကြေညာခဲ့သော်လည်း"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**

# မဲဆွယ်ကြော်ငြာ/ပိုစတာများ ဖြုတ်သိမ်းကြပြီ

**ရန်ကုန် နိုဝင်ဘာ ၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲ၌ ဝင်ရောင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ (၈-၉-၂၀၁၅ ရက် နံနက် ၀၆း၀၀ နာရီမှ ၆-၁၁-၂၀၁၅ ရက် ည ၁၂ နာရီအထိ) ဆောင်ရွက်ခွင့်ပြုခဲ့သည်။ ယနေ့ည ၁၂ နာရီတွင် ရက်ပေါင်း ၆၀ ပြည့်ပြီဖြစ်သည်။

သို့ဖြစ်၍ မြို့၊ ရွာအနှံ့၊ ရပ်ကွက်အဆုံးလမ်းများ၊ ဈေးများ၊ အချက်အချာကျနေရာများ၊ နေအိမ်များစသည်တို့၌ ချိတ်ဆွဲထားကြသည့် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြော်ငြာများ၊ ပိုစတာများ၊ ဗီနိုင်းများကို သက်ဆိုင်ရာပါတီဝင်များက ယမန်နေ့ညနေပိုင်းမှစတင်ကာ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်၊ နတ်မောက်ရပ်ကွက်၊ အလုပ်သမားဆေးရုံကြီးရှေ့နှင့် ကျိုက္ကဆံလမ်းတစ်လျှောက်၊ သိမ်ဖြူလမ်းတစ်လျှောက်တို့၌ ဖြုတ်သိမ်းနေကြသည်ကို တွေ့မြင်ခဲ့ရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ ငြိမ်းချမ်းစွာ အောင်မြင်စေရေးနှင့် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုရမည်ကို အေးချမ်းစွာ စဉ်းစားဆုံးဖြတ်နိုင်ရန်အလို့ငှာ နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီမှ ၈ ရက် ရွေးကောက်ပွဲကျင်းပပြီးသည်အထိ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည်ဖြစ်ကြောင်း၊ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီနောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၈/၂၀၁၅)ဖြင့် အသိပေးထားပြီးဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို သတ်မှတ်ချိန်အထိ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ အဆိုပါ ကြော်ငြာ၊ ပိုစတာများကို ဖြုတ်သိမ်းစေမည်ဖြစ်ကြောင်း၊ ယင်းသို့ ကြော်ငြာ၊ ပိုစတာဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့် ကုန်ကျစရိတ် ကျသင့်ငွေများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းက ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်းလည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ယနေ့ (နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီအထိ) လွှတ်တော်အသီးသီးသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ပိုစတာ၊ ဗီနိုင်းများကို ပါတီအများစုက ဖြုတ်သိမ်းပြီးဖြစ်သော်လည်း အချို့သော ပါတီကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ မဖြုတ်သိမ်းရသေးကြောင်း တွေ့မြင်နေရဆဲဖြစ်သည်။

သို့ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်အသီးသီးသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အသိပေးကြေညာချက်ကို တိကျစွာလိုက်နာခြင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ "ရွေးကောက်ပွဲငြိမ်းချမ်းစွာ အောင်မြင်စေရေးနှင့် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုရမည်ကို အေးချမ်းစွာ စဉ်းစားဆုံးဖြတ်နိုင်ရန်" ဟူသည့် စေတနာမှန်ကို အကောင်အထည်ဖော်ရာ ရောက်မည်ဖြစ်ပါကြောင်း ယုံကြည်မျှော်လင့်ပါသည်။

**ကိုချစ်**

# ပြည်သူများစိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံနှင့် မဲလုံခြုံရေးကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား နိုဝင်ဘာ ၆**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ် တာဝန်ခံ ဦး Nဇော်နော်၊ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးလှဝေနှင့် တာဝန်ရှိသူများ၊ ဦးမြတ်ခိုင်သည် ဝိုင်းမော်မြို့နယ် ဆိုင်လော်ကျေးရွာ၊ မန်ဝိန်းကျေးရွာ၊ ဖုန်တန်ကောင်ကျေးရွာများရှိ မဲရုံနှင့် မဲရုံလုံခြုံရေးတို့ စနစ်တကျစီမံဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




# မဲဆန္ဒရှင်ပြည်သူများ သက်သေခံလက်မှတ်မပါရှိသော်လည်း မဲပေးနိုင်

**နေပြည်တော် နိုဝင်ဘာ ၆**

နိုဝင်ဘာ ၈ ရက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်မပါသော်လည်း မဲထည့်နိုင်သည်ဟု သိရသည်။

မဲဆန္ဒရှင်သက်သေခံလက်မှတ်ပါရှိခြင်းကြောင့် ဆန္ဒမဲပေးခွင့်နှင့်မဲစာရင်းပါရှိကြောင်း ခိုင်လုံစေခြင်း၊ ဆန္ဒမဲပေးရမည့် မဲရုံနှင့်မဲစာရင်း အမှတ်စဉ်များဖော်ပြထားသဖြင့် မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်း ဆန္ဒမဲလက်မှတ်ထုတ်ယူခြင်းများ လွယ်ကူလျင်မြန်မည်ဖြစ်သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒရှင်သက်သေခံလက်မှတ် ထုတ်ယူနိုင်ခြင်းမရှိသူများ မဲဆန္ဒရှင် သက်သေခံလက်မှတ်ပျောက်ဆုံးသူများရှိခဲ့လျှင်လည်း ဆန္ဒမဲပေးခွင့်မဆုံးရှုံးဘဲ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား ကျောင်းသားကတ်၊ ဝန်ထမ်းကတ်အစရှိသည့် ခိုင်လုံသော အထောက်အထားပြ၍ ဆန္ဒပြုမဲပေးနိုင်ကြောင်း နေပြည်တော်ကောင်စီနယ်မြေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(ခွဲ)မှ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ထက်ကျော်က ပြောသည်။

ထို့အပြင် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲဆန္ဒရှင်များလွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေး မဲပေးပုံအဆင့်ဆင့်သရုပ်ပြပုံများ သက်ဆိုင်ရာနယ်မြေမဲရုံများသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုနေ**

# တာပွန်မြို့ရှိ မဲရုံအမှတ်(၁)၌ သတ်မှတ်နယ်မြေများစိုက်ထူ

**နတ်တလင်း နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ရှိ မဲရုံအမှတ်(၁) ၌ နိုဝင်ဘာ ၆ ရက် မွန်းလွဲပိုင်းက ဆန္ဒပြုလာသူများ၊ သတင်းမီဒီယာများ၊ မဲဆွယ်စည်းရုံးသူများအတွက် ကန့်သတ်တားမြစ်မှုများကို သိသာထင်ရှားသတိပြုမိစေရန် အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် မဲရုံမှူး၊ မဲရုံ အဖွဲ့ဝင်များက ပေကြိုးတိုင်းပြီး လိုက်လံမှတ်သားတိုင်များ စိုက်ထူနေသည်။

**တင်မြင့်(နတ်တလင်း)**




# ဖြူးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရန် မိုးစပါး စတင်ရိတ်သိမ်း

**ဖြူး နိုဝင်ဘာ ၆**



ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ မိုးစပါးကို အောက်တိုဘာလနောက်ဆုံးပတ်က စတင်ရိတ်သိမ်းလျက်ရှိရာ **(ယာပုံ)** ရိတ်သိမ်းပြီး စပါးခင်းများကို ဆောင်းသီးနှံမတ်ပဲများ ကြဲပက်စိုက်ပျိုးနိုင်ရေးအတွက် အမြန်ထွန်ယက်လျက်ရှိသည်။

တောင်ငူခရိုင် ဖြူးမြို့နယ်သည် တောင်ငူခရိုင် ခြောက်မြို့နယ်၌ မိုးစပါးနှင့် ဆောင်းသီးနှံမတ်မဲ၊ ပဲတီစိမ်းစသည့်သီးနှံများ အများဆုံး စိုက်ပျိုးလျက်ရှိသော မြို့နယ်ကြီးတစ်ခုဖြစ်ပြီး ၂၀၁၅-၂၀၁၆ မိုးစပါးများကိုလည်း ဖြူးမြို့နယ် ကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ လယ်သမားကြီးများက သတ်မှတ်လျာထားသော မိုးစပါး ၁၅၁၂၈၉ ဧကကို အပြည့်အဝ စိုက်ပျိုးခဲ့ကြသည်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးရွာသွန်းမှုများပြားခဲ့၍ စစ်တောင်းမြစ်အနီးရှိ စိုက်ပျိုးပြီး လယ်ယာမြေ စိုက်ဧက အနည်းငယ် ပျက်စီးခဲ့သော်လည်း ယခုနှစ် မိုးစပါးစိုက်ခင်းအများအပြားမှာ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရသည်။

"ဒီနှစ် မိုးစပါးစိုက်ခင်းများမှာ အများအားဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းလည်း ကောင်းကြမှာပါ။ အခုရိတ်သိမ်းခြွေလှေ့ပြီးစပါးများကို ကြိတ်ခွဲ၍ ဆန်သစ်များကို တစ်တင်းငွေကျပ်နှစ်သောင်းကျော် ရောင်းချရပါတယ်" ဟု ဖြူးအနောက်ဘက် ထန်းပင်ကုန်းရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**မြင့်ဦး(ဖြူး)**

# မိတ္ထီလာကွက်ငယ်ကျေးရွာအုပ်စု၌ မိုးစပါးစံပြ ဧက ၁၀၀ အောင်မြင်ဖြစ်ထွန်း

**မိတ္ထီလာ နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာအုပ်စု၌ ပုလဲသွယ်မိုးစပါးစံပြ ဧက ၁၀၀ စိုက်ခင်း၌ သီးနှံဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ "ကွက်ငယ်ကျေးရွာအုပ်စုအတွင်းက တောင်သူတွေ စုပေါင်းစိုက်ပျိုးထားတဲ့ ပုလဲသွယ်မိုးစပါးစံပြ ဧက ၁၀၀ စိုက်ခင်းအခုချိန်မှာ စပါးသီးနှံတွေနဲ့ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ပုလဲသွယ်က ရက်ပေါင်း ၁၁၅ ရက်ခန့် သက်တမ်းရှိပြီး အထူးအထွက်နှုန်းကောင်းပါတယ်။ တစ်ဧကကို တင်း ၁၅၀ လောက်ထွက်မယ်လို့မှန်းထားပါတယ်။ လာမယ့်ဒီဇင်ဘာလထဲမှာ ရိတ်သိမ်းလို့ရပါပြီ။ အဲဒီအချိန်မှာ တစ်ဧကထွက်ရှိတဲ့နှုန်းကို သေသေချာချာ သိနိုင်မှာဖြစ်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ပြောသည်။

ကွက်ငယ်ကျေးရွာအုပ်စုအတွင်းရှိကျေးရွာများမှာ ပျော်ဘွယ်မြို့နယ်အတွင်းတည်ရှိသည့်ချောင်းကောက်ဆည်နှင့် နီးကပ်စွာတည်ရှိပြီး စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် နှစ်စဉ် မိုးစပါးကို တောင်သူအများစု စိုက်ပျိုးကြပြီး မြေပဲ၊ ငရုတ်၊ နေကြာ၊ နှမ်းသီးနှံများကိုလည်း ရာသီအလိုက်စိုက်ပျိုးကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ထန်တလန်မြို့နယ်၌ မြေငှားဂရန်များ ထုတ်ပေး

**ဟားခါး နိုဝင်ဘာ ၆**

ဟားခါးခရိုင် ထန်တလန်မြို့နယ် ကြောင်ထီးယားကျေးရွာမှ ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်ကြသည့် နေအိမ်ဝိုင်းများအား မြေငှားဂရန်များ ကွင်းဆင်းထုတ်ပေးခြင်းကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက ယင်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ ဟားခါးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ဟားခါးခရိုင်အုပ်ချုပ်ရေးမှူးက အိမ်ထောင်စုပေါင်း ၁၇၆ စုအတွက် မြေငှားဂရန်နှင့် သက်သေခံမြေပုံများကို ကျေးရွာအုပ်ချုပ်ရေးမှူးအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပုလဲသွယ်မျိုးစပါးတစ်ဧက ၁၂၂ ဒသမ ၀၉ တင်းထွက်ရှိ

**အောင်လံ နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ကျီရပ်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၂၀၂ A ) ဦးပိုင် (၆/၂) တောင်သူ ဦးမြင့်၏ ပုလဲသွယ်စပါးစိုက်ခင်း၌ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဌေးမောင်နှင့် ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်းရာ ၁၂၂ ဒသမ ၀၉ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**



# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ နိုဝင်ဘာ ၇ ရက်တွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်တိမ်အသင့်တင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

# နိုဝင်ဘာ ၆ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၁၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၆၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၂၃၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | ပေါ်ဆန်း(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၇၅၀၀ |
| ၇ | မိုးသုခ(ဆန်သစ်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၈ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၈၅၀၀၀ |
| ၉ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၃၀ မှ ၂၅၈၅ |
| ၁၀ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၀၀ မှ ၂၃၀၀ |
| ၁၁ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၆၀၀ |
| ၁၂ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၅၀ မှ ၃၃၀၀ |
| ၁၃ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀ မှ ၁၀၀၀ |
| ၁၄ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၂၀၀ |
| ၁၅ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ |
| ၁၆ | သြဇာသီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ |
| ၁၇ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၄၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ညအပူချိန်များ

ညအပူချိန်များမှာ ကယားပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ထစ်ချုန်းမိုး

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။ မိုး/ဇလ

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၁-၂၀၁၅ရက်ထုတ် ဤသတင်းစာစာမျက်နှာ၂၆ပါ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ (၉)ရပ်ကွက်၊ စိန်စီ ဂုဏ်ရောင်လမ်း၊ အမှတ်-၉၂(က)၊ အလျားပေ(၂၀)×အနံပေ(၆၀)ရှိ မြေကွက်နှင့် ပတ်သက်၍ ဦးသန်းအေး ISN-၅၄၃၆၉၃ နှင့် အများသိစေရန်ကြေညာချက် တွင် ၁၂-၁၁-၂၀၁၅ ရက်အစား ၁၂-၁၁-၂၀၁၄ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မြသီတာဦး ၁၂/တမန(နိုင်)၁၀၉၆၅၇၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၄၂၆၂၃၈

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စီးပွားဇုန်အကွက်၊ ဦးပိုင်အမှတ် (B-၁၃၇)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေအား ဦးလှစုကမြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေအထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၉၊ မြေကွက်အမှတ်-၁၂၇၂၊ မြေကွက်တည်နေရာအမှတ်-၁၂၇၂၊ (၆၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးလှစိန်အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးလှစိန်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးရန်မြင်ဆန်း(ခ)ဦးစိုးမြင့် ၁၃/နခန(ဧည့်)၀၀၀၁၃၈က ပါမစ်မူရင်းအရောင်းအဝယ်အရပ်ကတိစာချုပ်တို့တင်ပြ၍ နှစ်၆၀ မြေငှား(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃/မာန်ပြေ)မြေကွက်အမှတ်(၄၉၀/ခ)မြေကွက်တည်နေရာအမှတ်(၄၉၀/ခ)၊ မြင်ကော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊(၁)ဦးအုန်းမြင့်လှိုင် (၉/ခအစ(နိုင်)၀၀၅၁၅၀)၊(၂)ဒေါ်မြင့်မြင့်အေး (၉/မရမ(နိုင်)၀၄၉၀၂၀)နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်တစ်ဦးဖြစ်သူဦးအုန်းမြင့်လှိုင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဇနီးဖြစ်သူဒေါ်မြင့်မြင့်အေး(၉/မရမ(နိုင်)၀၄၉၀၂၀)ထံမှအထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၁၁၈၁/၂၀၁၃)ရသူ ဦးကျော်မြူး (၉/မရမ(နိုင်)၀၀၄၅၈၇)မှသေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)
မြေစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မြန်မာနိုင်ငံသားများဘဏ်လီမိတက် အစုရှယ်ယာရှင်များအားဖိတ်ကြားခြင်း

ငွေချေးသက်သေခံလက်မှတ်အားအခြေပြု၍ ဤဘဏ်အနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်းခြင်းဆိုင်ရာ အထူးအထွေထွေအစည်းအဝေးတစ်ရပ်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အသိပေးအပ်ပါသည်။ (အသေးစိတ်ကို အစုရှယ်ယာရှင်များထံ ဖိတ်ကြားစာ၌ ဖော်ပြထားပါသည်။)

**ကျင်းပမည့်အချိန်** - ၂၅-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)
**ကျင်းပမည့်ရက်** - နံနက် ၁၀း၀၀နာရီ
**ကျင်းပမည့်နေရာ** - မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ ကျောက်တံတားဘဏ် (ရုံးချုပ်)၊ အမှတ်(၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**ဒါရိုက်တာအဖွဲ့**

ဖုန်း-၀၁-၂၄၅၉၃၂၊ ၀၁-၃၇၇၄၆၃၊ ၀၁-၃၉၁၄၅၄

## တိုက်ခန်းကျယ်ရောင်းမည်

ရန်ကင်းမြို့နယ်၊ MBR 1,BR 2
အဆင့်မြင့်ပြင်ဆင်ပြီး
(1200 Sqft)

ဖုန်း-၀၉-၅၀၄၄၉၂၆

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-7H/7258 Nissan Clipper U71T, Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၆/မမန(နိုင်)၁၄၉၁၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

# နတ်မောက်မြို့နယ်တွင် ကျောင်းသူနှစ်ဦး ကြာပန်းခူးရာမှ ရေနစ်သေဆုံး

**နတ်မောက် နိုဝင်ဘာ ၆**

နတ်မောက်မြို့နယ် မကျီးချိုကျေးရွာအနီးရှိ ရေကန်အတွင်း ကျောင်းသူနှစ်ဦး ကြာပန်းဆင်းခူးရာမှ ရေနစ်သေဆုံးခဲ့မှု နိုဝင်ဘာ ၅ ရက် နံနက်က ဖြစ်ပွားခဲ့ကြောင်း နတ်မောက်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက နတ်မောက်မြို့နယ် မကျီးချိုကျေးရွာတွင် ကလေးနှစ်ဦး သေဆုံးကြောင်း သတင်းအရ နတ်မောက်မြို့နယ် အင်းကန်ရဲကင်းစခန်းမှ ဒုရဲအုပ် သက်ထွေး သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

မကျီးချိုကျေးရွာနေသူများဖြစ်ကြသော မအိမွန်(၁၃ နှစ်) သတ္တမတန်း၊ မငြိမ်းငြိမ်းထွေး(၁၀ နှစ်) စတုတ္ထတန်းနှင့် မောင်အောင်သူ(၁၂ နှစ်) ဆဋ္ဌမတန်းကျောင်းသားသုံးဦးတို့သည် ရိတ်သိမ်းမြေပဲခင်းများအတွင်း မြေပဲကောက်သင်းကောက်နေရာမှ မကျီးချိုကျေးရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာရှိ ကန်ပေါက်ကြီးကန် အကျယ်ပေ ၂၅၀၊ အနက်ပေ ၃၀ ခန့်ရှိသော ရေကန်အနီးအရောက်တွင် မအိမွန်နှင့် မငြိမ်းငြိမ်းထွေး တို့နှစ်ဦးမှာ ကန်ပေါက်ကြီးကန်အတွင်းရှိ ကြာပန်းများခူးရန်အတွက် ရေကန်အတွင်းသို့ ဆင်းသွားခဲ့ရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမှုစစ်ရဲအရာရှိ၏ ကနဦးစစ်ဆေးချက်အရသိရသည်။ ယင်းကလေးငယ်နှစ်ဦး သေဆုံးခြင်းနှင့် ပတ်သက်၍ နတ်မောက်မြို့နယ် မြို့နယ်ရဲစခန်းက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကားဘီးပေါက်သည့်လေးဘီးယာဉ် လမ်းသွားလမ်းလာများဝင်တိုက်

**မန္တလေး နိုဝင်ဘာ ၆**

နိုဝင်ဘာ ၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့တောင်ရဲကင်းမှူး ရဲအုပ် သောင်းထိုက်ဦး အဖွဲ့သည် မန္တလေး-ဗန်းမော်ကားလမ်း မိုင်တိုင်အမှတ် (၆၈/၁) နှင့် (၆၈/၂)အကြား တောင်မှ မြောက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော MAZADA MPV ခဲရောင်ယာဉ်မှာ အရှေ့ဝဲဘက်ဘီး ပေါက်ပြီး ကားလမ်း၏ ဝဲဘက်ကြော(တစ်ဖက်ယာဉ်ကြော)ဘေးရှိ မျက်နှာချင်းဆိုင်မှ လမ်းလျှောက်လာသူ မအေးမာ၊ မြင့်မြတ်ဟိန်းတို့နှင့် ၎င်းတို့၏နောက်မှ ဆိုင်ကယ်ဘီးပေါက်၍ တွန်းလာသူ ထွန်းသင်းတို့သုံးဦးအား ဝင်တိုက်မိရာ ထွန်းသင်း(၃၇ နှစ်)နှင့် မအေးမာ(၃၄ နှစ်)တို့ ဒဏ်ရာများရရှိပြီး (မစိုးရိမ်ရ)၊ မြင့်မြတ်ဟိန်း (၆ နှစ်)မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထီးချိုင့်မြို့မရဲစခန်းက စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# အောက်တိုဘာလအတွင်း လူကုန်ကူးမှု (၁၆)မှုဖြစ်ပွားခဲ့ပြီး တရုတ်နိုင်ငံသို့ အဓမ္မလက်ထပ်ခိုင်းစေမှု (၈)မှုဖြစ်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၆**

လူကုန်ကူးမှု၊လူပွဲစားမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စီမံချက်ရေးဆွဲတားဆီးမှုများ ဆောင်ရွက်နေသော်လည်း မသမာသူဝိသမ စီးပွားရေးသမားများကြောင့် အမျိုးကောင်းသားသမီးများ ဒုက္ခရောက်ကြသည်မှာ လစဉ် ကြားသိနေရသည်။

သို့ပါ၍ အဆိုပါ လူပွဲစား၊ လူကုန်ကူးသူများကို ဥပဒေအရ အရေးယူနိုင်ရန်အတွက် ပြည်သူများကလည်း ဝိုင်းဝန်းကူညီကြရန် လိုအပ်ပေသည်။ ထိုမှသာ လူကုန်ကူးမှုလုပ်ငန်းများ တဖြည်းဖြည်းလျော့နည်းသွားမည်ဖြစ်ပြီး လူပွဲစားများကို ဥပဒေအရ ထိထိရောက်ရောက် အရေးယူနိုင်မှာဖြစ်သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ တစ်နိုင်ငံလုံးတွင် လူကုန်ကူးမှု ၁၀၅ မှု ဖြစ်ပွားခဲ့ရာ အောက်တိုဘာလတွင် အမှုပေါင်း ၁၆ မှုဖြစ်ပွားခဲ့သည်။

လူကုန်ကူးမှုအမျိုးအစားများအနေဖြင့် အဓမ္မခိုင်းစေမှု၊ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေမှု၊ အဓမ္မလက်ထပ်ခိုင်းစေမှုများဖြစ်ပြီး အဓိကအားဖြင့် ထိုင်းနိုင်ငံသို့ အဓမ္မခိုင်းစေမှု တစ်မှု၊ တရုတ်နိုင်ငံသို့ အဓမ္မလက်ထပ်စေမှု ရှစ်မှု၊ မလေးရှားနိုင်ငံသို့ အဓမ္မခိုင်းစေမှု ငါးမှုတို့ဖြစ်ပြီး ပြည်တွင်း၌ အဓမ္မခိုင်းစေမှု တစ်မှု၊ ပြည့်တန်ဆာမှု တစ်မှု စုစုပေါင်း လူကုန်ကူးမှု ၁၆ မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ လူကုန်ကူးမှုကြောင့် တရားခံ ကျား၊ မ ပေါင်း ၂၄ ဦး ဖမ်းဆီးရမိခဲ့ပြီး တရားခံပြေးအဖြစ် ၁၇ ဦး ရှိခဲ့ရာ အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးခံရသူ လူကြီး၊ လူငယ်၊ ကလေး စုစုပေါင်း ၄၀ ရှိခဲ့ပြီး ၎င်းအထဲမှ ၃၅ ဦးကို ပြန်လည်ကယ်ထုတ်နိုင်ခဲ့သည်။

သို့ဖြစ်၍ လူကုန်ကူးမှု လူပွဲစားများအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန် ကလေးသူငယ်များအား အုပ်ထိန်းသူများက ကြီးကြပ်စောင့်ရှောက်ရန် လိုအပ်သကဲ့သို့ လူငယ်များအနေဖြင့်လည်း အသွားအလာဆင်ခြင်သင့်ပေသည်။ ပြည်သူများအနေဖြင့် ရိုးသားမှုကို အခွင့်ကောင်းယူ၍ လူလူချင်းလှည့်ပတ်၍ ဘယ်နိုင်ငံကို အလုပ်ရမယ်၊ လုပ်အားခဘယ်လောက်ရမယ်ဆိုပြီး မက်လုံးပေးစည်းရုံးမှုများကို သတိထားယုံကြည်ကြရန် လိုအပ်ကြောင်းနှင့် လူကုန်ကူးရန်သိမ်းသွင်းသော လူပွဲစားများတွေ့ရှိပါက မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့သို့ အချိန်မီတိုင်ကြားရမည် ဖြစ်သည်။

**သန်းဦး(လေးမျက်နှာ)**

# ပခုက္ကူမြို့နယ်၌ နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ အရက်/ဘီယာဆိုင်များ ရောင်းချခြင်းတားမြစ်ထား

**ပခုက္ကူ နိုဝင်ဘာ ၆**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ မဲပေးသွားရာတွင် စိတ်အနှောင့်အယှက်ဖြစ်စေမည့် ဆူညံသံများ၊ မူးယစ်သောက်စားရမ်းကားမှုများမဖြစ်စေရန်အတွက် ပခုက္ကူမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ကာရာအိုကေနှင့် စင်တင်တေးဂီတဆိုင်များ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်များတွင် အရက်/ဘီယာများကို နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ လုံးဝရောင်းချခွင့်မပြုကြောင်း သိရသည်။

ဤတားမြစ်ချက်ဒေသန္တရအမိန့်ကို လိုက်နာခြင်းမရှိသော ဈေးဆိုင်များအား စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**ဉာဏ်တိုး(ပြန်/ဆက်)**

# လေအေးပေးစက် မီးဖြတ်စက်အပူလွန်ကဲပြီး မီးလောင်မှုဖြစ်

**မန္တလေး နိုဝင်ဘာ ၆**

နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်က မန္တလေးပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက် ၆၃ နှင့် ၆၄ လမ်းကြား မြဝတီမင်းကြီးလမ်းနှင့် သာယာဝတီမင်းကြီး လမ်းကြား ဗ-၁၁/၆၃ တွင် နေထိုင်သော ဒေါ်ချိုမာဦး၏ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းရှိ လေအေးပေးစက်(မီးဖြတ်စက်)အပူလွန်ကဲပြီး ဝိုင်ယာကြိုးများ လောင်ကျွမ်းကာ မွေ့ရာပေါ်သို့ ပြုတ်ကျရာမှ နေအိမ်အပေါ်ထပ်အား မီးကူးစက်လောင်သွားကြောင်း သိရသည်။



အဆိုပါ မီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားကြောင်းနှင့် မီးလောင်မှုကြောင့် နေအိမ်အပေါ်ထပ် ဆုံးရှုံးခဲ့ကြောင်း၊ လူထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ အိမ်ရှင်ဖြစ်သူအား သက်ဆိုင်ရာက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဆိုင်ကယ်နှင့်ကား တိုက်မိ တစ်ဦးသေဆုံး

**မကွေး နိုဝင်ဘာ ၆**

မကွေးမြို့ ကန်သာရပ်ကွက်တွင် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းက ရှေ့မှ မောင်းနှင်နေသော ဆိုင်ကယ်ကို နောက်မှ ကားဖြင့်ဝင်တိုက် ထွက်ပြေးသွားခဲ့ပြီး ဆိုင်ကယ်ပေါ် စီးနင်းလိုက်ပါလာသူ အမျိုးသားတစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးမြို့ ကန်သာရပ်ကွက် သစ္စာလမ်းရှိ ရင်ခွင်ဦး လက်ဖက်ရည်ဆိုင်အနီး ယာဉ်မောင်း (စုံစမ်းဆဲ)(၂၁ နှစ်) မောင်းနှင်ပြီး အလယ်တွင် ကျော်ဇောနိုင်(၂၀ နှစ်)နှင့် နောက်တွင် သူရမျိုးဇော်(၂၀ နှစ်)တို့ လိုက်ပါလာသည့် ဆိုင်ကယ်ကို ပြည်တော်သာလမ်းဘက်မှ အထက် ၁ လမ်းသို့ မောင်းနှင်လာစဉ် အဆိုပါလမ်းအတိုင်း အလားတူ နောက်မှ ယာဉ်မောင်းအမည် (စုံစမ်းဆဲ)ယာဉ်ငယ်တစ်စီး ဝင်တိုက်ပြီး ထွက်ပြေးမောင်းနှင်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်စီးသူ သုံးဦး ဒဏ်ရာရရှိခဲ့သဖြင့် မကွေးပြည်သူ့ဆေးရုံသို့ တင်ပို့ဆေးကုသမှုခံယူခဲ့ရာ သူရမျိုးဇော်မှာ ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း(စုံစမ်းဆဲ)အား ဖော်ထုတ်အရေးယူရန် မြို့မရဲစခန်းက အမှုဖွင့်ထားသည်။

**ကျော်ဇေယျ**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**


## နှစ်(၈၀)ပြည့် မွေးနေ့ဆုမွန်လွှာ

ဦးခင်မောင်အေး (ဥက္ကဋ္ဌ-CB Bank)- ဒေါ်ဝင့်ရည်အေး၊ ဦးကျော်သူရ (ဒါရိုက်တာ-CB Bank)- ဒေါ်ခင်လှလှ (ဒုတိယဥက္ကဋ္ဌ -CB Bank)တို့၏ ချစ်လှစွာသော မိခင်ကြီး **ဒေါ်တင်ထွေး**၏ အသက်(၈၀)ပြည့် မွေးနေ့ရက်မြတ်မှသည် မွေးနေ့နှစ်ပေါင်း(၁၀၀)ကျော်သည့်တိုင် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**CB Bank**

## ဆိုင်ဖွင့်ချိန် ပြောင်းလဲသတ်မှတ်ခြင်း

နိုဝင်ဘာ (၈)ရက် အထွေထွေရွေးကောက်ပွဲနေ့
ဆိုင်ဖွင့်ချိန် မွန်းလွဲ (၁၂:၀၀)နာရီ

လေးစားရပါသော ဈေးဝယ်သူမိတ်ဆွေပြည်သူများ မင်္ဂလာပါ . . .
City Mart Holding Co., Ltd. လက်အောက်ရှိ ဝန်ထမ်းများအားလုံး အဆင်ပြေစွာ မဲပေးနိုင်ရန်အတွက် ဆိုင်ခွဲများအားလုံးကို နိုဝင်ဘာလ(၈)ရက် မွန်းလွဲ (၁၂:၀၀)နာရီမှ စတင်ဖွင့်လှစ်မည် ဖြစ်ပါကြောင်းနှင့် ဆိုင်ပိတ်ချိန်ကိုတော့ ပုံမှန်အတိုင်း ပြောင်းလဲမှု မရှိကြောင်း လေးစားစွာ အသိပေး အကြောင်းကြားအပ်ပါသည်။

အဆင်မပြေမှုများအတွက်တောင်းပန်အပ်ပါသည်။
ကျေးဇူးတင်ပါသည်။

Dear Valued Customers,
In Order to facilitate our CMHL colleagues to exercise their rights to vote, all our outlets will only open for business from 12 noon till normal closing time on the 8th November 2015.

Thank You for your understanding and sorry for any inconveniences.

CMHL Our brands under City Mart Holding Co., Ltd.

# ရွှေစိမ်းစိုက်လို့ ဆင်းရဲမှုလျှော့ချစို့

တက္ကသိုလ်ပွင့်သူအောင်

***မြေပေါ်မြေအောက် သယံဇာတပစ္စည်းများနှင့်ပတ်သက်၍ လူတို့သည် "ရေနံ" ကို "ရွှေမည်း" ဟူ၍လည်းကောင်း၊ "ရော်ဘာ" ကြက်ပေါင်စေးပင်ကို "ရွှေဖြူ" ဟူ၍လည်းကောင်း တင်စားခေါ်ဝေါ်ခဲ့ကြသည်။ ယခုအခါ လူတို့ကိုအကျိုးပြုနေသော "ဝါး" ကို "ရွှေစိမ်း"*** **(Green Gold)** ***ဟူ၍ခေါ်ဝေါ်လာကြသည်။ ဝါးသည်မြက်အကြီးစားတစ်မျိုးဖြစ်သည်။ ဝါးအမျိုးပေါင်းများစွာ ရှိသည့်အနက် ထင်ရှားသောဝါးအချို့မှာ ဝါးပိုးမျက်ဆန်ကျယ်၊ မျှင်ဝါး၊ ဝါးပိုး၊ ဝါးယား၊ တလကူ သို့မဟုတ် ဝါးနက်၊ ဝါးဖြူ၊ မျှင်ဝါးဖြူ၊ ဝါးနု သို့မဟုတ် ဝါးပျဉ်း၊ ကြလို့၊ သိုက်ဝါးပိုး၊ တင်းဝါး၊ ခရင်ဝါး၊ တပင်တိုင်ဝါး၊ ခရောင်းဝါး၊ သိုက်ဝါး၊ ကြသောင်းဝါး၊ ကြခတ်ဝါး၊ သိုက်ဝါးကြီး၊ ထီးဝါး၊ ထီးရိုးဝါး စသည်တို့ဖြစ်သည်။ ယခုမျက်မှောက်ကာလအထိ ဝါးမျိုးပေါင်း ၇၅ မျိုးနှင့် မျိုးစိတ် ၁၂၅၀ ရှိနေပြီဖြစ်သည်။ အထူးသဖြင့် ကမ္ဘာပေါ်တွင် အာရှအပူပိုင်းဒေသ၌ ဝါးမျိုးစု ၄၅ စုနှင့် မျိုးစိတ် ၇၅၀ ရှိသဖြင့် ဝါးအများဆုံး ပေါက်ရောက်သောဒေသပင်ဖြစ်သည်။***

ထို့အပြင် အာဖရိက၊ အမေရိက၊ အာရှနှင့် ပစိဖိတ်ဒေသများ၌တည်ရှိသော အပူပိုင်းဇုန် (Tropical)၊ သမပိုင်းဇုန် (Sub Tropical) နှင့် အအေးသမပိုင်းဇုန် (Temperate) များတွင် ဝါးပင်များသဘာဝ အလျောက်ပေါက်ရောက်လျက်ရှိသည်။ ဝါးပင်အများစုမှာ သမပိုင်းဇုန်ဒေသနှင့် အပူပိုင်းဇုန်ဒေသများ၌ ပေါက်ရောက်နေသည်သာမက ဂျပန်နိုင်ငံနှင့်တရုတ်နိုင်ငံရှိ သမပိုင်းဇုန်၊ ဟိမဝန္တာတောင်တန်းနှင့် အင်ဒီး(စ်) (Andes) တို့တွင်လည်း အနည်းငယ်စီပေါက်ရောက်လျက်ရှိသည်။ သုတေသနပညာရှင်တို့၏ လေ့လာမှုများအရ ကမ္ဘာပေါ်၌ဝါးတောဧရိယာ အများဆုံးတည်ရှိသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ဧရိယာဟတ်တာ လေးသန်းရှိကြောင်း သိရသည်။ ဒုတိယဝါးတောဧရိယာ အများဆုံးမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ဧရိယာ ဟတ်တာ ၂၉၈၀၀၀၀ နှင့် တတိယဝါးတောဧရိယာအများဆုံးမှာ မြန်မာနိုင်ငံဖြစ်၍ ဧရိယာအားဖြင့် ဟတ်တာ ၂၁၇၀၀၀၀ ရှိကြောင်း သိရသည်။

ဝါးပင်များသည် မြောက်လတ္တီတွဒ် ၄၆ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၄၇ ဒီဂရီအတွင်း ပေါက်ရောက်လေ့ရှိပြီး အမြင့်အားဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀ နှင့် ၂၆၀၀ အတွင်းပေါက်ရောက်ကြသည်။ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအနှံ့ ဝါးပင်များပေါက်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ ဝါးများစွာရှိကြသည့်အနက် ဝါးပိုးမျက်ဆန်ကျယ်မှာ ဝါးကြီးမျိုးဖြစ်ပြီး အရင်း၌ပင်လုံးသည် တစ်ပေခွဲ၊ နှစ်ပေနီးပါးရှိ၏။ ဝါးပိုးမျက်ဆန်ကျယ်ကို တောတောင်ထူထပ်သော ဒေသများတွင် တွေ့ရသည်။ ယင်း၏မျှစ်ကိုစားသုံးနိုင်ပြီး ဝါးဖတ်ကိုမူ ဆေးပေါ့လိပ်ဖက်နှင့် ခမောက်ပြုလုပ်ကြသည်။ ဝါးပိုးမျက်ဆန်ကျယ်မှာ အသားပါး၍ခိုင်ခံ့မှုမရှိသော်လည်း ဖျာရက်ရာ၌လည်းကောင်း၊ အိမ်ဆောက်ရာ၌လည်းကောင်း လူသုံးများသည်။ မျှင်ဝါးသည်အသားထူ၍ အခေါင်းသေးပြီး အရင်း၌ ပင်လုံးသည် လုံးပတ် ခုနစ်လက်မမှ ရှစ်လက်မအထိကြီး၏။ မြန်မာနိုင်ငံ တွင် မျှင်ဝါးမှာ နေရာအနှံ့အပြား၌ပေါက်ရောက်နေသည်ကို တွေ့ရသည်။ ယင်းကိုအိမ်ဆောက်ခြင်း၊ ကုလားထိုင်၊ စားပွဲ၊ ဖျာ၊ တောင်း၊ ပလုံး၊ လက်ကိုင်တုတ်၊ နီးစသည်တို့အတွက် သုံးသည်။ အထူးသဖြင့် မျှင်ဝါးသည်မာသဖြင့် ပုဆိန်ရိုး၊ ဝါးရိုး၊ လှံရိုး၊ ဆောက်ရိုး၊ ဝါးချွန်နှင့်လေ့ရွက်တိုင်တို့အတွက် သုံးလေ့ရှိသည်။ မျှင်ဝါး၏မျှစ်ကို စားသုံးနိုင်ပြီး အစားအစာပြတ်လပ်ခေါင်းပါးသော အခါ၌ မျှင်ဝါး၏အသီးကို ဆန်အစားချက်စားနိုင်သည်။ ဝါးပိုးဝါးသည် တောထဲတွင် ပေါက်ရောက်သော်လည်း ရှားပါးသည်။ ယင်းကိုအိမ်ခြံဝင်းနှင့် ဥယျာဉ်ထဲတွင် စိုက်လေ့ရှိသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ရိုးတစ်လျှောက် သွားလာနေကြသော လှေကြီးများ၌ ဝါးပိုးဝါးကို ရွက်တိုင်အဖြစ်သုံးလေ့ရှိကြသည်။ ဝါးယား၊ တလကူ သို့မဟုတ် ဝါးနက်တို့မှာမပေါများလှပေ။ များသောအားဖြင့် အောက်မြန်မာနိုင်ငံရှိတောများ၏ ချောင်းကမ်းဘေးတွင် အများဆုံးတွေ့ရသည်။ ဝါးယားကို ပိုးမွှားများကြိုက်သည့် အပြင်ဆွေးလည်းဆွေးလွယ်၍ အသုံးပြုမှုနည်းပေသည်။

ထို့အပြင် အေးသောတောတောင်များတွင် ဝါးဖြူ၊ မျှင်ဖြူဝါး၊ဝါးနု သို့မဟုတ် ဝါးပျဉ်းတို့ပေါက်ရောက်ကြသည်။ ထုံးကျောက်ပေါများသော သံလွင်နှင့်စစ်တောင်းမြစ်များရှိ ချောင်းရိုးတစ်လျှောက် လျှိုများထဲတွင်ကြလို့၊ သိုက်ဝါး၊ ဝါးမျဉ်းတို့ကို တွေ့ရသည်။ ကြလို့ဝါးသည် အိမ်ဆောက်ရာ၌ အသုံးများသည်။ တင်းဝါးကိုမူ မြန်မာနိုင်ငံ၏တောများထဲတွင် အနှံ့အပြားပေါများစွာ တွေ့ရ၏။ ယင်းသည် အဆစ်ရှည်၍ အသားပါးပြီး ပျော့လည်းပျော့ပျောင်းသည်။ တင်းဝါးသည် ဝါးမျိုးထဲတွင် အလွန်အသုံးဝင်ဆုံး ဖြစ်၍ ဝါးသုံးနိုင်သောနေရာတိုင်းအတွက် တင်းဝါးကို အားထားသုံးကြသည့်အပြင် မီးပုံး၊ လေတံခွန်၊ မြင်းကျားရုပ်များကို ပြုလုပ်ရာ၌ သုံးကြသည်။ ကောက်ညှင်းကျည်တောက်ဖုတ်သောအခါ တင်းဝါးကိုသာ အသုံးပြုရသဖြင့် ကောက်ညှင်းကျည်တောက်ဝါးဟုလည်း ခေါ်ကြသည်။

တင်းဝါးကို အိမ်ဝင်း၊ ခြံဝင်းထဲတွင်လည်း စိုက်ပျိုးနိုင်သည်။ ရခိုင်ရိုးမတောင်တန်းတောများထဲတွင် ခရင်ဝါးကို အတွေ့ရများသည်။ သိုက်ဝါးကိုမူနေရာ အမြောက်အမြား၌ တွေ့ရသည်။

မြန်မာနိုင်ငံ၌ ကျွန်းသစ်ပေါက်သော တောတိုင်းတွင် ကြသောင်းဝါးကိုလည်းကောင်း၊ ခြောက်သွေ့သောတောင်ကုန်းများ၌ သိုက်ဝါးကြီးများကိုလည်းကောင်း တွေ့ရသည်။



ထီးရိုးဝါးကိုနေရာအနှံ့အပြားတွင် အလှအပအတွက် စိုက်ကြသည်။ ထီးရိုးဝါးသည် ထီးလုပ်ရန်နှင့် ငါးမျှားတံလုပ်ရန် အသုံးများပြီး နိုင်ငံခြားဈေးကွက်သို့တင်ပို့ကြသည်။ မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ စုနှင့် ဝါးမျိုး စိတ် ၁၀၂ မျိုးရှိပြီး အပြည်ပြည်ဆိုင်ရာဝါးနှင့် ကြိမ်ကွန်ရက် (International Network for Bamboo and Rattan-INBAR) မှ ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းများအရ မြန်မာနိုင်ငံ၌ စီးပွားရေးအဖြစ် အသုံးဝင်သော ဝါးမျိုး ၁၆ မျိုးခန့်ရှိကြောင်း သိရသည်။ ယင်းဝါးမျိုးများတွင် ဝါးပိုး မျက်ဆန်ကျယ်၊ ဝါးပိုး၊ မျှင်ဝါး၊ ဝါးယား၊ တလကူ သို့မဟုတ် ဝါးနက်၊ ကြလို့ဝါး၊ တင်းဝါး၊ သိုက်ဝါး၊ ထီးရိုးဝါး၊ ကြသောင်းဝါး၊ သနပ်ဝါး၊ ကလွေဝါး၊ ဝါးနီ၊ ဝါးပိုးကြီး၊ ဝါးဖယောင်းအစရှိသည်တို့ ပါဝင်ကြသည်။ မြန်မာနိုင်ငံတွင် ဝါးအဓိကပေါက်ရာဧရိယာ ၈၁၉၅ စတုရန်းကီလိုမီတာကျယ်ဝန်းသော ပဲခူးရိုးမ ဧရိယာ ၇၄၇၀ စတုရန်းကီလိုမီတာကျယ်ဝန်းသည့် ရခိုင်ရိုးမနှင့် ဧရိယာ ၁၈၇၃ စတုရန်းကီလိုမီတာကျယ်ဝန်းသော တနင်္သာရီဒေသများပင်ဖြစ်သည်။

ရွှေစိမ်းဟူ၍ တင်စားခေါ်ဝေါ်ကြသော ဝါးပင်များသည် သဘာဝပတ်ဝန်းကျင်ကို များစွာအကျိုးပြုသည့်အပြင် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၌ အရေးပါလျက်ရှိသည်။ လူသားများအား သဘာဝသယံဇာတအမွေအနှစ်များ ကောင်းမွန်သောပတ်ဝန်းကျင်များ ဖန်တီးပေးထားသော ကမ္ဘာကြီးသည် ယနေ့အချိန်၌ ဆိုးရွားသောအနေအထားနှင့် ကြုံတွေ့နေရသည်။ သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာ့နေရာအနှံ့အပြား၌ နိုင်ငံမရွေး၊ နယ်နိမိတ်မခွဲခြားဘဲ ဖြစ်ပွားလျက်ရှိရာ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် သဘာဝဘေးအန္တရာယ်များအဖြစ် လူသားအားလုံးက အာရုံစိုက်လာခဲ့ကြသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု အကြောင်းရင်းများမှာ ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့ (Green House Gases-GHSs) များထုတ်လွှတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်အခြေအနေများ ပျက်စီးယိုယွင်းလာခြင်းနှင့် သစ်တောများ ပျက်စီးဆုံးရှုံးခြင်းတို့ကြောင့်ပင်ဖြစ်သည်။

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကို အဓိကဖြစ်စေသောအကြောင်းအချက်ဖြစ်သည်သာမက ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းကိုပါဖြစ်စေသည်။ ၁၈၅၀ ပြည့်နှစ်ကာလလွန်နှစ်များမှစပြီး သစ်တောများ ပျက်စီးပြုန်းတီးခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ မီဂါတန် ၁၂၀ လေထုထဲသို့ ထုတ်လွှတ်ပြီးဖြစ်သည်။ အထူးသဖြင့် တစ်ကမ္ဘာလုံး မှန်လုံအိမ်ထုတ်လွှတ်မှုပမာဏ၏ ၂၀ ရာခိုင်နှုန်းသည် သစ်တောများပျက်စီးခြင်း၊ မီးရှို့ခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့်ဖြစ်သည်။ သစ်တောပြုန်းတီးမှုကြောင့် သစ်တောဂေဟစနစ်များ ပျက်စီးသွားပြီး ရာသီဥတုကိုပါပြောင်းလဲစေသည်။ ထို့အပြင် တိုးပွားလျက်ရှိသော ကမ္ဘာ့လူဦးရေအတွက် သစ်တောများကို ကမ္ဘာမြေ၏အဆုတ်ဟုတင်စား ခေါ်ဝေါ်ကြသည်။ အကြောင်းမှာ ကမ္ဘာ့မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၂၀ ရာခိုင်နှုန်းခန့်ကို စနစ်တကျထိန်းသိမ်းထားသည့် သစ်တောများက စုပ်ယူနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။ အထူးသဖြင့် ဝါးပင်များ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၌ သစ်ပင်များထက် ပိုမိုဆောင်ရွက်ပေးနိုင်စွမ်းရှိသည်။ ဝါးပင်သည် ဂေဟစနစ်ထိန်းသိမ်းမှုလုပ်ငန်းများဖြစ်သည့် ရေအရင်းအမြစ်ထိန်းသိမ်းပေးခြင်း၊ မြေတိုက်စားမှု ကာကွယ်ပေးခြင်း၊ လေပြင်းတိုက်ခတ်မှုမှ ကာကွယ်ပေးခြင်း၊ အောက်ဆီဂျင်ဓာတ်ငွေ့ထုတ်လွှတ်မှု ကောင်းခြင်းများကို အထူးပံ့ပိုးပေးသည်။ အထူးသဖြင့် ဝါးစိုက်ခင်းနှင့်တူညီသော ဧရိယာအကျယ်အဝန်းရှိသည့် သစ်တောစိုက်ခင်းနှင့် နှိုင်းယှဉ်ပါက ဝါးစိုက်ခင်းသည် အောက်ဆီဂျင်ဓာတ်ငွေ့ ၃၀ မှ ၃၅ ရာခိုင်နှုန်း ပိုမိုထုတ်လွှတ်ပေးသည်။

မြန်မာနိုင်ငံတွင် ပဲခူးရိုးမဒေသ၊ ရခိုင်ရိုးမဒေသနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၏ ဝါးပင်များပေါက်ရောက်လျက်ရှိသော ဧရိယာအကျယ်အဝန်းမှာ ၁၇၈၃၈ စတုရန်းကီလိုမီတာရှိသောကြောင့် ယင်းဧရိယာကြီးထဲမှ ဝါးပင်များသည် ရွက်ကြွေကိုင်းကြွေအဖြစ် ဇီဝဒြပ်ထု (Biomass) အများဆုံးပံ့ပိုးလျက်ရှိသည်။ တစ်နည်းအားဖြင့် ဝါးပင်သည် ယင်း၏အလေးချိန် ၂၅ ရာခိုင်နှုန်းကို ရွက်ကြွေကိုင်းကြွေအဖြစ် နှစ်စဉ်ပြန်ခြွေချပေးနိုင်မှုကြောင့် ဇီဝဒြပ်ထုအများဆုံးပံ့ပိုးခြင်းပင် ဖြစ်သည်။ ဝါးပင်သည် အကြီးမြန်ခြင်း၊ ဘက်စုံအသုံးဝင်ခြင်း၊ သဘာဝမြေသြဇာကိုပေးခြင်းတို့ကြောင့် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသည့် တောင်သူလယ်သမားများကို အဘက်ဘက်က အကျိုးပြုလျက်ရှိသည်။ သစ်တောမြေများအား ကျွန်းပင်စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသောလုပ်ငန်းရှင်ကြီးများအနေဖြင့် ကျွန်းပင်များကြားထဲတွင် ဝါးပင်များစိုက်ပျိုးပါက နှစ်ရှည်ပင်ကျွန်းများမှ ဝင်ငွေမရရှိသေးမီဝါးပင်မှ ဝင်ငွေကိုတိုတောင်းသော ကာလအတွင်းရရှိမည်ဖြစ်သည်။

အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဦးဆောင်ပြီး ဆင်းရဲမှုလျှော့ချရေး၊ ယင်းမှတစ်ဆင့် စားနပ်ရိက္ခာ (အစားအသောက်) ပြတ်လပ်မှု ပပျောက်ရေးအတွက် ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals-MDGS) ချမှတ်၍လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဝါးပင်များ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဆင်းရဲမှုလျှော့ချပေးနိုင်ပေသည်။ ဝါးပင်မှဆောင် ရွက်နိုင်သောလုပ်ငန်းများစွာသည် တောင်သူလယ်သမားများအတွက် ဝင်ငွေတိုးစေမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် မြို့နယ်အချို့၌ ဝါးအခြေခံလက်မှု ထည်လုပ်ငန်းသင်တန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးအနေဖြင့် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်နေပြီဖြစ်သည်။ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရွှေဘိုရွာမကျေးရွာ၌ ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း ၁၂ ရက်ကြာမြင့်ခဲ့သော ဝါးအခြေခံလက်မှုထည်လုပ်ငန်းသင်တန်းကို ကျေးရွာများမှ တောင်သူလယ်သမား ၃၀ တက်ရောက်ခဲ့ကြသည်။ ထို့အတူ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည် မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စုရှိ ရွှေသပြေကျေးရွာတွင် တောင်သူလယ်သမားများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများသာမက ပဲခူးရိုးမမှထွက်ရှိထားသော ဝါးများကို ကုလားထိုင်အမျိုးမျိုး၊ ဝါးကပ်ဆိုဒ်မျိုးစုံများ ပြုလုပ်ရောင်းချလျက်ရှိသည်။

ယင်းလုပ်ငန်းများကို လုပ်ကိုင်သူတစ်ဦးသည် တစ်ရက်ဝင်ငွေကျပ် ၄၀၀၀ ရရှိကြသည်။ အချို့တောင်သူ လယ်သမားများသည် ပဲခူးရိုးမအတွင်းသို့ ဝါးများသွားရောက်ခုတ်ယူကာ ဝါးလုပ်ငန်းရှင်များသို့ အလုံးလိုက်ရောင်းချခြင်းဖြင့် အပိုဝင်ငွေများ ရရှိကြသည်။ ဝါးလုပ်ငန်းရှင်များသည် ကျေးရွာရှိ မိန်းကလေးတစ်ဦးမှ ခြောက်ဦးအထိ ငှားရမ်းလုပ်ကိုင်ခြင်းကြောင့် တောင်သူလယ်သမားမိသားစုများအနေဖြင့် ဝါးလုပ်ငန်းမှအပိုဝင်ငွေရရှိကြသည်။ ထို့အပြင် ကျိုက်ထီးရိုးဘုရားဖူးသူများသည် ကျိုက်ထီးရိုး လက်ဆောင်အဖြစ် ဝါးများဖြင့် ပြုလုပ်ထားသော ကလေးကစားစရာပစ္စည်းအမျိုးမျိုး၊ လမ်းလျှောက်တုတ်များ၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ဝါးဦးထုပ်လှလှ ဒီဇိုင်းဆန်းဆန်းများ၊ ငါးမျှားတံအရွယ်စုံများသည် ဝါးမှအပိုဝင်ငွေရရှိစေခြင်းပင်ဖြစ်သည်။ တောင်ပေါ်ဒေသ ကရင်တိုင်းရင်းသူများသည် ဝါးပိုးဝါးဖြင့် ပြုလုပ်ထားသော ငရုတ်ဆုံကိုအသုံးများသကဲ့သို့ ဝါးပိုးဝါးဖြင့် ထမင်းချက်ခြင်း၊ ရေနွေးကြို၍ ရေနွေးကြမ်း အဖြစ်အသုံးပြုခြင်းများကို တွေ့ရသည်။ ကယားပြည်နယ်တွင် ဒေသထွက်ဝါးများကို ကုန်ချောအဖြစ်အိမ်တွင်းအလှဆင်ပစ္စည်းများ အဓိကထုတ်လုပ်နိုင်ရန် ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း ကယားပြည်နယ် လွိုင်ကော်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဝါးအခြေခံလက်မှုသင်တန်းကို ပထမဆုံးအကြိမ်ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

ထို့ကြောင့် ဆင်းရဲမှုလျှော့ချရေးအတွက်လည်းကောင်း၊ ကျေးလက်ဒေသနေ ကျေးရွာသူ ကျေးရွာသားများ အပိုဝင်ငွေရရှိရေးအတွက်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် တည်တံ့ကောင်းမွန်ရေးအတွက်လည်းကောင်း၊ ရွှေစိမ်းဟူ၍ တင်စားခေါ်ဝေါ်နေပြီဖြစ်သည့် ဝါးပင်များကို တိုးချဲ့စိုက်ပျိုးကြပါရန် တိုက်တွန်းရေးသားလိုက်ပါသည်။

# အင်းဝမြို့ဟောင်းရှိ သမိုင်းဝင်ဂူတော်သစ်ဘုရား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိ

**တံတားဦး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုးအတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဂူတော်သစ်ဘုရားအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ ကျပ် ၁၄၉ သိန်းဖြင့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)မှ သိရသည်။



"ဂူတော်သစ်ဘုရားက ပုဂံခေတ်လွန် ရှားပါးလိုဏ်ပေါက်စေတီထဲမှာ တစ်ဆူအပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၂ခုနှစ်က လှုပ်ခတ်ခဲ့တဲ့ငလျင်ဒဏ်ကြောင့် အပေါ်ပိုင်းပြိုကျ ပျက်စီးသွားခဲ့ပြီး ပိုပြီးမပျက်စီးစေဖို့အတွက် မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေတာပါ။ လုပ်ငန်းဆောင်ရွက်တဲ့အပိုင်းကိုတော့ ကန်ထရိုက်ရရှိထားတဲ့ကုမ္ပဏီနဲ့ ပူးပေါင်းပြီးတော့ အတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်တွေနဲ့ လုပ်သားတွေက ဆောင်ရွက်နေပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဂူတော်သစ်ဘုရား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)က မြန်မာ့ဥသျှောင်ကုမ္ပဏီဖြင့် ပူးပေါင်း၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ ဩဂုတ်လအတွင်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအားလုံးကို အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)မှ သိရသည်။

ဂူတော်သစ်ဘုရားသည် အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုးအတွင်း အရှေ့ယွန်းယွန်း တောင်ဘက်မြို့တံတိုင်းအနီးတွင်တည်ရှိပြီး ပင်းယတစ်စီးရှင် သီဟသူက တည်ထားကိုးကွယ်တော်မူခဲ့သည်။ ပုဂံခေတ်လွန် ရှားပါးလိုဏ်ပေါက်စေတီများအနက် တစ်ဆူအပါအဝင် ဖြစ်သည်။

ဂူတော်သစ်ဘုရား၏ ပန္နက်ပုံစံမှာ အာနန္ဒာပုံစံမျိုးဖြစ်သော်လည်း အတွင်း၌ အာနန္ဒာကဲ့သို့လှည့်ပတ်ဝင်နိုင်သော စင်္ကြံလမ်းမပါရှိဘဲ အောက်ဘက်မှ အရပ်မျက်နှာလေးဘက်ဖွင့်၍ တည်ဆောက်ထားကာ အပေါ်မှစေတီလုံးပေါက်ထားသည်။ အောက်ခြေပိုင်းတွင် မူရင်းလက်ရာကျန်နေသေးသော်လည်း အပေါ်ပိုင်းရှိစေတီမှာ ပြန်လည်ပြုပြင်ထားမှုများရှိခဲ့ပြီး အပြင်ဘက်တွင် အင်္ဂတေအနုပညာလက်ရာများကို တွေ့ရှိရကြောင်း၊ ဗဒိုမင်းက ထပ်ဆင့်ရေးထိုးထားသော စာကြောင်းရေကိုးကြောင်းပါ ကျောက်စာလည်းပါရှိပြီး ယင်းကျောက်စာကို အမရပူရမြို့ ပုထိုးတော်ကြီးအတွင်း ကျောက်တိုင်အမှတ်(၃၉၉)အဖြစ် ထားရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကမ္ဘာ့လက်ဆေးခြင်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ဆုချီးမြှင့်ပွဲ ဒီးမော့ဆိုမြို့နယ်၌ ကျင်းပ

**ဒီးမော့ဆို နိုဝင်ဘာ ၆**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကျန်းမာရေးဌာန၊ လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်း စီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း၍ ကမ္ဘာ့လက်ဆေးခြင်းနေ့အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သော လက်သန့်ရှင်းမှုဆိုင်ရာပြိုင်ပွဲများ၏ ဆုပေးပွဲကို ဒီးမော့ဆိုမြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ နိုဝင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါက်တာဒွေးနန္ဒက လက်ဆေးခြင်း၏ အကျိုးကျေးဇူးများအပါအဝင် လက်ဆေးခြင်းနှင့် ပတ်သက်သော အသိပညာဗဟုသုတများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းစီမံကိန်းဝင် ကျေးရွာ ၁၀ ရွာမှ ကမ္ဘာ့လက်ဆေးခြင်းနေ့အထိမ်းအမှတ် ပြိုင်ပွဲတွင် ဆုရရှိသော ကျေးရွာများအား မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဦးမန်းတင်၊ ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဦးစီးမှူး(ပထမတန်း)ဦးဇော်ဇော်အောင်နှင့် မြို့နယ်စီမံကိန်း ကွင်းဆင်းကြီးကြပ်ရေးမှူး ဦးစည်သူတို့က ဆုများချီးမြှင့်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြော



**ပျဉ်းမနား နိုဝင်ဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အစည်းဝေးခန်းမ၌ မွန်းလွဲ ၂နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဒုရဲမှူး သန်းအောင်က ကျောင်းသားကျောင်းသူများအပေါ် မူးယစ်ဆေးဝါးအန္တရာယ် မကျရောက်စေရေးအတွက် မူးယစ်ဆေးဝါး အမျိုးအမည်နှင့် အာနိသင်များ၊ မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဝါး ဥပဒေများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်မှု အခြေအနေများကို ပရိုဂျက်တာဖြင့် ဟောပြောခဲ့ကြောင်းသိရသည်။

**ဇော်မျိုးနိုင်**

## မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆည်မြောင်းဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြစ်သား နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်များရှင်းလင်းခြင်းအပါအဝင် ဆေးရုံအတွင်းအပြင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြစ်သားမြို့ လယ်ယာ(၂)ရုံး ဦးစီးအရာရှိ ဦးဖုန်းမြင့် ဦးဆောင်သော ဆည်မြောင်းဝန်ထမ်း ၉၀ တို့က နိုဝင်ဘာ ၅ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ အများပြည်သူတို့အတွက် ကျန်းမာရေးနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးရန်ဟူသော ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ် မကျီးချောက်ကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းမိ

**မိတ္ထီလာ နိုဝင်ဘာ ၆**

မိတ္ထီလာခရိုင် မူခင်းနှိမ်နင်းရေးဌာနမှ ဒုရဲအုပ်လှစိုးမိုးနှင့် တပ်ကြပ်ကြီးအောင်မြင့်၊ တပ်ကြပ်ထူးအောင်၊ တပ်ကြပ်ငွေးမောင်၊ ရဲမေအေးအေးထွန်း၊ အသိသက်သေများနှင့်အတူ နိုဝင်ဘာ ၃ ရက် ညနေက သတင်းအရ ဇောင်ဂျမ်းကုန်းကျေးရွာအုပ်စု မကျီးချောက်ကျေးရွာနေ မသီတာ (၄၇နှစ်)၏ နေအိမ်ကို ရှောင်တခင်ဝင်ရောက်ရှာဖွေခဲ့ကြသည်။

မသီတာကို မီးဖိုချောင်ထဲတွင်တွေ့ရပြီး မီးဖိုချောင်ကြောင်အိမ်အတွင်းဝှက်ထားသော ပလတ်စတစ်ဖြင့် ထုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၃၁ပြား၊ တန်ဖိုးငွေကျပ်ကိုးသောင်းကျော်ကို ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဒုရဲအုပ်လှစိုးမိုးက တရားလိုပြုလုပ်၍ မသီတာကို အမှတ် (၃) ရဲစခန်း၌ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

**အထွေထွေရွေးကောက်ပွဲတွင် လှိုင်ကော်မြို့နယ်အတွင်းမှ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရန်အတွက် မဲရုံသရုပ်ပြခြင်းကို လှိုင်ကော်မြို့နယ် ရှမ်းစုရပ်ကွက်၌ နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့ရာ ရှမ်းစုရပ်ကွက်ရှိ မဲဆန္ဒရှင်တစ်ဦး စမ်းသပ်မဲပေးနေစဉ်။(သရုပ်ပြပွဲတွင် လှိုင်ကော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်း ရေးမှူး ဦးမျိုးသန့်က မဲပေးပုံပေးနည်း အဆင့်ဆင့်ကိုသရုပ်ပြခဲ့ကြောင်း သိရသည်။)**

ကိုစိုင်း(လှိုင်ကော်)



## ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

**မြစ်သား နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ကွင်းအမှတ်(၄၉၅)ရှိ မိုးစပါးပုလဲသွယ် တောင်သူနည်းပညာပေး စံကွက် ၁၀ ဧက တွင် စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်တင်ထွန်းက နည်းပညာပေးစံပြကွက်များ ပြုလုပ်ပြသခြင်း၏ ရည်ရွယ်ချက်များ၊ သိပ္ပံနည်းကျစိုက်ပျိုးပုံ နည်းစနစ်အဆင့်ဆင့်ကို ပြသပညာပေးခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းကြောင့် စပါးအထွက်တိုးနိုင်သည့်အခြေအနေများနှင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ စံကွက်ရိတ်သိမ်းပုံအကြောင်းတို့ကို ဒေသခံတောင်သူများအား အသိပညာပေး ဆွေးနွေးခဲ့သည်။ ထို့နောက် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးပုလဲသွယ် တောင်သူနည်းပညာပေး စံကွက်ကို ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း စပါးအစို ၂၀၆ ဒသမ ၃၃ တင်းထွက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း (ပြန်/ဆက်)**

## သစ်အခြေခံ စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင်ညစ်ညမ်းမှုရှိမရှိ ကွင်းဆင်းစစ်ဆေး

**လှိုင်ကော် နိုဝင်ဘာ ၆**

ကယားပြည်နယ် လှိုင်ကော်မြို့ စက်မှုဇုန်ရပ်ကွက်ရှိ Global Geo Company., Ltd. ၏ သစ်အခြေခံစက်မှုလုပ်ငန်းသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကယားပြည်နယ် တာဝန်ခံ ဦးမော်မော်ကို၊ လှိုင်ကော်မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ကိုကိုနှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၃ ရက်က သွားရောက်၍ သစ်အခြေခံစက်မှုလုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ရှိ မရှိကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**

# အကျဉ်းထောင်နှင့် ရဲစခန်းများတွင် အမှုရင်ဆိုင်နေရဆဲ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချုပ်သား ၇၂ ဦး ကြိုတင်ဆန္ဒမဲပေး

**မိတ္ထီလာ နိုဝင်ဘာလ ၆**

မိတ္ထီလာအကျဉ်းထောင်နှင့် မိတ္ထီလာရဲစခန်းတွင် အမှုရင်ဆိုင်နေရဆဲ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အချုပ်သား ၇၂ ဦးသည် နိုဝင်ဘာ ၅ ရက်က ကြိုတင်ဆန္ဒမဲများပေးခဲ့ကြောင်း သိရသည်။

ရက်ပိုင်းသာလိုတော့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မိတ္ထီလာမြို့နယ်အတွင်းမှ အသက် ၁၈ နှစ် ပြည့်ပြီးသူတိုင်းဆန္ဒမဲများပေးနိုင်ရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်ပေးလျက်ရှိရာ မိတ္ထီလာအကျဉ်းထောင်နှင့် အမှတ်(၁)ရဲစခန်း အချုပ်ခန်းများမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အချုပ်သားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် အကျဉ်းထောင်နှင့် ရဲစခန်းများသို့ သွားရောက်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အချုပ်သားများ ကြိုတင်ဆန္ဒမဲများပေးနိုင်ရန်အတွက် အကျဉ်းဦးစီးဌာနနှင့် အမှတ်(၁)ရဲစခန်းတို့မှ တာဝန်ရှိသူများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စာရင်းများမှန်ကန်မှုရှိရေး စစ်ဆေးပြီး ကြိုတင်ဆန္ဒမဲများပေးရာတွင် စနစ်တကျပေးနိုင်ရန်နှင့် မိမိတို့ဆန္ဒပြုလိုက်သည့် ကြိုတင်မဲများကို ပယ်မဲများဖြစ်မသွားစေရန် သတိပြုရမည့် အချက်များကို ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူအချုပ်သားများအား ရှင်းပြခဲ့သည်။

ထို့နောက် အမှတ်(၁)ရဲစခန်းတွင် အချုပ်ကျနေသည့် အချုပ်သားကိုးဦးနှင့် မိတ္ထီလာအကျဉ်းထောင်တွင် အချုပ်ကျနေသည့် အမျိုးသား ၅၇ ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့က မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်များကို ဆန္ဒပြုခန်း၌ လွတ်လပ်စွာဆန္ဒပြုခဲ့ကြကြောင်း သိရသည်။ ဆန္ဒမဲပေးခဲ့သည့် အချုပ်သား ၇၂ ဦးမှာ မိတ္ထီလာမြို့ ပေါ်ရပ်ကွက်များနှင့် မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာများမှ အမှုရင်ဆိုင်နေရဆဲအချုပ်သားများဖြစ်ကြောင်း၊ မိတ္ထီလာအကျဉ်းထောင်၌ အနယ်နယ်အရပ်ရပ်မှ အမှုရင်ဆိုင်နေရဆဲ အချုပ်သားများကိုလည်း ကြိုတင်မဲများပေးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်အထိ အနယ်နယ်အရပ်ရပ်မှ ကြိုတင်ဆန္ဒမဲပေးပြီးသူ ၄၂ ဦးအထိရှိပြီဖြစ်ကြောင်း အကျဉ်းဦးစီးဌာနဦးစီးအရာရှိ ဦးခင်မောင်ထွန်း၏ ပြောကြားချက်အရ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရေဘေးသင့် ကလေးနှင့် တမူးဒေသတွင် ဒီဂျစ်တယ်ကွင်းမြေပုံ ထုထောင်နိုင်ရန် ဆောင်ရွက်နေ



**မုံရွာ နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်ဒေသများတွင် လယ်ယာမြေများ ပြန်လည်ထူထောင်ရေးအတွက် မြေတိုင်းတာခြင်းနှင့် ဒီဂျစ်တယ်ကွင်းမြေပုံ ထူထောင်နိုင်ရေးအတွက် တိုင်းတာမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးခရိုင်တွင် ဇူလိုင်နှင့် ဩဂုတ်လအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လယ်ယာမြေဧက ခြောက်သောင်းကျော် ရေလွှမ်းမိုးခံခဲ့ရပြီး သီးနှံထိခိုက်ဧရိယာဧက ငါးသောင်းခွဲကျော်နှင့် ပျက်စီးဧရိယာဧက ငါးသောင်းနီးပါးရှိကြောင်း၊ ရေတိုက်စားကမ်းပြိုသည့်ဧရိယာ ၄၁၃ ဧကနှင့် နွံဖုံးဧရိယာ ဧကတစ်သောင်းခွဲနီးပါးရှိကြောင်း သိရသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးက အရေးကြီးသလို လယ်ယာကဏ္ဍ စာရင်းအင်းမှန်ကန်ရေးနှင့် ကွင်းမြေပုံများ၊ မြေကြီးမြေပုံများကိုက်ညီရန် လိုအပ်ကြောင်း၊ ကလေးဒေသတွင် ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး ရေလွှမ်းဧရိယာများက လယ်ယာမြေများတွင် သဲဖုံး၊ နုန်းဖုံးကာ လယ်ကန်သင်းပျောက်ကွယ်သွားသည့် အခြေအနေများအထိ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၏ ပိုင်ဆိုင်မှု၊ နယ်နိမိတ်များ ပြန်လည်ဖော်ထုတ်နိုင်ရေးနှင့် ပြောင်းလဲသွားသည့် မြေပြင်အနေအထားများအရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ကွင်းမြေပုံများ မှန်ကန်အောင်ဆောင်ရွက်ရေးအတွက် ဒီဂျစ်တယ်ကွင်းမြေပုံများထူထောင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒေသအတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများအပြင် ဦးစီးဌာန(ရုံးချုပ်)က ဝန်ထမ်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ သင်တန်းများဖွင့်လှစ်ပြီး ခေတ်မီမြေတိုင်းကိရိယာများဖြင့် ဒီဂျစ်တယ်မြေပုံများ ထူထောင်နိုင်ရေးအတွက် မြေတိုင်းတာမှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

# ကလေးဒေသ ရေဘေးသင့်ကျေးရွာများတွင် စက်ရေတွင်းတူးဖော်ပေး

**ကလေး နိုဝင်ဘာ ၆**

ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော ကလေးမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများတွင် ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုဒဏ်ခံရပြီး ရွာရွှေ့ပြောင်းတည်ဆောက်ရမည့် ကျေးရွာများအနက် သာစည်၊ နန်းစန်းပုနှင့် မော်လိုက်ကလေး မြောက်ရွာသစ်ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မွမ်းမံရန်ပုံငွေဖြင့် စက်ရေတွင်းများ တူးဖော်ပေးနေခြင်းဖြစ်သည်။ ကျေးရွာသုံးရွာ၌ ဆောင်ရွက်နေသော စက်ရေတွင်းတူးဖော်မှုများ အမြန်ပြီးစီးရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးက နိုဝင်ဘာ ၃ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က စက်ရေတွင်းတူးဖော်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**ဂျူနိုင်း**

# ရပ်ရွာအခြေပြု ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းဆွေးနွေး

**အင်းတော် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ရှိ ရင်သွေးငယ်ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းရုံးက ဆောင်ရွက်လျက်ရှိသော ရပ်ရွာအခြေပြု ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းများနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပွဲကို အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ နိုဝင်ဘာ ၃ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်လှမိနှင့် မြို့နယ် ဒုတိယပညာရေးမှူး ဦးသိန်းဆွေဝင်းတို့က အကြံပြုအမှာစကားပြောကြားပြီး Plan Myanmar အဖွဲ့မှ ဦးသက်နိုင်လင်းက ECCD စီမံချက်နှင့်ပတ်သက်သော အချက်အလက်များကိုလည်းကောင်း၊ အင်းတော်မြို့နယ် ရင်သွေးငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းရုံးမှ ဦးကျော်ဘိုဘိုဝင်းက စီမံချက်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် အောင်မြင်မှုများအကြောင်းကိုလည်းကောင်း၊ ရင်သွေးငယ်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း(ရန်ကုန်ရုံးချုပ်)မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်နွယ်နွယ်အောင်က ဆက်လက်ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ကိုမင်း(အင်းတော်)**




မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မြင့်မြတ်ရတနာ လူမှုကူညီရေးအသင်းတွင်အသုံးပြုရန် နိဗ္ဗာန်ယာဉ်တစ်စီးကို မြင့်မြတ်ရတနာ လူမှုကူညီရေးအသင်းသား အသင်းသူများနှင့် ဦးထွန်းဇော်မိသားစု(တော်ဝင်နန်းအထည်ဆိုင်)တို့က စုပေါင်း၍ နိုဝင်ဘာ ၅ ရက်က ပေးအပ်လှူဒါန်းစဉ်။ **ကျော်ထူး(မန္တလေး)**

# လျှပ်စစ်မီးလင်းရေးလုပ်ငန်းများပြီးစီး၍ ဖွင့်ပွဲကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၆**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်(ပိန်းတော)နယ်မြေ ၁၁၊ ၁၂၊ ၁၃ ၌ ၂၄နာရီ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများပြီးစီးသဖြင့် ဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံ ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသီဟထွန်းက လျှပ်စစ်မီးလင်းရေး လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့်လျှပ်စစ်ဓာတ်အားကို ဒေသခံပြည်သူများ အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေး သတိပြုသင့်သည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်ခဲ့သည့် ၁၁ ကေဗွီဓာတ်အားလိုင်း တစ်မိုင်နှင့် ၁၁/၀.၄ ကေဗွီ ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၆ မိုင် အပါအဝင် မီးလင်းရေးလုပ်ငန်းများကို တပ်ကုန်းမြို့နယ် တာဝန်ခံ ဦးမြင့်ရွှေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသီဟထွန်းတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ပိန်းတောနယ်မြေ(၁၁၊ ၁၂၊ ၁၃)တွင် အိမ်ထောင်စု ၂၅၀ ခန့်မှာ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# မှန်ကန်စွာမဲပေးခြင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ပြန်/ဆက်ဦးစီးဌာနက အခမဲ့လိုက်လံဝေငှပေးလျက်ရှိ

**တနင်္သာရီ နိုဝင်ဘာ ၆**

အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးနည်းစနစ်များကို မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မှန်ကန်စွာ သိရှိနားလည်ပြီး မဲပေးတတ်စေရန် ရည်ရွယ်၍ ပုလဲမြေ လက်ကမ်းစာစောင် အတွဲ(၁)အမှတ်(၇)ကို တနင်္သာရီမြို့နယ် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများမှ နိုဝင်ဘာ ၃ ရက်မှစ၍ အခမဲ့ဝေငှပေးလျက်ရှိကြောင်း သိရသည်။

လက်ကမ်းစာစောင်များကို မြိတ်ခရိုင် ပြန်/ဆက်ဦးစီးဌာနမှ တာဝန်ခံထုတ်ဝေပြီး လက်ကမ်းစာစောင်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပခြင်းရည်ရွယ်ချက်၊ မဲဆန္ဒရှင်ပြည်သူတစ်ဦးချင်းစီ၏ တာဝန်၊ မဲပေးချိန်တွင် ရှောင်ရန်အချက်များနှင့် သိမှတ်ဖွယ်ရာများ၊ မဲပေးပုံအဆင့်ဆင့်၊ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ၊ မဲရုံဖွင့်ခြင်းနှင့် ပိတ်ခြင်း၊ ခိုင်လုံမဲနှင့် ပယ်မဲ ခွဲခြားပုံများ၊ မှန်ကန်သော မဲရေတွက်ခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများပါဝင်ကြောင်း သိရသည်။



အဆိုပါ ပညာပေးလက်ကမ်းစာစောင်များကို တနင်္သာရီမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက လူအများစုဝေးရာ တနင်္သာရီ-မြိတ် နေ့စဉ် အမြန်ရေယာဉ်များမှ ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်လိုင်းများထံသို့ အခမဲ့ဖြန့်ဝေပေးနေကြောင်း၊ လက်ကမ်းစာစောင်ရရှိသူများမှတစ်ဆင့် မဲပေးနည်းစနစ်အဆင့်ဆင့်ကို လက်ဆင့်ကမ်းသိရှိနိုင်စေရန် ရည်ရွယ်၍ အသိပညာပေးလက်ကမ်း စာစောင်များ ဝေငှပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**နန်းသာရီထိန်ဝင်း(ပြန်/ဆက်)**

## သတင်းတိုများ

### မြို့နယ်စာရေးဆရာအသင်းသို့ သုတရသဂျာနယ်မျိုးစုံလှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်စာရေးဆရာအသင်းသို့ သုတရသဂျာနယ်မျိုးစုံပေးအပ်ပွဲကို နိုဝင်ဘာ ၄ ရက်က အသင်းရုံးခန်းမ၌ ပြုလုပ်ခဲ့ရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်မြင့် (မြင့်မြင့်ထွေး-ကောလင်း)က သုတရသ ဂျာနယ်များ ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အလှူရှင် ကောလင်းမြို့နယ် အင်းဗုဒ်ကုန်းသစ်ထုတ်ရေးဒေသ လက်ထောက်မန်နေဂျာ ဦးအောင်ကျော်မျိုးမိသားစုက သုတရသ ဂျာနယ်မျိုးစုံ ၁၀၀ ကို မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးပြည့်စုံငြိမ်း (ရွှေလင်းပြည့်စုံ)သို့ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ သုတရသဂျာနယ်များကို ကျေးလက်စာကြည့်တိုက်များသို့ ပြန်လည်လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

**ကိုကိုညိမ်း (ကောလင်း)**

### ကျေးရွာစာကြည့်တိုက်များသို့ စကိုင်းနက်ရုပ်သံဖမ်းစက်နှင့် တီဗွီများပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အလိုက် ကျေးရွာစာကြည့်တိုက်များသို့ Skynet ရုပ်သံဖမ်းစက်တစ်စုံနှင့် ၃၂ လက်မ တီဗွီတစ်လုံးစီကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီအစီအစဉ်မှ သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၂၀၁၅-၂၀၁၆ ခုနှစ် ငွေကျပ်သိန်း ၅၀၀ ဖြင့် ပေးအပ်လျက်ရှိရာ ကသာခရိုင် ကောလင်းမြို့နယ်ရှိ တကောင်းအိုင်ကျေးရွာစာကြည့်တိုက်၊ ဝန်းသိုမြို့နယ်ရှိ တောင်ဘို့လှကျေးရွာစာကြည့်တိုက်၊ ပင်လည်ဘူးမြို့နယ်ရှိ သောင်တွင်းကျေးရွာစာကြည့်တိုက်များအတွက် နိုဝင်ဘာ ၁ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုညိမ်း (ကောလင်း)**

## ကျေးရွာ ၁၃ ရွာ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိ

**ကလေး နိုဝင်ဘာ ၆**

ကျေးလက်ဒေသ ၂၄ နာရီ မီးလင်းနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ အိမ်ခြေ ၁၀၆၁ အိမ်အတွက် ဆိုလာမီးများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ရောင်စဉ်တိုးကုမ္ပဏီက တာဝန်ယူတပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကျေးရွာ ၁၃ ရွာတွင် ပါဝင်သော မော်လိုက်ကလေးရွာသစ်၌ ဆိုလာမီးတပ်ဆင်ပြီးစီးမှုအခြေအနေများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုးနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၃၁ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **ဂျူနိုင်း**

## ဘုရင့်နောင်ရပ်ကွက်တွင် သံကူကွန်ကရစ်တံတားပြီးစီး ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေ

**တပ်ကုန်း နိုဝင်ဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်နယ်မြေ(၃)နှင့် (၁၁၊၁၂၊၁၃) ကြားတွင် ဖြတ်သန်းစီးဆင်းနေသည့် နဝင်းချောင်းကူး ပိန်းတောသံကူကွန်ကရစ်တံတားသစ်ကို နိုဝင်ဘာ ၄ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

တံတားဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး လမ်း/တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးက ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးလွယ်ကူမြန်ဆန်စေရန်နှင့် ကျေးရွာထုတ်ကုန်များ စီးဆင်းမှု လျင်မြန်စေရေးအတွက် နိုင်ငံတော်အစိုးရက ရပ်ကွက်၊ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် တံတားများ ဆောက်လုပ်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပိန်းတောသံကူကွန်ကရစ်တံတားကို နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံဦးမြင့်ရွှေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကျော်ငြိမ်း၊ လမ်း/တံတားဌာနမှူးဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

နဝင်းချောင်းကူး ပိန်းတောတံတားသည် မူလက သစ်သားတံတားဖြစ်ပြီး ယခု အရှည် ၁၂၄ ပေ၊ အကျယ်၁၂ပေခွဲရှိ ကွန်ကရစ်တံတားသစ်ကို နေပြည်တော်ကောင်စီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ လမ်း/တံတားဌာနက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားတည်ဆောက်ပြီးသဖြင့် တံတားတစ်ဖက်ကမ်းရှိ ဘုရင့်နောင်ရပ်ကွက်(ပိန်းတော)နယ်မြေ(၁၁၊ ၁၂၊ ၁၃)နှင့် ညောင်ပင်ဝင်း၊ ကံသာ၊ အောင်ချမ်းသာ၊ အောင်သာကျေးရွာ စသည့် ကျေးရွာများမှ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လာကြောင်း၊ တံတားပေါ်တွင် ယာဉ်+ကုန် ၁၀ တန်အောက် ယာဉ်များသာ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန် /ဆက်)**

## မိတ္ထီလာရွှေမြင်မိစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ထီးတော်တင်လှူပွဲ ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၆**

မိတ္ထီလာမြို့နယ် သီရိမင်္ဂလာရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် မဟာသကျမုနိ ရွှေမြင်မိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် စိန်ဖူးတော်၊ ရွှေထီးတော်ကပ်လှူပူဇော်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွှေသင်္ကန်းအလှူရှင်ပြည်သူများ၊ စိန်ဖူးတော်၊ ရွှေထီးတော်အလှူရှင်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ မြို့ရှေ့တိုက် ရွှေဘုံသာကျောင်း ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် စိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်များအား အလှူရှင်များက ပင့်ဆောင်ပြီး စေတီတော်မြတ်အား လှည့်လည်ပူဇော်ကြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် မြို့မိမြို့ဖများ၊ စိန်ဖူးတော်အလှူရှင် ဒေါ်ချိုချိုနှင့် မိသားစု၊ ရွှေထီးတော်အလှူရှင် ဦးဇော်ဝိတ်မိသားစုနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းအလှူရှင် ပြည်သူများက စိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်များကို တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။ မိတ္ထီလာမြို့ မဟာသကျမုနိ ရွှေမြင်မိစေတီတော်ကို ပုဂံခေတ် ကောဇာသက္ကရာဇ် ၅၃၆ ခုနှစ်၌ နရပတိစည်သူမင်းက တည်ထားကိုးကွယ်ခဲ့ပြီး ရှေးဟောင်း သမိုင်းဝင်စေတီတော် တစ်ဆူဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ရွေးကောက်ပွဲတွင်သတင်းရယူမည့်သူများ စည်းကမ်းလိုက်နာရေးဆွေးနွေး

**မြင်းခြံ နိုဝင်ဘာ ၆**

ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သတင်းရယူမည့်သူများအနေဖြင့် သိသင့်သိထိုက်သည့်အချက်များအား ရှင်းလင်းဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးကျော်သန်းထွန်းက ရွေးကောက်ပွဲတွင် သတင်းရယူကြမည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲကော်မရှင်မှ ချမှတ်ထားသည့် အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သတင်းရယူရေး၊ သတင်းမီဒီယာကျင့်ဝတ်နှင့် မြန်မာသတင်းမီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်ချက်များကို တိကျစွာလိုက်နာပြီး မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာလျှို့ဝှက်ဆန္ဒမဲပေးမှုကို မထိခိုက်စေရေး စသည့်အချက်များကို ဆွေးနွေးခဲ့သည်။



မြင်းခြံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းရည်ကလည်း မြင်းခြံခရိုင်အတွင်းရှိ ရုံးများမှ သတင်းရယူမည့် ဝန်ထမ်းများအတွက် သတင်းရယူခွင့် လျှောက်ထားပြီးစီးမှုအခြေအနေများနှင့် အခက်အခဲ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အချိန်မီဆက်သွယ်ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များမှ ရွေးကောက်ပွဲဆိုင်ရာ သတင်းရယူမည့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ဝန်ထမ်းများ၏ မေးမြန်းချက်များကို တိုင်းဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## မအူပင်မြို့နယ်၌ မဲဆန္ဒရှင်သက်သေခံကတ်များ ထုတ်ပေးလျက်ရှိ

**မအူပင် နိုဝင်ဘာ ၆**

ရက်ပိုင်းသာလိုတော့သည့် အထွေထွေရွေးကောက်ပွဲတွင် မအူပင်မြို့နယ်အတွင်းမှ မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် တာဝန်ရှိသူများက မဲဆန္ဒရှင်သက်သေခံကတ်ပြားများကို နိုဝင်ဘာ ၁ ရက်မှ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ မအူပင်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများအလိုက် မဲစာရင်းနှင့် အချက်အလက်များ စစ်ဆေးကြည့်ရှုရန်နှင့် မဲစာရင်းသက်သေခံကတ်ပြားများထုတ်ပေးခြင်းကို နိုဝင်ဘာ ၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရင်ခုန်ရဦးမယ့် ဒီတစ်ပတ်ရဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၂)

မိုးမြင့်လင်းလက်

ဒီတစ်ပတ်ရဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်တွေကို နိုဝင်ဘာ ၇ ရက် ညပိုင်းနဲ့ ၈ ရက်တွေမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာတော့ ဘိုင်ယန်မြူးနစ်က စတုဂတ်ကို အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်ပြီး ဝုဖ်ဘတ်က အဝေးကွင်းမှာ မိန့်ဇ်နဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အသင်းကြီးတွေအတွက် အမှတ်ပြည့်ရနိုင်တဲ့ အခွင့်အရေးရှိနေသလို အသင်းငယ်တွေကလည်း ရနိုင်သမျှ အမှတ်ကို ဆုပ်ကိုင်နိုင်ရေးအတွက် ကြိုးစားကြဦးမှာဖြစ်လို့ ပရိသတ်တွေအတွက် စိတ်ကြိုက်ပွဲစဉ်တွေကို ရွေးချယ်အားပေးကြရဦးမှာဖြစ်ပါတယ်။



**ဘိုင်ယန်မြူးနစ်နှင့် စတုဂတ်**

ဘိုင်ယန်မြူးနစ်ဟာ စတုဂတ်ကို အိမ်ကွင်းမှာ လက်ခံကစားတိုင်း ခက်ခဲပေမယ့် နိုင်ပွဲရအောင် ပုံဖော်နိုင်ခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံး တွေ့ဆုံခဲ့တဲ့ သုံးပွဲမှာ သုံးပွဲစလုံး ဘိုင်ယန်မြူးနစ်တို့က နိုင်ထားတာမို့ အဲဒီအစဉ်အလာကို အိမ်ရှင်တို့ ဆက်ထိန်းပါလိမ့်မယ်။ တန်းစီဇယားထိပ်ဆုံးကနေပြီး လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်နေတဲ့ ဘိုင်ယန်မြူးနစ်တို့က ဒီပွဲကို ဦးဆောင်ကာ နိုင်ပွဲရအောင် ဖန်တီးပါလိမ့်မယ်။

**မိန့်ဇ်နှင့် ဝုဖ်ဘတ်**

ဝုဖ်ဘတ်တို့က အိမ်ကွင်းမှာ မိန့်ဇ်ကို နိုင်ပွဲရအောင် ကစားနိုင်ပေမယ့် အဝေးကွင်းမှာ သရေပွဲရအောင် ကြိုးစားရုန်းကန်ရလေ့ရှိပါတယ်။ ဒီပွဲမှာတော့ အိမ်ရှင် မိန့်ဇ်တို့က ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် လက်ရှိခြေစွမ်းအရ ရလဒ်တွေကတော့ မကောင်းပါဘူး။ ဝုဖ်ဘတ်တို့ကတော့ မိန့်ဇ်ကို ဘယ်လိုကစားရမယ်ဆိုတာ သိထားတာမို့ အခုပွဲဟာ ဧည့်သည်တို့ အားထုတ်မှုကြောင့် အမှတ်ပြည့်ယူပြီး ဝုဖ်ဘတ်တို့အိမ်ပြန်ပါလိမ့်မယ်။

**လေဗာကူဆင်နှင့် ကိုလုံး**

ခြေစွမ်းပုံမှန်ပြန်ရနေတဲ့ လေဗာကူဆင်တို့ဟာ အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာမို့ အမှတ်ခွဲပေးမှာတော့ မဟုတ်ပါဘူး။ လေဗာကူဆင်တို့က ကိုလုံးနဲ့ နောက်ဆုံး သုံးပွဲတွေ့ဆုံမှု မှတ်တမ်းကိုကြည့်ရင် လေဗာကူဆင်တို့က နိုင်ပွဲတွေရထားပါတယ်။ ဒါပေမယ့် ကိုလုံးဟာ လေဗာကူဆင်ကို သရေပွဲရအောင် ကစားနိုင်တဲ့ ခြေစွမ်းရှိတာမို့ လေဗာကူဆင်တို့ အလေးထားကစားမှ ရပါလိမ့်မယ်။ ဒီပွဲမှာ အိမ်ရှင်တို့ရဲ့ ခြေစွမ်းအားသာချက်က ရလဒ်ကို ပုံဖော်သွားမှာဖြစ်ပါတယ်။

**ဟော့ဖန်ဟိမ်းနှင့် ဖရန့်ဖတ်**

ခြေရည်တူတဲ့ နှစ်သင်းတွေ့ဆုံမှုက အကြိတ်အနယ် ရှိပါလိမ့်မယ်။ ဟော့ဖန်ဟိမ်းတို့ ဒီနှစ် ဘွန်ဒက်လီဂါမှာ နိုင်ပွဲတစ်ပွဲသာရထားတာမို့ တန်းဆင်းဇုန်ထဲ ရောက်နေပြီး ပြန်လည်ရုန်းထွက်ဖို့ ကြိုးစားပါလိမ့်မယ်။ ဖရန့်ဖတ်တို့ကလည်း အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကစားနိုင်ပေမယ့် အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တာကို မပြုပြင်ရင်တော့ ရလဒ်ဆိုးနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

**ဒမ်စတက်နှင့် ဟမ်းဘတ်**

ဟမ်းဘတ်တို့က အိမ်ကွင်းရော အဝေးကွင်းမှာပါ ဒမ်စတက်ကို အနိုင်ကစားနိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။ ဒါပေမယ့် လက်ရှိခြေစွမ်းအရ ဒမ်းစတက်ရော ဟမ်းဘတ်ပါ အားရစရာ ခြေစွမ်းမရှိတာမို့ အခုပွဲမှာ အိမ်ရှင် အားသာချက်နဲ့ ကစားမယ့် ဒမ်စတက်တို့ အခြေနေကောင်းနိုင်ပါတယ်။ ဒါပေမယ့် ဒမ်စတက်ရဲ့ ခံစစ်ပိုင်း အားနည်းချက်က ဟမ်းဘတ်ကို အခွင့်အရေးကောင်းတွေ ရသွားနိုင်တာမို့ သတိထားကစားမှ ရပါလိမ့်မယ်။ အကြိုက်က ဟမ်းဘတ်ဖြစ်ပေမယ့် အိမ်ရှင်တို့ကလည်း တစ်မှတ်ရနိုင်တဲ့ပွဲပါ။

**ဂလာဘတ်နှင့် အင်ဂိုစတက်**

ဂလာဘတ်အတွက် ဒီပွဲက အမှတ်ပြည့်ရယူရေး ကြိုးစားလာမယ့် ပွဲပါပဲ။ အင်ဂိုစတက်တို့ကလည်း ရမှတ်လိုအပ်နေတဲ့အသင်းမို့ တောင်ပံတိုက်စစ်တွေကတစ်ဆင့် ဂိုးရရှိရေး အင်အားသုံး ကစားပါလိမ့်မယ်။ အင်ဂိုစတက်ရဲ့ အားသာချက်က ကွင်းလယ်ကစားအားဖြစ်ပြီး တိုက်စစ်ပိုင်းတော့ အားနည်းချက်ရှိနေပါတယ်။ ဒါပေမယ့် ဂလာဘတ်ရဲ့ အိမ်ကွင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားမှုက ဒီပွဲရလဒ်ကို အပြောင်းအလဲဖြစ်စေမှာ အမှန်ပါပဲ။



## ခံစစ်ပိုင်းအားနည်း၍ အာစင်ဝင်းဂါး အပြစ်ဆို

ကောင်းမြတ်သူ
စုစည်းသည်

ဘိုင်ယန်မြူးနစ်နဲ့ အာဆင်နယ်တို့ ချန်ပီယံလိဂ်အုပ်စုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာမှာ အာဆင်နယ်က ဘိုင်ယန်မြူးနစ်ကွင်းမှာ ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီလိုရှုံးနိမ့်သွားခဲ့ရတဲ့ အဓိက အကြောင်းအရင်းက ခံစစ်ပိုင်း အားနည်းလို့ ဖြစ်တယ်လို့ နည်းပြ အာစင်ဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ ဒီပွဲက ကျွန်တော့်ကစားသမားတွေရဲ့ ခံစစ်ပိုင်းကစားရာမှာ အတော်လေး အားနည်းပါတယ်။ ဘယ်အသင်းမှ ဒီလောက်အားနည်းတယ်ဆိုတာမရှိပါဘူးလို့ နည်းပြဝင်းဂါးက ဆိုပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ ဘိုင်ယန်မြူးနစ်ကို အိမ်ကွင်းမှာ ကစားစဉ်က နှစ်ဂိုးပြတ်နဲ့ အနိုင်ရအောင် ကစားနိုင်ခဲ့ပေမယ့် အဝေးကွင်းမှာတော့ ဂိုးပြတ်နဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီရလဒ်ဟာ အာစင်ဝင်းဂါးအတွက် အံ့သြဖွယ်ရာဖြစ်ခဲ့ရပါတယ်။ အာဆင်နယ်အသင်းရဲ့ ခံစစ်ကစားပုံဟာ အတော်လေး ညံ့ဖျင်းနေတယ်လို့ ဆိုပါတယ်။ တိုက်စစ်မှာ အခွင့်အလမ်းတွေရခဲ့ပေမယ့် ခံစစ်လုံအောင် မထိန်းနိုင်တဲ့ဟာ ဂိုးတွေ အများကြီးပေးလိုက်ရတယ်လို့ဆိုပါတယ်။ အာဆင်နယ်အသင်းဟာ ဒီရှုံးပွဲ ရလဒ်ကြောင့် ချန်ပီယံလိဂ် အုပ်စု အဆင့်မှ စောစီးစွာ ထွက်ခွာရဖွယ်ရှိနေပါတယ်။ သို့ပေမယ့် လာမယ့် နိုဝင်ဘာ ၂၄ ရက်မှာတော့ ဒိုင်နမိုဇာဂရက်ဗ်နဲ့ တွေ့ပြီး ဒီဇင်ဘာ ၉ ရက်မှာ အိုလံပီယာကော့စ်နဲ့ ကစားဖို့ရှိပါတယ်။

## ဂျရတ်ကို ဂျာဂျင်ကလော့ ကြိုဆို

လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျရတ်ဟာ အမေရိကန် မေဂျာလိဂ်ရာသီ အဆုံးသတ်သွားပြီဖြစ်တဲ့အတွက် ဗုဒ္ဓဟူးနေ့က ယူကေကို ပြန်လာခဲ့ပါတယ်။ အန်ဖီးလ်အသင်းနဲ့အတူ လာရောက်လေ့ကျင့်မယ်ဆိုရင် ဂျရတ်ကို ကြိုဆိုမယ်လို့ လီဗာပူးနည်းပြသစ် ဂျင်ဂျင်ကလော့က ပြောဆိုလိုက်ပါတယ်။ ဂျရတ်ဟာ လီဗာပူးအသင်းရဲ့ ဂန္ထဝင် ကစားသမားတစ်ဦးဖြစ်ပြီး ကွင်းလယ်ကစားသမားအဖြစ် နှစ်ပေါင်းများစွာ ကစားခဲ့သူဖြစ်ပါတယ်။ အသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျရတ်ဟာ လီဗာပူးအသင်းရဲ့ ဂန္ထဝင် ကစားသမားတစ်ဦးဖြစ်ပြီး ကွင်းလယ်ကစားသမားအဖြစ် နှစ်ပေါင်းများစွာ ကစားခဲ့သူဖြစ်ပါတယ်။ အသင်းခေါင်းဆောင်းဟောင်း စတီဗင်ဂျရတ်ဟာ လီဗာပူးအသင်းရဲ့ ဂန္ထဝင်ကစားသမားဖြစ်တယ်လို့ ဂျာဂျင်ကလော့က ချီးကျူး ပြောဆိုခဲ့ပါတယ်။ ဂျရတ်ဟာ အမေရိကန်မေဂျာလိဂ်သို့ ပြီးခဲ့တဲ့ နွေရာသီက ပြောင်းရွှေ့သွားခဲ့တာပါ။ လီဗာပူးမှာ အောင်မြင်မှုတွေ အများဆုံးရယူပေးခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဂျရတ်ဟာ လီဗာပူးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်တဲ့အထိ အောင်မြင်မှုတွေရခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ သူဟာ တနင်္ဂနွေနေ့မှာ လီဗာပူးနဲ့ ခရစ္စတယ်ပဲလေ့စ်တို့ ကစားမယ့်ပြိုင်ပွဲမှာ လာရောက်ကြည့်ရှုလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

## ဘယ်လိုကျေးဇူးတင်ရမှန်းမသိဘူးပြောတဲ့ မော်ရင်ညို

ချယ်လ်ဆီးအသင်းနဲ့ ဒိုင်နမိုကိဗ်တို့ကစားတဲ့ပွဲမှာ ချယ်လ်ဆီးက နှစ်ဂိုး- တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဒီပွဲ အနိုင်ရလိုက်တဲ့အတွက် ပရိသတ်တွေက နည်းပြမော်ရင်ညိုရဲ့ အမည်ကို ခေါ်ပြီး ကောင်းချီးသြဘာပေးခဲ့ကြပါတယ်။ ဒီအတွက် နည်းပြမော်ရင်ညိုက ပရိသတ်တွေကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူးလို့ ပြောဆိုလိုက်ပါတယ်။ အသင်းပရိသတ်တွေရဲ့ သစ္စာရှိမှုအပေါ် ဘယ်လိုကျေးဇူးတုံ့ပြန်ရမှန်း မသိတော့ဘူးလို့ ဆိုပါတယ်။ မော်ရင်ညိုရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ဝေဖန်မှုအရှိန် မြင့်တက်နေချိန်မှာ ပရိသတ်တွေရဲ့ ထောက်ခံအားပေးမှု အပြည့်အဝရှိနေသေးတယ်လို့ သိလိုက်ရတဲ့အတွက် မော်ရင်ညိုအနေနဲ့ ဝမ်းသာမဆုံးဖြစ်ရတယ်လို့ ဆိုပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ ဒီအနိုင်ပွဲဟာ အောက်တိုဘာ ၁၇ ရက် နောက်ပိုင်း ပြိုင်ပွဲအားလုံးမှာ ပထမဆုံး အနိုင်ရတဲ့ပွဲဖြစ်ပါတယ်။ မော်ရင်ညိုဟာ ပရီမီယာလိဂ်မှာ ခြောက်ပွဲ ရှုံးနိမ့်ထားတဲ့အတွက် ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရချိန်မှာ ချန်ပီယံလိဂ်မှာ အနိုင်ရလိုက်တဲ့အတွက် မျှော်လင့်ချက်ရှိနေပါသေးတယ်။



# အိုင်စီတီပြပွဲနှင့် CommuniCast Myanmar 2015 ပူးတွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိသော International Myanmar ICT Exhibition 2015 ပြပွဲနှင့် Bangkok Exhibition Services Company မှ စီစဉ်ကျင်းပသော CommuniCast Myanmar 2015 ပြပွဲများကို ရန်ကုန်မြို့ Event Park ၌ နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

International Myanmar ICT Exhibition 2015 ပြပွဲတွင် ပြည်တွင်းပြည်ပ နည်းပညာကုမ္ပဏီများက ကွန်ပျူတာနှင့် မိုဘိုင်းဆိုင်ရာ ထုတ်ကုန်အမျိုးမျိုး၊ ဆော့ဖ်ဝဲနှင့် အပလီကေးရှင်းအမျိုးမျိုးနှင့် နည်းပညာဆိုင်ရာ ထုတ်ကုန်အမျိုးမျိုးကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် ပြည်တွင်းမှ လုပ်ငန်းထူထောင်ကာစ နည်းပညာကုမ္ပဏီများလည်း ဝင်ရောက်ပြသနိုင်ရန်ရည်ရွယ်၍ အထူးအစီစဉ်တစ်ခုပြုလုပ်ကာ နေရာများရောင်းချပေးမည်ဖြစ်ကြောင်း၊ ရောင်းချမည့်ပုံစံမှာ သတင်းအချက်အလက်ကောင်တာတစ်ခု၊ ပါဝါပွိုင့်တစ်ခု ပါဝင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၀၀ သာကျသင့်မည်ဖြစ်ကြောင်း သိရသည်။




ထို့အပြင် မြန်မာနိုင်ငံ၏ နည်းပညာဆိုင်ရာ ဦးဆောင်နည်းစနစ်ပံ့ပိုးနေသူများနှင့် ဆော့ဖ်ဝဲနှင့် ဆက်သွယ်ရေးနည်းပညာနယ်ပယ်မှ ဦးဆောင်ကုမ္ပဏီ ၁၅၀ ကျော်တို့ ပါဝင်ဆွေးနွေးကြမည့် CommuniCast Myanmar 2015 ကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

CommuniCast Myanmar 2015 ပြပွဲတွင် ဒုတိယအကြိမ်မြောက် Myanmar Satellite Forum ဆွေးနွေးပွဲလည်း ပါဝင်မည်ဖြစ်ကာ နက်ဝပ်တည်ဆောက်ခြင်း နည်းပညာများ၊ ဂြိုဟ်တုနှင့် Broadband နည်းပညာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

CommuniCast Myanmar 2015 ကို ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး CommuniCast Myanmar 2014 တွင် နိုင်ငံ ၂၂ ခုမှ ကုမ္ပဏီများ ပါဝင်ဆွေးနွေးခဲ့ကြောင်းနှင့် ယခုဒုတိယအကြိမ်တွင်လည်း သက်ဆိုင်ရာနယ်ပယ်မှ ကျွမ်းကျင်သူလုပ်ငန်းရှင်များ၊ ဥပဒေပြုသူများ၊ စီးပွားရေးလုပ်ငန်း၊ စွန့်ဦးလုပ်ငန်းများ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်းလည်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို အောက်တိုဘာ ၂၆ ရက်က မြန်မာအင်ဖိုတက်ခ်၌ ကျင်းပခဲ့ပြီး ပြပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို www.ictexhibition.com.mm, www.myanmarictexhibitions.org, www.communicastmyanmar.com ဝက်ဘ်ဆိုက်များတွင် ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

**သူရဖြိုး**
**ဓာတ်ပုံ–MCPA**

# ဓာတ်ပုံများကို Cloud စနစ်ဖြင့်သိမ်းဆည်းနိုင်မည့် အပလီကေးရှင်း တယ်လီနောဝန်ဆောင်မှုပေး

**ရန်ကုန် နိုဝင်ဘာ ၆**

ဓာတ်ပုံများကို အင်တာနက်မှတစ်ဆင့် Cloud တွင် သိမ်းဆည်းထားနိုင်မည့် Capture အမည်ရှိ အပလီကေးရှင်းကို တယ်လီနောမြန်မာက အခမဲ့ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

Capture အပလီကေးရှင်းကို အန်းဒရွိုက်နှင့် အိုင်ဖုန်းများအတွက် ထုတ်လုပ်ထားပြီးဖြစ်ကာ နောက်ပိုင်းတွင် ဝင်းဒိုးဖုန်းများအတွက်ပါ ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ Capture အပလီကေးရှင်းကို ဖုန်းတွင်သွင်းပြီးပါက အသုံးပြုရန်အတွက် တယ်လီနောမိုဘိုင်းနံပါတ်ဖြင့် Register ပြုလုပ်ရမည်ဖြစ်သည်။ အသုံးပြုနိုင်သည့် ပမာဏကို တယ်လီနောက 20GB အထိ အခမဲ့ပေးထားပြီး ၂၀၁၆ ခုနှစ်ကုန်အထိ အခမဲ့ပေးမည်ဖြစ်ကြောင်း သိရသည်။ ဓာတ်ပုံများနှင့် ဗီဒီယိုများကို အပလီကေးရှင်းအသုံးပြု၍ Cloud Storage အနေဖြင့် အသုံးပြုနိုင်မည်ဖြစ်သဖြင့် ဖုန်းအတွင်းမင်မိုရီကတ်ပြည့်နေချိန်တွင် ဒေတာများသိမ်းဆည်းခြင်းအတွက် အဆင်ပြေစေမည်ဖြစ်ကာ၊ ဖုန်းပျက်၊ ဖုန်းပျောက်သွားချိန်တွင် ဒေတာများမဆုံးရှုံးအောင်လည်း ကာကွယ်နိုင်မည်ဖြစ်သည်။ ပြန်ကြည့်ချိန်တွင် အင်တာနက်ရှိသည့် မည်သည့်နေရာမှမဆို ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်သည်။

အပလီကေးရှင်းဖြင့် Cloud တွင် သိမ်းဆည်းထားသော ဓာတ်ပုံ၊ ဗီဒီယိုများ စိတ်ချလုံခြုံမှုရှိစေရန်အတွက် အသုံးပြုမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း နော်ဝေနိုင်ငံမှ ချမှတ်ထားသော ဥပဒေနှင့်အညီ ဆောင်ရွက်ထားကြောင်း၊ ဓာတ်ပုံများကို ဆာဗာများပေါ်တွင် မသိမ်းဆည်းမီ 256-bit Advanced Encryption Standard(AES )နည်းပညာဖြင့် နော်ဝေနိုင်ငံရှိ တယ်လီနောပိုင် Data Center မှ ဆာဗာများကို အသုံးပြုထားကြောင်း၊ အသုံးပြုသူ၏ မိုဘိုင်းဖုန်းနှင့် Data Center ကြားရှိ ကွန်ယက်ကိုလည်း SSL နည်းပညာကို အသုံးပြုကာ အထူးလုံခြုံအောင် ဆောင်ရွက်ထားကြောင်း သိရသည်။

Capture အပလီကေးရှင်းဖြင့် Cloud Storage ကို အသုံးပြုခြင်းဖြင့် အားသာချက်များရှိသော်လည်း ဒေတာများကို Cloud တွင် သိမ်းဆည်းချိန်နှင့် ပြန်ကြည့်ချိန်တိုင်းတွင် အင်တာနက်ကို အသုံးပြုရမည်ဖြစ်သဖြင့် အင်တာနက်အသုံးပြုခ ကုန်ကျခြင်းမှာ အားနည်းချက်တစ်ခုအနေဖြင့် ရှိနေမည်ဖြစ်သည်။

**သူရဖြိုး**




# ဧရာဝတီတိုင်းဒေသကြီးအတွင်း အော်ရီဒူးကွန်ရက်ဖြန့်ကြက်

**ရန်ကုန် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အော်ရီဒူး၏ မိုဘိုင်းကွန်ရက် ဖြန့်ကြက်နိုင်သည့် အထိမ်းအမှတ်အခမ်းအနားကို ပုသိမ်ခန်းမ၌ အောက်တိုဘာ ၃၁ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အထိမ်းအမှတ်အခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များအား ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံခဲ့ပြီး အော်ရီဒူးမြန်မာ၏ တိုင်းဒေသကြီး ဒေသဆိုင်ရာ အရောင်းတာဝန်ခံချုပ်က တိုင်းဒေသကြီး၏ ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်သော ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ အော်ရီဒူးမြန်မာ၏ ဝန်ထမ်းခန့်အပ်ရေးဒါရိုက်တာ Mr. Shaochuan Lu က အော်ရီဒူးမြန်မာကိုယ်စား တိုင်းဒေသကြီး ရေဘေးနှင့် ပြန်လည် ထူထောင်ရေးအဖွဲ့ထံ အလှူငွေကျပ်သိန်း ၇၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

ပုသိမ်မြို့တွင် အော်ရီဒူးကွန်ရက်ရှိသော တာဝါတိုင်ပေါင်း ၃၃ တိုင်ဖြင့် ကွန်ရက်ဖြန့်ကြက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီး တစ်ခုလုံးတွင် အော်ရီဒူးကွန်ရက်ရှိသော တာဝါတိုင်ပေါင်း ၂၄၁ တိုင်ဖြင့် ကွန်ရက်ဖြန့်ကြက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အရောင်းဆိုင်များအနေဖြင့် ပုသိမ်မြို့ တွင်ဆင်းကတ်နှင့် ငွေဖြည့်ကတ်ကိုယ်စားလှယ်ဆိုင်ပေါင်း ၂၇၅၂ ဆိုင်အပါ အဝင် ဧရာဝတီတိုင်းတစ်ခုလုံးတွင် အော်ရီဒူးအရောင်းဆိုင်ပေါင်း ၆၄၃၆ ဆိုင် ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

# ရန်ကုန်ကမ်းနားလမ်းတစ်လျှောက် ဝါးတန်းမှပန်းဆိုးတန်းအထိ အထူးလျှပ်စစ်ရထား နိုဝင်ဘာလတတိယပတ်တွင် ပြေးဆွဲပေးမည်

**သတင်း – ရဲခေါင်ညွန့်**
**ဓါတ်ပုံ – ညီညီလွင်**

ရန်ကုန်ကမ်းနား လမ်းတစ်လျှောက် ဝါးတန်း-စဥ့်အိုးတန်း-ပန်းဆိုးတန်းတို့တွင် တွဲသုံးတွဲပါဝင်သည့် အထူးလျှပ်စစ်ရထား တွဲဆိုင်းကို လာမည့်နိုဝင်ဘာလတတိယပတ်တွင် ပြေးဆွဲနိုင်ရန်စီစဉ်လျက်ရှိသည်ဟု မြန်မာ့မီးရထား(အောက်မြန်မာပြည်) မှ သိရသည်။

ကမ်းနားလမ်း တစ်လျှောက် ပြေးဆွဲပေးမည့် အထူးလျှပ်စစ်ရထားသည် စတင်ပြေးဆွဲရာတွင် ဝါးတန်းရပ်စခန်း၊ စဥ့်အိုးတန်းရပ်စခန်းနှင့် ပန်းဆိုးတန်းရပ်စခန်း ဘူတာစဉ် သုံးခုသာထားရှိပြေးဆွဲမည်ဖြစ်ပြီး ဝါးတန်းမှ ပန်းဆိုးတန်းအထိ ကြာမြင့်ချိန် ၁၅ မိနစ်သာရှိမည်ဖြစ်ကြောင်း ဦးညီညီလွင် လက်ထောက်မန်နေဂျာ (သွားလာရေး/တိုင်း) မြန်မာ့မီးရထားထံမှသိရသည်။

"ဝါးတန်းကနေ စဥ့်အိုးတန်းမှာ ရပ်မယ်။ နောက် ပန်းဆိုးတန်းကို ဆက်သွားမယ်။ သုံးဘူတာပဲ။ အခု နိုဝင်ဘာလလယ် ၁၅ ရက်နဲ့ ၂၀ ရက်ကြားမှာ စပြီးပြေးဆွဲနိုင်လိမ့်မယ်။ နောက်ထပ် နှစ်ဘူတာ ထပ်လုပ်ဖို့ရှိတယ်။ ဗိုလ်တထောင်နဲ့ လင်းစဒေါင်းအထိ လျှပ်စစ်ရထားသွားနိုင်ဖို့အတွက်ပါ။ တိုင်စိုက်နေတုံး၊ ပန်းဆိုးတန်းဂုံးအောက်ကနေသွားမယ်။ မြန်မာ့မီးရထားအနေနဲ့ ပြေးဆွဲပေးတာပါ"ဟု ဦးညီညီလွင် လက်ထောက်မန်နေဂျာ (သွားလာရေး/တိုင်း) က ပြောသည်။

စတင်ပြေးဆွဲပေးမည့် လျှပ်စစ်ရထားသည် Rail Bus Engine (RBE) ပုံစံမျိုးဖြစ်ပြီး အဲကွန်းစနစ်နှင့် ဆိုဖာထိုင်ခုံများ တပ်ဆင်ပေးထားသည်။ ယခုကဲ့သို့ ကားလမ်းမပေါ်တွင် လျှပ်စစ်ရထား ပြေးဆွဲပေးခြင်းသည် ကားနှင့် ရထားယှဉ်တွဲပြေးဆွဲနိုင်မှုကို အစပြုလုပ်ခြင်းဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုတွေကို တတ်နိုင်သလောက် လျှော့ချပေးနိုင်အောင် ရည်ရွယ်ကြောင်း မြန်မာ့မီးရထား (အောက်မြန်မာပြည်)မှ သိရသည်။

ဦးညီညီလွင်က "ပြေးဆွဲပေးမယ့် အထူးလျှပ်စစ်ရထားက လူ၁၀၀ကျော် လောက်ဆံ့မယ်။ ဆိုဖာခုံနဲ့ အဲကွန်းပါတဲ့ လျှပ်စစ်အထူးရထားအတွက် လက်မှတ်ခကို ငွေကျပ် ၁၀၀ နှုန်းပဲ သတ်မှတ်မယ်။ မနက် ၇ နာရီမှာ ဝါးတန်းကနေစထွက်မယ်။ ပြေးဆွဲဖို့ ကြာချိန် ၁၅ မိနစ်ပေးထားတယ်။ ကွန်တိန်နာကားကြီးတွေ အဝင်အထွက် ရှိနေသေးလို့ ညနေဘက်တော့မပြေးသေးဘူး"ဟု ပြေးဆွဲမည့် လျှပ်စစ်ရထားအတွက် စီးနင်းနိုင်မည့်အရေအတွက်၊ ကောက်ခံမည့်လက်မှတ်နှုန်းထားများနှင့် ပတ်သက်၍ ဆိုသည်။

ကမ်းနားလမ်းတစ်လျှောက် ပုဇွန်တောင်မှ ထော်လီကွေ့အထိ ၂၀၁၄ ဒီဇင်ဘာလမှစတင်၍ ပြေးဆွဲခဲ့သော်လည်း ၂၀၁၅ စက်တင်ဘာ ၁၅ ရက်နေ့မှစတင်၍ RBE ရထားပြေးဆွဲခြင်း အစီအစဉ်ကို ရပ်ဆိုင်း၍ အထူးလျှပ်စစ်ရထားပြေးဆွဲရန်ယခုကဲ့သို့ စီစဉ်ခဲ့ခြင်းဖြစ်သည်။



အထူးလျှပ်စစ်ရထား ပြေးဆွဲရန်အတွက် နိုဝင်ဘာ ၄ ရက်နေ့က စမ်းသပ်မောင်းနှင်နေစဉ်

# မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံစာရေးဆရာအသင်းက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၃၇၇ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များကအလှူငွေများ လှူဒါန်းလျက်ရှိကြသည်။

ထိုသို့လှူဒါန်းရာတွင် မဟာသရေစည်သူ (ဗိုလ်ချုပ် ကြီးစိုးဝင်း-ငြိမ်း) ၏ ဇနီးဒေါ်သန်းသန်းနွဲ့(စာရေးဆရာမ-မလေး(မုံရွာ))နှင့်သားသမီးမြေးများက အလှူငွေကျပ် ၁၀ သိန်း၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး(သုတစွယ်စုံ မီဒီယာဂရု) မိသားစုက ငွေကျပ် ၁၅သိန်း၊ အသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) - ဒေါ်မြင့်မြင့်(ပန်းမြိုင်လယ်စာပေ) က ငွေကျပ် နှစ်သိန်း၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးကျော်ဝင်း (မနုဿကျော်ဝင်း) မိသားစုက ငွေကျပ် တစ်သိန်း၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) -ဒေါ်ခင်အေးမူမိသားစုက ငွေကျပ် တစ်သိန်း၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်) မိသားစုက ငွေကျပ် တစ်သိန်း၊ အမှတ်စဉ်(၆) စာရေးနည်းသင်တန်းသူ၊သားများက ငွေကျပ်တစ်သိန်း၊ ရန်ကင်းမြို့နယ်မှ ဒေါ်ကျင်တိုး(ဆရာမကြီးတိုးတိုး) မိသားစုကငွေကျပ်တစ်သိန်း၊ ဦးကျော်စိုး (မောင်ကျေးဖူး) မိသားစုက ငွေကျပ် သုံးသောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် စာရေးဆရာအသင်းက ငွေကျပ်သုံးသောင်း၊ မာန်အောင် မြို့နယ်စာရေးဆရာအသင်းက ငွေကျပ်သုံးသောင်း၊ သာကေတမြို့နယ်နေ စာရေး ဆရာမင်းရိုးယဉ်က ငွေကျပ်သုံးသောင်း စုစုပေါင်း အလှူငွေ ၃၃၂၀၀၀၀(ကျပ်သုံးဆယ့်သုံးသိန်းနှစ်သောင်းတိတိ) ကို မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က လက်ခံရယူခဲ့ကြောင်းနှင့် အလှူငွေ ဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေလှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာ အသင်း၊ အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၀၇ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စာမူဖိတ်ခေါ်ခြင်း

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း၊ တောင်ရိုးတောင်တန်းကြီးများနှင့်၊ မန္တလေးခြောက်မြို့နယ် အလှူခံပုဂ္ဂိုလ် ၆၀၀၀၀ (ခြောက်သောင်း) ကျော်တို့အား နှစ်စဉ်ဆွမ်းဆန်တော်လှူဒါန်းသော မန္တလေးမြို့ "မလွန်ဈေးဆန်လှူအသင်းကြီး"၏ နှစ် (၁၂၀) ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းစာစောင်ထုတ်လိုပါသည်။

စာပေပညာရှင်များ-အမျိုး၊ ဘာသာ၊ သာသနာနှင့်၊ အသင်းကြီးအတွက် အကျိုးများသော၊ အတွေးအခေါ်ရှုဒေါင့်မျိုးစုံ၊ စာပေပုံစံမျိုးစုံဖြင့် ရေးသား၍ ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၁ရက်၊ ၉-၂-၂၀၁၆ရက်(အင်္ဂါနေ့)နောက်ဆုံးထားပြီး လိပ်စာနှင့်အတူ ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**မဂ္ဂဇင်းဖြစ်မြောက်ရေးအဖွဲ့**

**စာမူပေးပို့ရန် လိပ်စာ**

မလွန်ဈေးဆန်လှူအသင်းကြီး
မလွန်ဈေးဆန်လှူအသင်းကြီး
၃၂ လမ်း၊ ၈၅×၈၆ လမ်းကြား၊ မလွန်ဈေးဟောင်းရပ်
အောက်မြန်မာပြည်(ရန်ကုန်ဌာနခွဲ)
မန္တလေးမြို့။ ဖုန်း-၀၂-၃၉၂၄၀
အမှတ် ၃၃၄၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်
ဖက်စ်-၀၂-၃၉၂၄၀
ရန်ကုန်မြို့။ ဖုန်း-၀၁-၅၃၆၇၃၅

## မန္တလေးတက္ကသိုလ် ဘူမိဗေဒမိသားစု(၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

မန္တလေးတက္ကသိုလ် ဘူမိဗေဒ ကျောင်းသားဟောင်းများဦးစီးပြီး အထက်မြန်မာပြည် တက္ကသိုလ်များ၏ (၁၅)ကြိမ်မြောက် ဘူမိဗေဒ အာစရိယပူဇော်ပွဲကို ၂၁-၁၁-၂၀၁၅ရက်(စနေနေ့) နံနက် ၈နာရီတွင် မန္တလေးတက္ကသိုလ်မွေ့ရုံ၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာကျင်းပပါမည်။

၁၉၅၃ မှ ၂၀၁၅ ခုနှစ် ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းမိသားစုများ၏ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန၊ အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ် အသီးသီးရှိ ဘူမိဗေဒဌာနများ၊ အောက်ဖော်ပြပါ ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် လှူနေကျသူငယ်ချင်းများမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁) ဦးတင်မောင်ဦး ဖုန်း-၀၉-၆၇၀၈၀၇၀
(၂) ဦးတော်မီသိန်း ဖုန်း-၀၉-၂၀၀၁၅၉၈
(၃) ဦးကိုကိုလှိုင် ဖုန်း-၀၉-၄၀၂၆၈၈၉၈၇
(၄) ဦးကျော်နိုင်ဦး ဖုန်း-၀၉-၂၀၀၁၇၃၇
(၅) ဦးသန်းဝင်း ဖုန်း-၀၉-၂၀၃၅၉၁
(၆) ဦးသန်းထိုက် ဖုန်း-၀၉-၄၃၁၃၅၄၅၆
(၇) ဦးမြင့်ကြိုင် ဖုန်း-၀၉-၉၁၀၃၆၁၈၉
(၈) ဦးကျော်လွင်စိုး ဖုန်း-၀၉-၄၀၂၆၀၄၉၉၁

### ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ်၃၅ယ/၁၁၇၉၊ Luojia 110 Dote Hta Waddy Princess Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်**

### ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၅၆၈၀၁၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးကံညွှန့် ၉/တကန(နိုင်)၀၀၇၆၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**


# အသွင်သစ်
# အမြင်သစ်



**UAB** ဘဏ်မှ customer များအား ခေတ်အမီဆုံး နည်းစနစ်များသုံးကာ
နိုင်ငံတကာဘဏ်လုပ်ငန်းအတွေ့အကြုံရှိသော ပညာရှင်များမှ ဝန်ဆောင်မှုများ ပေးနေပါပြီ ။

Customer တို့၏ အားထားယုံကြည်မှုနှင့် ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုတို့ပေါင်းစပ်ကာ အားမာန်အပြည့်နှင့်
ရှေ့ဆက်လျှက် ...

*It's all about* ***YOU!***

**UAB**
United Amara Bank

*Safe, Sound & Trustworthy*


**အမည်ပြောင်း**

ပခုက္ကူမြို့၊ အမှတ်(၁၅)အောင်ဇေယျလမ်းနေ ဦးအောင်သူနိုင်၏သား ပခုက္ကူ TTC(လေ့ကျင့်ရေးအလယ်တန်းကျောင်း) တတိယတန်း(A)မှ မောင်ဝေလင်းဗိုလ် (ခ)မောင်လင်းပြည့်ဖြိုးအောင်အား ယနေ့မှစ၍ မောင်လင်းပြည့်ဖြိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းပြည့်ဖြိုးအောင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ကြိုးကြာအုပ်စု၊ လျှော်တောင်ကျေးရွာနေ ဦးအေးသွင်၏သား မောင်ဇင်ဗိုလ်သွင်နှင့် မောင်ဇင်ဗိုလ်အောင်မှာ တစ်ဦးတည်းဖြစ်ပါသည်။ **မောင်ဇင်ဗိုလ်သွင်(ခ)မောင်ဇင်ဗိုလ်အောင်**





**SAKURA HOSPITAL**
**SINCE 1998**

Best Health Myanmar

ဆာကူရာဆေးရုံ၌ အမေရိကန် နှလုံးအထူးကုဆရာဝန်များ ဦးစီးသည့်
Best Health Myanmar Cardiovascular group ၏ အဖွဲ့ဝင်များဖြစ်သော
စင်္ကာပူနိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်များသည်
နိုဝင်ဘာလ (၁၉ ရက်နေ့ မှ ၂၂ ရက်နေ့) နှင့် (၂၇ ရက်နေ့ မှ ၂၈ ရက်နေ့) များတွင်
ဆီးချိုကြောင့်ဖြစ်သောခြေထောက်သွေးကြောပိတ်ရောဂါများ၊သွေးပြန်ကြောသွေးခဲခြင်း၊ သွေးကြောထုံးခြင်း၊
ဦးခေါင်းသို့သွားသော သွေးကြော ပိတ်ရောဂါများ၊ နှလုံးသွေးကြော နှင့်
နှလုံးအဆို့ရှင်များ ဆိုင်ရာ စစ်ဆေး စမ်းသပ်ကုသမှု အမျိုးမျိုးကို နိုင်ငံတကာအဆင့်မီ
ဝန်ဆောင်မှုပေးမည်ဖြစ်ပါသဖြင့် ကြိုတင်စာရင်းပေးနိုင်ရန် သတင်းကောင်းပါးအပ်ပါသည်။
အမှတ်(၂၃)။ ရှင်စောပုလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - 01-512 668, 09-262 100 103, 09-262 100 104
Email: EDP@sakurahospital.com.mm, bhmm7788@gmail.com

# “ ဖုန်းတွေကို ပိုပို ပွတ် ဖို့ ”

## 1MB ကို ၆ ကျပ်



### အမြန်ဆုံး MPT 3G ကို 1MBလျှင် ၆ ကျပ်နှုန်းနှင့် ချိတ်ဆက်နိုင်ပါပြီ

ဆွေသဟာ ကိုရယူရန်
"SWE" ဟုရိုက်၍ 1332 သို့အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှုရယူနိုင်ပါသည်၊

SMS ဈေးနှုန်းသစ် ၁၀ ကျပ်

အင်တာနက် Package အသစ်ဖြင့် ဆွေသဟာကို အဆင့်မြှင့်လိုက်ပါ။

| မူလ ပမာဏ | လက်ဆောင် ပမာဏ | Package ဈေးနှုန်း | သက်တမ်း |
|---|---|---|---|
| 400 MB | 150 MB | 2,800 Ks | ၃၀ ရက် |
| 1 GB | 350 MB | 6,500 Ks | ၃၀ ရက် |
| 5 GB | 1.5 GB | 25,000 Ks | ၃၀ ရက် |

- MPT SIM ကဒ်ကို SIM slot 1 တွင် ထည့်သွင်းအသုံးပြုပါက ပိုမိုကြည်လင်ပြတ်သားသောအသံနှင့် မြန်ဆန်သော 3G အင်တာနက်ဝန်ဆောင်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။
- ဆွေသဟာဝန်ဆောင်မှု ရယူထားသောသူများအတွက်သာ အကျုံးဝင်သည်။
- Package ဝယ်ယူရကျသင့်ငွေကို ဖုန်းလက်ကျန်ငွေမှ နုတ်ယူပါမည်။
- Data ဝန်ဆောင်မှုရယူရန် (400MB) သို့ (1GB) သို့ (5 GB) ဟုရိုက်ပြီး 1332 သို့ SMS ပေးပို့ပါ။

CALL CENTER 106
(၂၄)နာရီအခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်၊

အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်၊

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်





## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
# ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၃ရက်မှ စတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာပါရဂူဘွဲ့နှင့်ဇီဝနည်းပညာပါရဂူဘွဲ့ သင်တန်းများကိုဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပါသည်-

(က) မြို့ပြအင်ဂျင်နီယာဂျင်နီယာ (Structural Engg:/Water ResourcesEngg)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) အီလက်ထရွန်းနစ်အင်ဂျင်နီယာ
(ဃ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) နျူကလီးယားအင်ဂျင်နီယာ
(ဈ) ဇီဝနည်းပညာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြိုသင်တန်း(၁)နှစ် နှင့် သုတေသနကျမ်းပြုသင်တန်း(၂)နှစ် စုစုပေါင်း(၃)နှစ် သင်တန်းဖြစ်ပါသည်။ပါရဂူဘွဲ့အကြိုသင်တန်း(Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ ပါရဂူဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်းအထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့်၄င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာအင်ဂျင်နီယာဘွဲ့(ME.)နှင့် မဟာသိပ္ပံဘွဲ့ ဇီဝနည်းပညာ(M.S.)သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှအလားတူ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက် (မူရင်း)တင်ပြနိုင်သူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့်မဟာအင်ဂျင်နီယာနှင့် မဟာသိပ္ပံဘွဲ့(ဇီဝနည်းပညာ)ဘွဲ့လက်မှတ် (မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၉-၁၁-၂၀၁၅ ရက်မှစ၍ မန္တလေးနည်းပညာ တက္ကသိုလ်တွင် ၂၀-၁၁-၂၀၁၅ ရက်နောက်ဆုံးထား၍ လျှောက်ထားရမည်။လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက ၂၃-၁၁-၂၀၁၅ ရက်တွင် စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကိုထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၂၄-၁၁-၂၀၁၅ ရက်(အင်္ဂါနေ့) | အင်္ဂလိပ်စာ | ၉း၀၀နာရီမှ၁၂း၀၀နာရီ |
| ၂၅-၁၁-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀နာရီမှ၁၂း၀၀နာရီ |

၇။ သင်တန်းအတွက်လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို ၃၀-၁၁-၂၀၁၅ ရက်တွင်ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၁-၁၂-၂၀၁၅ ရက် တွင်ပြုလုပ်မည်ဖြစ်သည်။ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂-၁၂-၂၀၁၅ ရက် တွင်ထုတ်ပြန်ကြေညာမည်။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ် ၀၂-၅၇၃၆၃ သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**(ဒေါက်တာနီနီဝင်း)**
**ဌာနမှူး၊သင်တန်းရေးရာ**

---

## ၂၃-၁၀-၂၀၁၅ ရက်ထုတ်
## မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၇ (ကြော်ငြာ)ပါ မြန်မာနိုင်ငံစာရေးဆရာအသင်း၏
## ထုတ်ပြန်ကြေညာချက်သည် မြန်မာနိုင်ငံစာရေးဆရာအသင်း
## ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းအပိုဒ်(၈၆) (၈၇) (၈၈)တို့နှင့်
# ညီညွတ်မှန်ကန်ခြင်းမရှိကြောင်း ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင် စာပေပညာရှင်ငါးဦးဖြစ်သည့် ဆရာကောင်းသန့်(ဘဏ္ဍာရေးမှူး)၊ ဆရာဟိန်းလတ် (ပြန်ကြားရေးမှူး)၊ ဆရာ ဒေါက်ထွေး (ဆေး/မန်း)၊ ဆရာနွမ်ဂျာသိုင်း (ဗဟိုအမှုဆောင်)နှင့် ဗဟိုအမှုဆောင် ဆရာမောင်မျိုး(ကြောင်နှစ်ကောင်)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်ကြေညာချက်ပါ အကြောင်းအရာနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေများသည် စာပေကို ချစ်မြတ်နိုးကာ စာရေးဆရာအသင်းကြီး အဓွန့်ရှည် စွာတည်တံ့ရေးနှင့် ကောင်းသောဂုဏ်သတင်းဖြင့် အစဉ်ရပ်တည်နိုင်ရေးအတွက် မွန်မြတ်သန့်ရှင်းသော စိတ်စေတနာမှန်ဖြင့် အသင်းကြီး၏ ကောင်းရာ ကောင်းကျိုးကို သယ်ပိုးလို၍ ဗဟိုအမှုဆောင်အဖွဲ့ဝင်များအဖြစ် ပေးအပ်သည့်တာဝန်ကို တက်ကြွကျေပွန်စွာထမ်းဆောင်ခဲ့သည်ကို မြန်မာနိုင်ငံစာရေးဆရာ အသင်းဝင်အားလုံး သိရှိကြသည်ဟု ကျွန်ုပ်တို့၏မိတ်ဆွေ စာပေပညာရှင်ငါးဦးက အဆိုရှိပါသည်။

ကျွန်ုပ်တို့မိတ်ဆွေငါးဦးတို့သည် မိမိတို့အား ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်သည့် ဗဟိုအမှုဆောင် တာဝန်အသီးသီးကို ရိုးသားဖြောင့်မတ်စွာ စိတ်စေတနာကောင်းများဖြင့် ဆောင်ရွက်နေစဉ် မြန်မာနိုင်ငံစာရေးဆရာ အသင်းကြီး၏ ဗဟိုအမှုဆောင်အဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူ လူတစ်စု၏ မရိုးမသား မမှန်မကန်ဖြင့် အသင်းကြီး၏ နဖူးစည်းကို အကာအကွယ်ယူကာ မနှစ်မြို့ဖွယ်ကိုယ်ကျိုးရှာလုပ်ကိုင်မှုများကြောင့် အသင်းကြီးပြိုကွဲ ရာ ပြိုကွဲကြောင်းနှင့် ဂုဏ်သတင်းမေးမှိန်လာမှုများအတွက် စိတ်မကောင်းကြီးစွာ ခံစားလာကြရ၍ အသင်းကြီး၏ ဂုဏ်သိက္ခာ မညှိုးနွမ်းစေရေးနှင့် အသင်းကြီးရေရှည် တည်တံ့စေရေးအတွက်လည်းကောင်း၊ အသင်းကြီးအတွင်း မတော်မတရားမှုများနှင့် အသင်း၏ဖွဲ့စည်းပုံစည်းမျဉ်းနှင့် ညီညွတ်မှန်ကန်ခြင်းမရှိသော လုပ်ဆောင်မှုများ ထပ်မံမပေါ်ပေါက်စေရေးတို့အတွက်လည်းကောင်း၊ ၁၈-၁၀-၂၀၁၅ရက်တွင် ရန်ကုန်မြို့ Orchid Hotel ၌ မီဒီယာများနှင့် တွေ့ဆုံက အဖြစ်အပျက်မှန်များကို ထုတ်ပြန်ခဲ့သည်ဟု ညွှန်ကြားချက်အရ ထပ်ဆင့်သိရှိရပါသည်။

ဤသို့ သတင်းထုတ်ပြန်မှုအပေါ် ၂၃-၁၀-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ထုတ်ပြန်ကြေညာချက်ဟုဆိုကာ ကျွန်ုပ်တို့၏မိတ်ဆွေ စာပေပညာရှင် ငါးဦးကို တွေ့ဆုံခြင်း၊ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ရှင်းလင်းခြင်းတို့ကို လုံးဝပြုလုပ်ခဲ့ခြင်းမရှိဘဲ ဗဟိုအမှုဆောင်အဖွဲ့ဝင်အချို့ကိုသာ အစည်းအဝေးခေါ်ယူ၍ ဒီမိုကရေစီနည်းလမ်းမကျသော တစ်နည်းအားဖြင့် ကျွန်ုပ်တို့မိတ်ဆွေစာပေပညာရှင်ငါးဦး၏ တင်ပြပိုင်ခွင့်ကို လစ်လျူရှုကာ ယင်းတို့၏ မျက်ကွယ်၌ လိုသလိုဆုံးဖြတ်၍ ကျွန်ုပ်တို့၏မိတ်ဆွေ စာပေပညာရှင်ငါးဦးအား ဗဟိုအမှုဆောင် ကော်မတီဝင်များအဖြစ်မှ ရပ်စဲကြောင်း ထည့်သွင်းကြေညာခဲ့ပါသည်။

ယင်းသို့သော ကြေညာချက်သည် ကျွန်ုပ်တို့မိတ်ဆွေ စာပေပညာရှင်ငါးဦး၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၈၊ ပုဒ်မ၃၅၄၊ပုဒ်မခွဲ(က)မှ အပ်နှင်းထားသည့် နိုင်ငံသားတို့၏ မူလအခွင့်အရေးနှင့် တာဝန်ကိုသော်လည်းကောင်း၊ နိုင်ငံသားတစ်ဦး၏ လွတ်လပ်စွာပြောဆိုမှုကိုလည်းကောင်း၊ ထိပါးကျူးလွန်နေသော ကြေညာချက်သာဖြစ်သည်ဟု ကျွန်ုပ်တို့၏မိတ်ဆွေများက ခံယူထားပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေများမှ မီဒီယာများသို့ ထုတ်ပြန်ကြေညာခဲ့သော အကြောင်းအရာများနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းအတွင်းဖြစ်ပျက်နေသော အဖြစ်အပျက်အမှန်များ အပြင် တာဝန်ရှိသူတစ်ဦး၏ မမှန်မကန် မရိုးမသားလုပ်ဆောင်မှုတို့ကို နိုင်ငံတော်အကြီးအကဲများနှင့် အမှန်တရားကို စုံစမ်းဖော်ထုတ်စစ်ဆေးပေးသည့် အစိုးရဌာနများသို့ပါ အဖြစ်အပျက်အမှန်ကို ထုတ်ဖော်တင်ပြတိုင်ကြားသွားရန် စီစဉ်လျက်ရှိသည်ကိုလည်း ညွှန်ကြားချက်အရ သိရပါ သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ အမည်ကိုအသုံးပြုကာ ၂၃-၁၀-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၇ ပါ ထုတ်ပြန်ကြေညာချက်သည် မြန်မာ နိုင်ငံစာရေးဆရာအသင်းဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်း၊ အပိုဒ်-၈၆၊ ၈၇၊ ၈၈ တို့နှင့်အညီ ကျင့်သုံးလိုက်နာဆောင်ရွက်လုပ်ကိုင်ခဲ့ခြင်း မရှိသော ကြေညာချက်ဖြစ်သည်ကို စာရေးဆရာအသင်းဝင်များနှင့် မိဘပြည်သူများအဖြစ်မှန်ကိုသိရှိစေရန် ရှင်းလင်းကြေညာခြင်းဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေများမှလည်း မိမိတို့၏ပြောဆိုဆွေးနွေးတင်ပြအရေးယူပိုင်ခွင့်ရှိသော အခွင့်အရေးနှင့်အညီ ထိုသို့လွဲမှားကြေညာချက်အား ထုတ်ပြန်ခဲ့သူများအပေါ် မိမိတို့၏ ဂုဏ်သရေနှင့် ကောင်းသော ဂုဏ်သတင်းထိပါးနစ်နာမှုအဝဝအတွက် တည်ဆဲဥပဒေများနှင့်အညီ တန်ပြန်ဆောင်ရွက်အရေးယူပေးရန် ကျွန်ုပ်တို့အား ညွှန်ကြားထားသည်ကိုလည်း လူခပ်သိမ်းတို့သိရှိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းအေး B.A, R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅)**

**ဒေါ်ဆွေဆွေညွန့် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)**

**ဒေါ်ခင်ကြည်မွန် LL.B ဒေါ်အေးခိုင်ဇင် LL.B**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၅၈/၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၂၅၀၃၇၅၅၇၂**

---

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁N၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၁၀၃၊ မြေကွက်တည်နေရာအမှတ် ၃၁၊ ၉၈လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (မဇမိ)အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် မဇမိ(မိခင်)နှင့် ဦးမောင်အေး(ခ)မိုဟာမက်ယူနွတ်(စ်)(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်အေးအေးမြင့် ၁၂/ပဘတ(နိုင်)၀၂၇၉၅၁မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်း၊ မဇမိနှင့် ဒေါ်အိမ်မှီ(ခ)ဒေါ်အေးမိအမည်သုံးမျိုးသည် တစ်ဦးတည်းဖြစ်ကြောင်း ကတိသစ္စာပြုလွှာတို့တင်ပြ၍ ဒေါ်အေးအေးမြင့်ထံမှ GP ၄၃၅၃/၁၃-၃-၁၃ ဖြင့်ရရှိသူ ဒေါ်မေသန္တာဝင်း ၁၂/တမန(နိုင်)၀၀၁၂၇၅မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်(မြေပုံကူး)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဥဿမြို့သစ်၊ မြို့ကွက်မြေနေရာချထားရေးကော်မတီဥက္ကဋ္ဌမှ ၁၉-၁၁-၁၉၉၅ ရက်စွဲဖြင့် နေရာချထားပေးခဲ့သော ပဲခူးမြို့ ဥဿမြို့သစ်၊ အမှတ်(၅)ရပ်ကွက်၊ ၂လမ်း အမှတ် ၂၂+၂၄၊ အကျယ်အဝန်းပေ (၈၀×၆၀)မြေကွက်၊ ဦးညိုကြီး(ဘ)ဦးကွယ်အမည်ဖြင့် နေရာချထားပေးခဲ့ပြီး ယခုအခါ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်သူ ကျွန်မဒေါ်ချိုချိုမြိုင် ၁၂/မရက(နိုင်)၀၉၁၈၃၃မှ မြေငှားဂရန်လျှောက်ထားရန်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုမြိုင်**
**ဖုန်း-၀၉-၂၅၄၁၂၃၉၈၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဘီးလင်းမြို့နယ်၊ ကင်းရွာကျေးရွာနေ ဦးသိန်းလွင်-ဒေါ်ခင်မာအေး(ခ)အေးအေးတို့၏ တစ်ဦးတည်းသောသား မောင်ကျော်ဝင်းအောင် ၁၀/ဘလန(နိုင်)၁၂၆၈၈၆သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအရ မိဘဂုဏ်သိက္ခာ ညှိုးနွမ်းအောင်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအားလုံးကို ဖြေရှင်းမည်မဟုတ်ပါ။

**ဦးသိန်းလွင်**
**၁၀/ဘလန(နိုင်)၀၃၁၆၁၃-**
**ဒေါ်ခင်မာအေး**
**၁၀/ဘလန(နိုင်)၀၆၇၄၄၂**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မာရှီးလျှင်(လားရှိုးမြို့)

## အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ (၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ် (၂၅)နေ (ဦးရန်နိမ်ကျမ်း)၏ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရှောက်နော်၊ ဦးရန်ဟော် (Chairman,Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး (၅၇) ယောက်၊ မြစ်(၈၀)၊ တီ(၂၉)ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၁း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mottama Holdings Ltd.**

**ကုမ္ပဏီဝန်ထမ်းများ**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/4358 ၊ Toyota Probox NCP 50, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ WIN & SANN PWTNT AUNG MYIN SERVICES Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/4363 ၊ Toyota Probox NCP 50, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ WIN & SANN PWTNT AUNG MYIN SERVICES Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မာရှီးလျှင်(လားရှိုး)

### အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊လားရှိုးမြို့၊ (၁၂) ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅)နေ (ဦးရိုန်နိမ်ကျမ်း)၏ဇနီး ဦးရန်ဟော် (Chairman,Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏မိခင် ဒေါ်မာရှီးလျှင်(လားရှိုး)သည် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့) နံနက် ၁း၀၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ**

---

### ဗိုလ်ကြီးတိုက်အောင်(ငြိမ်း)

**OTS-91, လ/ထ အထွေထွေမန်နေဂျာ**

**ကမ္ဘာ့ရတနာဘဏ်လီမိတက်**

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးသိန်းအောင်(ငြိမ်း)-ဒုညွှန်ချုပ်(ငြိမ်း၊ အားကစားဝန်ကြီးဌာန၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်)-ဒေါ်ရီလေးတို့၏သား၊ ဦးတိုးအောင်-ဒေါက်တာအိအိခင်၊ (ဗိုလ်မှူးမင်းသိမ်းထွဏ်း၊ငြိမ်း)-ဒေါ်စုလေးမေ (မေဇရီစတိုး)၊ ဗိုလ်မှူးအောင်သူ(တပ်မတော်၊ ရေ)-ဒေါ်အေးအေးပပသူတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ (၁၄)ရပ်ကွက်၊ အမှတ် L3/002နေ ဒေါ်ဝင်းဝင်းမော်၏ခင်ပွန်း၊ မောင်ပြေဇော်ဟိန်း(ပထမနှစ်၊ သွားဆေးတက္ကသိုလ်) ၏ချစ်လှစွာသောဖခင်သည် ၅-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာသန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လှိုင်နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အိမွန်ဦး

**ဦးစီးအရာရှိ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**အသက်(၂၈)နှစ်**

ဗဟိုဝန်ထမ်းတက္ကသိုလ်၊ အထက်မြန်မာပြည်(ဇီးပင်ကြီး)၊ အရာထမ်းလောင်းအခြေခံသင်တန်းအမှတ်စဉ်(၁၄)မှ ကသ-၂ ဒေါ်အိမွန်ဦး (ဦးစီးအရာရှိ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)သည် ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**အကြိုဇေယျ(၁၄)မှ သူငယ်ချင်းများ**

---

### ဦးဇင်မင်းထူး (ဗိုလ်ကြီး-ငြိမ်း)

**ကြည်း-၂၃၀၂၇**

**(တေဇ-၁၈)(စမ်းချောင်း)**

**MD, မြင့်မိုရ်ရွှေတောင်ကုမ္ပဏီ**

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၄၂၊ ဗားကရာလမ်းနေ ဦးမြင့်စိုး-ဒေါ်ကြွယ်ကြွယ်အောင်တို့၏သား၊ ဗန်းမော်မြို့နေ (ဦးမနမ်ကန်-ဒေါ်လဘန်ကော့)တို့၏သားသမက်၊ တောင်ဒဂုံမြို့နယ်၊ မြယမုံအိမ်ရာ၊ အမှတ် ၈၇နေ ဒေါ်မနမ်လု၏ချစ်လှစွာသောခင်ပွန်း၊ မခွာညိုထူး၊ မဇွန်ပွင့်ထူး၊ မစန္ဒကူးထူးတို့၏ချစ်လှစွာသောဖခင်၊ ဦးအောင်မြင့်ထူး-ဒေါ်နန်းအေးသန်းတို့၏အစ်ကို၊ မကျော့ကေခိုင်ထူး၏ဘဘလေးသည် ၅-၁၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (စမ်းချောင်းနေအိမ်နှင့် တောင်ဒဂုံ၊ မြယမုံအိမ်ရာ တို့မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ မြယမုံအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### မောင်စိုင်းကျော်သက်(ခ)သားငယ်

**Yan Gar Bo Travels & Tours Company Limited**

**အသက်(၃၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ (၁၄)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်၂၇နေ ဦးသန်းထွန်း-ဒေါ်နန်းငွေငွေခင်တို့၏သား၊ ဒေါ်သောင်း၊ ဒေါ်သန်းသန်း၊ ဒေါ်စန်းစန်းရင်တို့၏မြေး၊ ကိုငွေလင်း-မမြင့်မြင့်မော်၊ ကိုသန်းနိုင်-မစိုးစိုးခိုင်၊ ကိုမောင်မောင်ညွှန့်၊ ကိုအောင်မေတ္တာ-မခင်ခင်ငွေ၊ ကိုဗိုလ်ဗိုလ်ဇော်-မစန္ဒာဝင်းတို့၏တူ၊ စမ်းချောင်းမြို့နယ်နေ ကိုစိုင်းသူရထွန်း-မငုဝါစိန်တို့၏ညီမောင်သည် ၅-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကျိုက်ထိုမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅ ရက်(စနေနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဝင်းနိုင်(ခ)ဝိုင်း

**ဆောက်/လျှပ် ကုန်သွယ်ရေး(ငြိမ်း)**

**ကောင်းထက်ကျော် ပညာရေး မိသားစု နာယကကြီး**

**ခေတ္တရာအသင်းဝင်(ပြည်/ပေါက်ခေါင်း)**

(အကောက်ခွန်မင်းကြီး ဝဏ္ဏကျော်ထင် ဦးထွန်းမောင်-ဒေါ်တင်တင်ဦး) တို့၏သား၊ (ဦးကံချွန်-ဒေါ်ညိုစိမ့်)တို့၏သားသမက်၊ (ဦးနေဝင်း-ဒေါ်ရီရီဝင်း)၊ ဦးအုန်းသန်း-ဒေါက်တာဒေါ်ခင်သန်းတို့၏မောင်၊ ဦးတင်အုံး-ဒေါ်ခင်ခင်အေး၊ ဦးသန်းထွန်း-ဒေါ်သီဂီဦး၊ ဦးအောင်ခင်ထွန်း-ဒေါ်ချိုချိုသန်း တို့၏အစ်ကိုသည် ၅-၁၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကျောက်မြောင်းနေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဝင်းနိုင်(ခ)ဝိုင်း [ခေတ္တရာအသင်းဝင်(ပြည်/ပေါက်ခေါင်း)]

**ဆောက်/လျှပ် ကုန်သွယ်ရေး(ငြိမ်း)**

**ကောင်းထက်ကျော် ပညာရေးမိသားစု နာယကကြီး**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၂၆-A)၊ ဒဂုံသီရိလမ်းနေ (အကောက်ခွန်မင်းကြီး ဝဏ္ဏကျော်ထင်ဦးထွန်းမောင်-ဒေါ်တင်တင်ဦး)တို့၏သား၊ (ဦးကံချွန်-ဒေါ်ညိုစိမ့်)တို့၏သားသမက်၊ ဒေါ်မြိုင်၏ချစ်လှစွာသောခင်ပွန်း၊ [ဒေါ်ဝါဝါနိုင် (လယ်ပြ၊ ထ-၂၊ ဗဟန်း)]၊ ဦးစိုးဝင်းနိုင်(ဒုညွှန်မှူး၊ နိုင်ငံတော်သမ္မတရုံး)၊ ဒေါ်ခင်မာစိန်၊ ဦးညီညီနိုင် (ကျောင်းအုပ်ကြီး၊ ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်စိုးစိုးအေး၊ ဦးသူရနိုင်(SECOND MATE,UNITEAM Co.,Ltd.)-ဒေါ်သစ္စာမောင်၊ ဒေါက်တာထွန်းထွန်းနိုင်(ခ) ဆရာကောင်း(ဆေး-၂၊ အင်္ဂလိပ်စာတည်ထောင်သူ)(ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်မိုးမြင့်စန္ဒီတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၅-၁၁-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## (၄)နှစ်ပြည့် ရင်နင့်အလွမ်း

### စောနိုးနိုးထွန်းလင်း(ခ)နိုးနိုး

### အသက် (၂၃)နှစ်

ရေကြောင်းသိပ္ပံကောလိပ်အမှတ်စဉ် (၃၅)၊ CDC -68468 (Marlow Co.,Ltd.)၈-၁၁-၂၀၁၁ရက် စပိန်နိုင်ငံမာလကာဆိပ်ကမ်းတွင် ရုတ်တရက်ခရစ်တော်၌ အိပ်ပျော်ခဲ့ရသည်။

ပြန်လာမယ်လို့ ပြောပြီးကာမှ ပြန်ဆုံမရ ခရီးဝေးကို အဖော်မပါ၊ တစ်ကိုယ်တည်းပဲထွက်ခွာရတဲ့၊ ချစ်ဆုံးသားရေ၊ ယူကျုံးမရ မျက်ရည်မိုးများ ရွာသွန်းခဲ့တာ၊ လေးနှစ်ပြည့်လည်း သားပြန်လာမယ့်၊ အိမ်ပြန်လမ်းကို၊ မျှော်ကာစောင့်ရင်း ချိန်တွေကုန်လည်း၊ မေ့ရင်ထဲက၊ အလွမ်းမီးများ တောက်လောင်နေဆဲ၊ ကျွမ်းနေမြဲမို့၊ မေတ္တာတရားကင်းမဲ့လှတဲ့၊ လောကကြီးဝယ်၊ လောဘမောဟအတ္တများကြောင့်၊ သက်စွန့်ခဲ့ရ၊ မေ့ချစ်သားတွက်ကြီးစွာနောင်တ၊ မိုးမိုးရလည်း၊ သားသားကတော့ အပြန်လမ်းမှာ မိုးမိုးကိုလေထားခဲ့ပြီပေါ့။

**ရင်နင့်အောင် ခံစားနေရတဲ့**

**ချစ်ပါးပါး-ဦးထွန်းနွယ်(လ/ထ အထွေထွေမန်နေဂျာ)**

**RBE (စက်ခေါင်းစက်ရုံ)**

**ချစ်မိုးမိုး-နော်စေးဖော B.Sc (Phy) 84**

**ချစ်ညီမ-နော်ဆွေဆွေထွန်းလင်း BA (ကိုရီးယား) YUFL**

**ချစ်ညီမ-နော်ယုယုထွန်းလင်း Final year (Architecture) သန်လျင်**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ကျော်စိန်ဝင်း ၉/မတရ(နိုင်)၁၂၆၇၅၇၏ Passport စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၅၅၆၅၇၇

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံတစ်ဝန်းရှိ မဲဆန္ဒရှင်ပြည်သူများသို့ ပြောကြားသည့် ရွေးကောက်ပွဲဆိုင်ရာ မိန့်ခွန်းထုတ်လွှင့်မည်

**နေပြည်တော်    နိုဝင်ဘာ    ၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ မြန်မာနိုင်ငံတစ်ဝန်းရှိ မဲဆန္ဒရှင်ပြည်သူများသို့ ပြောကြားသည့် ရွေးကောက်ပွဲဆိုင်ရာမိန့်ခွန်းအား မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံနှင့် FM ရေဒီယိုအစီအစဉ်များတွင် ယနေ့ည ၈ နာရီ ပြည်တွင်းသတင်းအပြီးနှင့် အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီ ပြည်တွင်းသတင်းများအပြီးတွင်လည်းကောင်း၊ အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီ၊ နံနက် ၁၀ နာရီနှင့် မွန်းတည့် ၁၂ နာရီ ပြည်တွင်းသတင်းများအပြီးတွင်လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် MRTV-4 နှင့် SKY Net ရုပ်သံလိုင်းများတွင်လည်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်လျက်ရှိ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အပြုသဘောပူးပေါင်းဆောင်ရွက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြောကြား

*စာမျက်နှာ-၉*

## မြန်မာ ယူ - ၂၀ အမျိုးသမီးအသင်း နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရ

**ဟိုချီမင်း    နိုဝင်ဘာ    ၆**

ဗီယက်နမ်ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ -၂၀ အမျိုးသမီးအသင်းက နှစ်ပွဲဆက်အနိုင်ရရှိခဲ့သည်။

မြန်မာယူ -၂၀ အသင်းသည် ဟောင်ကောင်လက်ရွေးစင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် FFU အသင်းကို ပွဲဦးထွက်ပွဲစဉ်၌ အနိုင်ရရှိခဲ့သည့် လူစာရင်းအတိုင်းပွဲထွက်ခဲ့ပြီး နီလာဝင်း၊ ခင်သန်းဝေ၊ မေသူကျော်၊ ဝင်းသီတာထွန်း၊ လှယဉ်ဝင်း စသည့် အမာခံများ လူစုံပါဝင်ခဲ့သည်။

မြန်မာအသင်းမှာ ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း ဒုတိယပိုင်းတွင် အနိုင်ဂိုး သုံးဂိုးစလုံးသွင်းယူခဲ့ခြင်းဖြစ်သည်။ ၅၀၊ ၅၁ မိနစ်တို့တွင် ဝင်းသီတာထွန်းက နှစ်ဂိုးဆက်သွင်းယူခဲ့ပြီး တတိယဂိုးကို ၈၆ မိနစ်တွင် ခင်မိုမိုထွန်းက သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်ရရှိထားပြီး နောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၈ ရက်တွင် ဟိုချီမင်း စီးတီးအသင်းနှင့် ကစားရမည် ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ ပတ်လည်စနစ်ဖြင့်ကစားပြီး အမှတ်အများဆုံးအသင်းဗိုလ်စွဲမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

**အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅ အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။**



လီဗာပူးတိုက်စစ်မှူးများ၏ ဂိုးကန်သွင်းမှုကို ရူဘင်ကာဇန်ဂိုးသမား ရီဇီကော့ ကာကွယ်စဉ်။

## ယူရိုပါလိဂ် အုပ်စုပွဲတွင် လီဗာပူးတို့ ရုရှားမြေ၌ အောင်ပွဲခံ

ယူအီးအက်ဖ်အေယူရိုပါလိဂ် အုပ်စုပွဲစဉ် (၄) ကို နိုဝင်ဘာ ၆ ရက် သောကြာနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (B ) မှ ရုရှားကလပ် ရူဘင်ကာဇန်နှင့် အင်္ဂလန်ကလပ် လီဗာပူးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရုရှားမြေမှာ လီဗာပူးအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ရှင် ရူဘင်ကာဇန်သည် ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဒီဗစ်၊ အက်ဒူအာဒို၊ ကာနန်နီကော့၊ ကစ်လီရက်၊ ဂျော်ဂျီဗီ၊ ကာရာဒီနစ်ဇ်၊ ကေဗက်ဗီလီရာ၊ ကမ်ဘိုလော့၊ ကိုတပ်ဒို၊ နာဘီလ်လင်နှင့် ဂိုး ရီဇီကော့တို့ ပွဲထွက်လာသည်။ ဧည့်သည် လီဗာပူးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ဖာမီနို၊ ဂျော်ဒန်အိုင်ဗီ၊ ဘန်တီကီ၊ အီမရီကန်၊ ဂျိုအလန်၊ မီလ်နာ၊ လောဗ်ရန်၊ ဆာခို၊ ဆီလီနီ၊ မိုရန်နိုနှင့် ဂိုး မစ်နိုလက်တို့ ပါဝင်ခဲ့သည်။

လီဗာပူးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိပြီး ဖိအားပေးတိုက်စစ် ဆင်နိုင်ခဲ့သော်လည်း *စာမျက်နှာ ၁၄ ကော်လံ ၁* ❍

## BTV Cup ပြိုင်ပွဲ အဖွင့်ပွဲတွင် ရတနာပုံအသင်းရှုံးနိမ့်

**ဟိုချီမင်း    နိုဝင်ဘာ    ၆**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် BTV Cup ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ ရတနာပုံအသင်းမှာ ပွဲဦးထွက်ပွဲစဉ်တွင် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ရတနာပုံအသင်းမှာ မြန်မာ့လက်ရွေးစင်အသင်းသို့ ပေးထားရသည့် ကစားသမားငါးဦးအပါအဝင် ၂၀၁၅ ရာသီက အသုံးပြုခဲ့သည့် နိုင်ငံခြားသားများမပါဝင်ဘဲ နိုင်ငံခြားသားကစားသမားသစ်များ၊ လူငယ်ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပုံမှန်ခြေစွမ်းမပြနိုင်ဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ရတနာပုံအသင်းမှာ ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပွဲပြီးခါနီးတွင် ရရှိသည့် ပယ်နယ်တီဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ V- League ချန်ပီယံဘင်ဒေါင်းအသင်းမှာ ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။

ရတနာပုံအသင်းမှာ ခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသားကစားသမားများထဲမှ သုံးဦးကို ပွဲထွက်လူစာရင်း၌အသုံးပြုခဲ့ပြီး ရှိုင်းသူရ၊ စည်သူအောင်၊ နေမျိုးအောင်၊ မျိုးကိုထွန်းတို့ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ပထမပိုင်းတွင် *စာမျက်နှာ ၁၄ ကော်လံ ၄* ■




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

မြန်မာ့အလင်း

ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅

နိုဝင်ဘာ ၇၊ ၂၀၁၅ (စနေနေ့)



## ဒီမိုကရေစီစနစ်နှင့် ထိုက်တန်မှုကို သက်သေထူနိုင်မည့် ရွေးကောက်ပွဲကြီး

၂၀၁၅ အထွေထွေရွေးကောက်ပွဲများဟာ မြန်မာနိုင်ငံ မြန်မာ့လူ့အဖွဲ့အစည်းနဲ့ မြန်မာနိုင်ငံသားများဟာ ဒီမိုကရေစီစနစ်နဲ့ ထိုက်တန်တယ်၊ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်ဖို့လည်း အဆင်သင့်ဖြစ်နေပြီဆိုတဲ့ အချက်များကို သက်သေထူနိုင်မယ့် ရွေးကောက်ပွဲကြီးလည်း ဖြစ်ပါတယ်။ **(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ပြောကြားသည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိ

ကာကွယ်ရေးဝန်ကြီးဌာန

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၉ ပါ "နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"၊ ပုဒ်မ ၃၄၁ ပါ "နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်"ဟူသော အချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

**ငွေသားနှင့်ပစ္စည်းတန်ဖိုး ၇၁၁ သန်းကျော်**

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လများအတွင်း ဖြစ်ပေါ်ခဲ့သော ရေဘေးအန္တရာယ်ကျရောက်မှုများတွင် တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုရှိ ရေကြီး/ ရေလျှံမှု ဖြစ်ပွားခဲ့သော ဒေသများသို့ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များသည် ချက်ချင်းသွားရောက်၍ လူ၊ တိရစ္ဆာန်နှင့်ပစ္စည်းများ ရွှေ့ပြောင်းပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်း၊ သဲအိတ်၊ မြေအိတ် များစီချ၍ တာတမံများပြုလုပ်ပေးခြင်း၊ လှိုင်းကာများ ပြုလုပ်ပေးခြင်း၊ ရေလမ်းကြောင်းညွှန်ပြခြင်း၊ ရေကျသွားသောနေရာများတွင် နုန်းများဖယ်ရှားခြင်း၊ လေယာဉ်ပြေးလမ်း၊ ကားလမ်းများကို ရွှံ့နွံနှင့်နုန်းမြေများ ဆေးကြောပေးခြင်း၊ ဆေးရုံ/ဆေးခန်းနှင့် စာသင်ကျောင်းများကို သန့်ရှင်းရေး ပြုလုပ်ပေးခြင်းနှင့် ချုံနွယ်များ ရှင်းလင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ *စာမျက်နှာ (ခ) သို့*



**ရေဘေးသင့်ပြည်သူများအား တပ်မတော်မှ ထောက်ပံ့ပစ္စည်းများ လိုက်လံမျှဝေနေပုံ။**

# အမှိုက်က ပေးတဲ့စာ

စံကားဝါ

**တစ်နေ့က ကြေးမုံသတင်းစာမှာ စွန့်ပစ်အမှိုက်ကနေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မယ့် သတင်းတစ်ပုဒ်ဖတ်လိုက်ရပါတယ်။ သတင်းထဲမှာ ရန်ကုန်မြို့က နေ့စဉ်ထွက်ရှိနေတဲ့ အမှိုက်တန်ချိန် ၁၆၀ မှာ တန်ချိန် ၆၀ လောက်ကိုသုံးပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၀၀ ကို ထုတ်လုပ်မယ်ဆိုတာသိရလို့ ဝမ်းမြောက်ကြိုဆိုရပါတယ်။**



**ဂျပန်နိုင်ငံ၌ အမှိုက်မှ စွမ်းအင်ထုတ်ယူသည့် စက်ရုံကိုတွေ့ရစဉ်။** (ဓာတ်ပုံ-ရန်ကုန်စည်ပင်)

မြို့တော်စည်ပင်နဲ့ ဂျပန်နိုင်ငံက JFE Engineering Cooperation တို့ ပူးပေါင်းပြီး တည်ဆောက်နေပြီဖြစ်ပါတယ်။ ရန်ကုန်မြို့တင်မကဘဲ ကျန်မြို့ကြီးများမှာပါ ဒီလိုစက်ရုံတွေထပ်တည်နိုင်ဖို့ မျှော်လင့်မိပါတယ်။

စွန့်ပစ်အမှိုက်တွေကနေ လူထုအကျိုးပြုပစ္စည်းတွေ ပြန်ထုတ်တတ်တာ လျှပ်စစ်ဓာတ်အားထုတ်ယူတာ၊ ပင်လယ်ရေကနေ သောက်သုံးရေအဖြစ်ရရှိအောင် နည်းပညာအသုံးပြုပြီးထုတ်ယူတာတွေက ၂၁ ရာစုမှာ လူသားရင်းမြစ်တွေအတွက် စွန့်ပစ်ထားတဲ့အရာတွေအပေါ် ကောင်းမွန်တဲ့အသုံးချမှုတစ်ခုအဖြစ် စွမ်းဆောင်ချက်တွေပဲဖြစ်ပါတယ်။ အမှိုက်ကနေ စွမ်းအင်ထုတ်ယူတဲ့စနစ်ကိုကျင့်သုံးနေတဲ့ အာရှနိုင်ငံတွေမှာ ဂျပန်နိုင်ငံက ထိပ်ဆုံးကရပ်တည်နေပြီး စက်ရုံပေါင်း ၁၇၀ ကျော် လက်ရှိလည်ပတ်နေပါတယ်။

ပင်လယ်သမုဒ္ဒရာထဲကို နေ့စဉ်ရောက်ရှိလာတဲ့ ပလတ်စတစ်စပေါင်း ငါးသန်းခန့်ရှိနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ခန့်မှန်းကြပါတယ်။ သမုဒ္ဒရာရေစီးကြောင်းကြီးငါးခုကနေ ဒီအပိုင်းအစတွေကိုသယ်ဆောင်ပြီး နှစ်ပေါင်းရာချီ ပျောက်ပျက်မသွားတဲ့ ဓာတုအဆိပ်တွေအဖြစ် ပျံ့နှံ့စေတယ်လို့ သိရပါတယ်။

ပလတ်စတစ်ပစ္စည်းတစ်ခုရရှိဖို့ ဓာတုပစ္စည်းအများအပြားနဲ့ပြုလုပ်ရတာဖြစ်ပြီး ဒီပလတ်စတစ်တွေကို ရေထဲရောက်သွားလို့ အပိုင်းပိုင်းဖြစ်သွားသည့်တိုင် နှစ်ပေါင်းရာချီပြီး ဓာတုသတ္တိက ပျက်ပြယ်မသွားပါဘူး။

ရေထုညစ်ညမ်းရုံတင်မကဘဲ ဒါကို ကုန်းနေ၊ ရေနေ သတ္တဝါတွေ စားသုံးမိရင်လည်း အဆိပ်သင့်စေတယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေသူတွေက ဆိုပါတယ်။

Commonwealth Scientific and Industrial Research Organization-CSIRO ရဲ့ ပင်လယ်တွင်း ပလတ်စတစ်အမှိုက်တွေရဲ့ နောက်ဆက်တွဲအန္တရာယ် လေ့လာမှုတစ်ခုမှာ စွန့်ပစ်ထားတဲ့ ငါးဖမ်းပိုက်အစအန

*စာမျက်နှာ (ဂ)သို့*



ရေဘေးသင့်ဒေသများသို့ တပ်မတော်မှ ထောက်ပံ့ပစ္စည်းများအား လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးခဲ့စဉ်။ (မြဝတီ)

***ရှေ့ဖုံးမှ***

အဆိုပါ ရေဘေးသင့်ဒေသများသို့ တပ်မတော်မိသားစုများမှ ငွေသားနှင့် ပစ္စည်းတန်ဖိုး ၇၁၁ ဒသမ ၅၆၆ သန်းကို ကူညီထောက်ပံ့ပေးနိုင်ခဲ့သည့်အပြင် အောက်ပါကယ်ဆယ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်-

(က) လေကြောင်းကယ်ဆယ်ရေး လုပ်ငန်းများအဖြစ် တပ်မတော်ပိုင်ရဟတ်ယာဉ် ၁၁ စင်းနှင့် လေယာဉ်ခြောက်စင်းပေါင်း ၁၇ စင်းဖြင့် အခေါက်ရေ ၇၆၇ ခေါက် ကုန်တန်ချိန် ၄၉၂ ဒသမ ၆ တန်အား ဆောင်ရွက်ပေးနိုင်ခဲ့သည်။

(ခ) ရေဘေးကယ်ဆယ်ရေး ပစ္စည်းများအား စစ်ရေယာဉ် ကိုးစင်း ၃၂ ခေါက်ဖြင့် ကုန်တန်ချိန် ၁၅၄၆ ဒသမ ၈၀ တန်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရန်ယာဉ်နှင့်လုပ်ငန်းယာဉ် စုစုပေါင်း ၁၈၁၂ စီးဖြင့် ကုန်တန်ချိန် ၇၂၄၈ တန်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

(ဃ) ရေဘေးသင့်ဒေသများသို့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုစွန်)ဖြင့် တပ်မတော်(ရေ)နှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးတို့မှ အရာရှိ၊ စစ်သည်များက အမျိုးသား ၂၃၅၄ ဦး၊ အမျိုးသမီး ၅၀၉၉ ဦး စုစုပေါင်း ၇၄၅၃ ဦးအား ဆေးကုသပေးနိုင်ခဲ့သည်။

(င) ၂၀၁၅ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း ရေဘေးသင့်ဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၊ ဟင်္သာတမြို့နှင့် မြောင်းမြမြို့နယ်များအတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ Mobile သောက်ရေသန့်ယာဉ်နှစ်စီးဖြင့် စေလွှတ်၍ ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရေသန့် ၄၄၀၀၀ ဂါလန် ဖြန့်ဝေပေးနိုင်ခဲ့သည်။

**ပြည်သူလူထု ငါးသိန်းခွဲကျော်အား ဆေးကုသ**

ဆေးဝန်ထမ်းညွှန်ကြားရေးရုံးမှ ပါရဂူ၊ ဆေးမှူးနှင့် သူနာပြုများပါဝင်သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များဖြင့် ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဒုတိယလေးလပတ်ကာလအတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အစီအမံဖြင့် ဆေးကုသမှု ၃၂ ကြိမ်တွင် ပါရဂူ၊ ဆေးမှူး၊ သူနာပြုအရာရှိ၊ စစ်သည် ၂၆၃၆ ဦးဖြင့် ပြည်သူလူထု ၃၈၆၈၈၅ ဦးအား ဆေးကုသပေးနိုင်ခဲ့သည်။

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ အစီအမံဖြင့် ဆေးကုသမှု အကြိမ်ရေ ၁၁၃၁ ကြိမ်တွင် အမျိုးသား ၁၁၁၄၀၃ ဦး၊ အမျိုးသမီး ၁၅၉၀၄၅ ဦးပေါင်း ၂၇၀၄၄၈ ဦးအား ဆေးကုသပေးနိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သော ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် တာလေနှင့်မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တို့သို့ ၂၅-၃-၂၀၁၁ ရက်နေ့မှ ၂၈-၁၁-၂၀၁၁ ရက်နေ့အထိ ဆေးကုသရေးအဖွဲ့ ရှစ်ဖွဲ့မှ အရာရှိခုနစ်ဦး၊ စစ်သည် ၁၃ ဦးပေါင်း ၂၀ ဖြင့် လူနာ ၁၂၇၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အရွယ်မရောက်သေးသူ ၆၄၅ ဦး ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့**

၂၀၁၂ခုနှစ် စက်တင်ဘာလ မှ ၂၀၁၅ ခုနှစ် ဇွန်လအထိ တပ်မတော်အတွင်း အကြောင်းအမျိုးမျိုးကြောင့်မှားယွင်းစုဆောင်းခံခဲ့ရသည့် အရွယ်မရောက်သေးသူကလေးသူငယ်များအား မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့မှု ၁၀ ကြိမ်တွင် စုစုပေါင်း ၆၄၅ ဦး ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့သည်။

**မြေဧက နှစ်သိန်းသုံးသောင်းကျော် စွန့်လွှတ်**

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ပြည်သူ့လွှတ်တော်စုံစမ်းရေးကော်မရှင်မှပေးပို့သည့် တိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့် တပ်မတော်မှ သီးခြားပြန်လည်စွန့်လွှတ်ပေးနိုင်ခဲ့မှုမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မရှင်တိုင်စာများအပေါ် စွန့်လွှတ်ခဲ့သည့်မြေ ၃၇၇၇၆ ဒသမ ၅၄၈ ဧက

(ခ) တပ်မတော်မှ သီးခြားပြန်လည်စွန့်လွှတ်သည့်မြေ ၁၉၆၈၂၆ ဒသမ ၂၈၇ ဧက စုစုပေါင်းစွန့်လွှတ်ပေးပြီး ဧက ၂၃၄၆၀၂ ဒသမ ၈၃၅ ဧက

**တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကအပ်နှင်းထားသော ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုအစိုးရဖွဲ့ရုံး၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၌လည်း ပါဝင်ဆောင်ရွက်လျက်ရှိ**

**ကုန်ပစ္စည်းမျိုးစုံထုတ်လုပ်**

မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်လက်အောက်ရှိ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံ ၁၀ ခုမှ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ကုန်ပစ္စည်းမျိုးစုံထုတ်လုပ်ခဲ့ရာတွင် အမေရိကန် ဒေါ်လာ ၈ ဒသမ ၈၀၁ သန်းနှင့် ကျပ်ငွေ ၈၈၃၇၉ ဒသမ ၀၄၆ သန်းထုတ်လုပ်နိုင်ခဲ့ပြီး မြန်မာစီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူဖက်စပ်လုပ်ငန်းသုံးခုမှ ကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုးမှာ ငွေကျပ် ၁၉၅၅၄ ဒသမ ၇၀ သန်းနှင့် ပြည်ပမှ စက်အစိတ်အပိုင်းများမှာယူပြီး ပြည်တွင်း၌တပ်ဆင်ခဲ့သဖြင့် ငွေကျပ်သန်းပေါင်း ၄၇၁၀ နှင့်ညီမျှသည့် နိုင်ငံခြားငွေသက်သာမှုရရှိခဲ့သည်။



ရေဘေးသင့်ဒေသများ ရေပြန်ကျချိန်တွင် လမ်းမပေါ်တွင်တင်ရှိနေသည့် နုန်းများအား တပ်မတော်သားများ ဖယ်ရှားရှင်းလင်းပေးခဲ့စဉ်။ (မြဝတီ)

ကာကွယ်ရေးဝန်ကြီးဌာနသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၀)(င)တွင် ပါရှိသည့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။"ဟူ၍ လည်းကောင်း၊ "ပုဒ်မ (၂၀)(စ) တွင် တပ်မတော်သည် နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။"ဟူ၍လည်းကောင်း ဖော်ပြပါရှိရာ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသော ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၌လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅



*ရှေ့ဖုံးမှ*

တွေကစပြီး ဈေးဝယ်ရာမှာ ပစ္စည်းထုပ်တဲ့ ပလတ်စတစ်တွေအထိ နေ့စဉ်ပလတ်စတစ်အပိုင်းအစပေါင်း သန်းနဲ့ချီပြီး ရေပြင်ထဲရောက်နေတာမို့ ကျေးငှက်၊ ငါး၊ လိပ်တို့လို ပင်လယ်မှာကျက်စားတဲ့ သတ္တဝါမျိုးစိတ်ပေါင်း ၂၅၀ လောက်ကိုပါ ထိခိုက်စေတယ်လို့ ဆိုပါတယ်။ ရေပြင်မှာစွန့်ပစ်တဲ့ ပလတ်စတစ်တွေရဲ့ အန္တရာယ်နဲ့ မြေပြင်မှာစွန့်ပစ်တဲ့ ပလတ်စတစ်တွေကလည်း အမှိုက်ပုံမှာပစ်ထားတာကို စားသောက်ကြတဲ့ သတ္တဝါတွေကို ထိခိုက်စေပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ အမှိုက်ပုံမှာပစ်ထားတာတွေကို အစာမှတ်ပြီး စားသောက်ကြတဲ့နွားတွေ ဒုက္ခရောက်နေကြတာမို့ ဒါဟာ တိရစ္ဆာန်ညှဉ်းပမ်းမှုတစ်ခုလို့ သိလာအောင် ပညာပေးတာတွေ လုပ်နေကြပါတယ်။

သတ္တဝါတွေအားလုံးမှာ တူညီတဲ့အခွင့်အရေးတစ်ခုက ရှင်သန်ခွင့်ဖြစ်မယ်ဆိုရင် သတ္တဝါတွေရဲ့ ရှင်သန်မှုကို ခြိမ်းခြောက်နေတဲ့ စွန့်ပစ်ပစ္စည်းတွေရဲ့ အကြောင်းခံက လူသားတွေဖြစ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။ ဒီလိုစွန့်ပစ်မှုကြောင့် နောက်ဆက်တွဲဆိုးကျိုးတွေကိုကိုယ်တိုင်လည်း ခံစားကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိအမှိုက်တွေအတွက် မိမိမှာ တာဝန်အပြည့်ရှိတယ်ဆိုတာအားလုံး လက်ခံနားလည်ပြီး အမှိုက်တွေကို စနစ်တကျစွန့်ပစ်ဖို့နဲ့ စွန့်ပစ်အမှိုက်တွေကို စီမံခန့်ခွဲတတ်ဖို့ အလွန်လိုအပ်နေပြီဖြစ်ပါတယ်။

အိန္ဒိယက အမှိုက်နဲ့ပတ်သက်တဲ့ သင်ခန်းစာတစ်ခုအနေနဲ့ရိုက်ထားတဲ့ ဗီဒီယိုဖိုင်တစ်ခု ကြည့်မိပါတယ်။ အမှိုက်ပုံးဘေးကနေ ဖြတ်သွားရင်းအမှိုက်ကို လမ်းပေါ်ပစ်ချခဲ့တဲ့ ကလေးတစ်ယောက်က ကိုယ်တိုင်ပြောင်းလဲချင်တဲ့စိတ်ဝင်လာတဲ့အခါ သူပစ်ချခဲ့တဲ့အမှိုက်ကို ပြန်တာဝန်ရှိ လူကြီးမင်းရဲ့ကားပေါ်အတူ လိုက်ပါခွင့်ရတဲ့အချိန် တာဝန်ကြီးကြီးမားမားယူထားတဲ့လူကြီး တစ်ယောက်အနေနဲ့ မလုပ်သင့်တဲ့အပြုအမူကို လုပ်ခဲ့လို့ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတဲ့အကြောင်း ပြောဖြစ်ပါတယ်။ ဖြစ်ပုံက ဌာနဆိုင်ရာတွေကို လိုက်စစ်ဆေးမယ့် လူကြီးမင်းက ကားပေါ်ကနေမှန်ဖွင့်ပြီး ကွမ်းတံတွေးထွေးလိုက်၊ တစ်ရှူးစတွေပစ်လိုက်လုပ်နေတာကို အဲဒီမိတ်ဆွေက လမ်းတစ်လျှောက်လုံး သည်းခံနေရပါသတဲ့။ လူကြီးကို မလုပ်ပါနဲ့လို့ကလည်း မပြောရဲ၊ သူလုပ်နေတာကလည်း စိတ်ကသိကအောက် ဖြစ်ခဲ့ရတဲ့အကြောင်း သိခဲ့ရပါတယ်။

ရန်ကုန်မြို့လယ်ကောင်မှာ မီးပွိုင့်စောင့်နေတဲ့ အဆင့်မြင့်ကားတစ်စီးပေါ်ကနေ တစ်ရှူးစလို အမှိုက်မျိုးကိုပေါ်ပေါ်ထင်ထင် ပစ်ချလိုက်တာကို သံရုံးကားတစ်စီးရဲ့ ကားရှေ့ကင်မရာနဲ့ မှတ်တမ်းတင်ထားတဲ့ ဗီဒီယိုဖိုင်တစ်ခုကို ဒီရက်ပိုင်း လူမှုကွန်ရက် မီဒီယာမှာကြည့်မိပါတယ်။ ကားဘေးကဖြတ်ပြီးစက်ဘီးစီးလာတဲ့ နိုင်ငံခြားသားတစ်ယောက်က ကားပေါ်ကပစ်ချလိုက်တဲ့ အမှိုက်စကို ပြန်ကောက်ပေးရင်း အမှိုက်ပစ်သူကို တစ်စုံတစ်ခုပြောနေတာကို ကြည့်လိုက်ရပါတယ်။

ရန်ကုန်မြို့ရဲ့ အထင်ကရ၊ မိသားစုတွေ လွတ်လပ်စွာ အပန်းဖြေနိုင်တဲ့ အင်းလျားကန်ပေါင်က အမှိုက်ရှုခင်းကလည်း သီတင်းကျွတ်လပြည့်နေ့ကို အရုပ်ဆိုးအကျည်းတန်စေခဲ့ပါသေးတယ်။

အမှိုက်ကို သတ်မှတ်ထားတဲ့နေရာမှာမပစ်ဘဲ လွယ်လင့်တကူပစ်နေကြတဲ့အပေါ်မှာ ကိုယ်တိုင်က စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရမယ့်အလေ့အကျင့်တွေ တစ်ဦးချင်း တစ်ယောက်ချင်းစီမှာ လိုနေသေးတယ်ဆိုတာ တစ်ချက်ပါ။

လွန်ခဲ့တဲ့၁၅ နှစ်လောက်က သင်တန်းတစ်ခုမှာ သင်တန်းဖော်တစ်ယောက်ရဲ့ အမှိုက်နဲ့ပတ်သက်တဲ့




စွန့်ပစ်ပလတ်စတစ်အမှိုက်မှ လောင်စာဆီပြန်လည်ထုတ်ယူနေစဉ်။ (ဓာတ်ပုံ-မြတ်မွန်ထွေး)

ကောက်လို့ အမှိုက်ပုံးထဲထည့်ခဲ့တာကို ရိုက်ထားတာပါ။ Change ပြောင်းလဲဖို့လိုပြီလို့ တဖွဖွပြောကြရာမှာ ကိုယ်တိုင်က ဘယ်လောက်အထိ ပြောင်းလဲနိုင်ပြီလဲဆိုတာကို ပညာပေးတဲ့ ဗီဒီယိုဖိုင်ပါပဲ။

မကြာသေးခင်က မိတ်ဆွေတစ်ယောက်က အလေ့အကျင့်ကောင်းတစ်ခုကို ဝေမျှချင်ပါတယ်။ သကြားလုံးခွံလို အမှိုက်မျိုးကိုတောင် သူက သူ့အိတ်ထဲ သူပြန်ထည့်နေတာတွေ့ရတော့ ဘာ့ကြောင့် အမှိုက်ပုံးထဲ မထည့်ရသလဲမေးမိပါတယ်။ သူပြန်ပြောတာက ကိုယ့်အမှိုက်အတွက် ကိုယ့်မှာတာဝန်ရှိလို့ပါတဲ့။

**ငယ်ဘဝမှာ စည်းစနစ်တကျ အမှိုက်စွန့်ပစ်တဲ့အလေ့အထတွေ ဘယ်လိုပင် သင်ကြားခဲ့စေဦးတော့ လိုက်နာဆောင်ရွက်နိုင်မှုကသာ တန်ဖိုးအစစ်ဖြစ်ပါတယ်။ နိုင်ငံတကာဆီက ကောင်းမွန်တဲ့အလေ့အကျင့်တွေကို သင်ယူတာ၊ အားကျတာ၊ အတုယူတာအပြင် အရေးကြီးဆုံးဖြစ်တဲ့ ကိုယ်တိုင်ကပြောင်းလဲချင်တဲ့စိတ်နဲ့ ပြုမူခဲ့ခြင်းက အမြင့်ဆုံးတန်ဖိုးတစ်ခုပဲ ဖြစ်ပါတယ်**



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် စွန့်ပစ်အမှိုက်မှ စွမ်းအင်ထုတ်လုပ်မည့် စက်ရုံပုံစံငယ်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-မင်းထက်)

ကိုယ့်အမှိုက်ကို ကိုယ်စွန့်ပစ်ရမယ့်နေရာအထိ အရောက်ပို့နိုင်ဖို့က ကိုယ့်ရဲ့တာဝန်သာဖြစ်တယ်ဆိုတာကို အဲဒီအချိန်မှာ ကောင်းကောင်းနားလည်လိုက်ပါတယ်။ တော်ရုံအမှိုက်ကို ကိုယ်တိုင်ပြန်သယ်ပိုးခဲ့ပြီး ကိုယ်တိုင်စီမံခန့်ခွဲသင့်တယ်ဆိုတဲ့အသိကို ရခဲ့ဖူးပါတယ်။

စနစ်တကျအမှိုက်စွန့်ပစ်ဖို့နဲ့ စွန့်ပစ်အမှိုက်တွေအပေါ် တာဝန်ရှိတဲ့ လှုပ်ရှားမှုတစ်ခုအနေနဲ့ ၂၀၁၅ ခုနှစ် မတ်လ ၂၈ ရက်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ်တချို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာမှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေကိုယ်တိုင် အမှိုက်ကောက်ခဲ့ပြီး လူထုလှုံ့ဆော်မှုတစ်ခုအနေနဲ့ စံပြလုပ်ဆောင်ခဲ့တာကို မီဒီယာများမှာ တွေ့ခဲ့ရပါ တယ်။

နာရေးကူညီမှုအသင်းနဲ့ အခြားအရပ်ဘက် လူမှုရေးအသင်းအဖွဲ့တွေရဲ့ အမှိုက်ကောက်တဲ့ လှုပ်ရှားမှုတွေ၊ အနုပညာရှင်တွေပါဝင်တဲ့ ရှေးဟောင်းမြို့တော် ပုဂံမှာ အမှိုက်ကောက်တဲ့ လှုပ်ရှားမှုတွေမှာ လူငယ်အဖွဲ့ဝင်တွေ တက်တက်ကြွကြွပါဝင်လာတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

စင်ကာပူရဲ့ အမှိုက်ထိန်းသိမ်းတဲ့စနစ်၊ စည်းကမ်းသတ်မှတ်တဲ့စနစ်နဲ့ ဒဏ်တပ်အရေးယူတဲ့စနစ်တွေကို လူအများက ချီးမွမ်းအရေးတယူ ပြောကြပါတယ်။ တလောကလည်း စင်ကာပူမှာ ဘောလုံးပွဲကြည့် မြန်မာပရိသတ်ရဲ့ အမှိုက်တွေ ထုတ်သိမ်းသွားတဲ့ အပြုအမူက ပြောင်းလဲလာတဲ့ လူ့အဖွဲ့အစည်းတွေရဲ့ ကောင်းမွန်တဲ့ အလေ့အကျင့်တွေကို စံနမူနာတစ်ခု ဖြစ်စေခဲ့ပါတယ်။

အမှိုက်နဲ့ စားစရာလဲလှယ်ပေးပြီး သန့်ရှင်းသော မြို့တော်ကြီးဆီသို့ဆိုပြီး ချီတက်နေတဲ့ မက္ကစီကိုစီးတီးရဲ့ ဆောင်ရွက်ချက်ကလည်း ကမ္ဘာ့မီဒီယာများထက်မှာ နေရာယူလွှမ်းမိုးခဲ့ပါတယ်။ မက္ကစီကိုစီးတီးမြို့တော်ကြီးမှာ လူဦးရေသန်း ၂၀ နီးပါးနေထိုင်ပြီး တစ်နေ့ကို အမှိုက်တန်ချိန် ၁၂၀၀၀ ထွက်ရှိပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုမြင့်မားနေတာကြောင့် မြို့တော်သန့်ရှင်းသာယာစေဖို့ အစိုးရကနည်းလမ်းသစ်တီထွင်ပြီး အမှိုက် ကင်းစင်ရေး ဆောင်ရွက်နေတာဖြစ်ပါတယ်။

ယူလာတဲ့အမှိုက်ကို တန်ဖိုးဖြတ်၊ အမှတ်သတ်မှတ်ပေးပြီး အမှတ်ရရှိမှု အနည်းအများအလိုက် ထုတ်ယူနိုင်တဲ့ စားသောက်ကုန်အမျိုးမျိုးကိုလည်း သတ်မှတ်ပေးထားတဲ့အစီအစဉ်ဖြစ်ပါတယ်။ မက္ကစီကိုစီးတီး အစိုးရရဲ့အစီအစဉ်ကြောင့် မြို့တော်တစ်ခွင် အမှိုက်စွန့်ပစ်ရေးစနစ်တကျရှိလာပြီး အမှိုက်ပစ်ကြတဲ့ မြို့သူမြို့သားတွေလည်း စိတ်ပါလက်ပါ ပိုရှိလာတဲ့အပြင် လမ်းမှာ အမှိုက်တွေ့ရင်တောင် ကောက်သိမ်းချင်စိတ်တွေ ဖြစ်ပေါ်လာတယ်လို့ မြို့ခံတွေက ဆိုကြသတဲ့။

အမှိုက်သန့်စင်တဲ့လုပ်ငန်းတွေဆီက ပေးချေတဲ့ ငွေကြေးနဲ့အစိုးရက ဒီလိုအစီအစဉ်ကိုပြန်ပြီး အကောင်အထည်ဖော်တယ်လို့ သိရပါတယ်။ ဒီအစီအစဉ်ကြောင့် မြို့ခံတွေနဲ့ ဈေးသည်တွေကအစ အမှိုက်တွေကို စနစ်တကျခွဲခြားတတ်ပြီး အမျိုးအစားခွဲခြားစွန့်ပစ်တတ်ဖို့လည်း ပညာပေးပြီး ဖြစ်စေခဲ့ပါတယ်။ ဒီနည်းလမ်းအောင်မြင်ပြီး မက္ကစီကိုနိုင်ငံတစ်ဝန်းမှာပါ ဖြန့်ကြက်အကောင်အထည်ဖော်နိုင်အောင် အစိုးရက ကြိုးပမ်းနေပြီလို့လည်း သိရပါတယ်။

အမှိုက်ပစ်ခြင်း၊ မပစ်ခြင်းက အမှိုက်ပစ်သူနဲ့သာ အသက်ဆိုင်ဆုံးဆိုတာကို မေ့ထားလို့မရပါဘူး။ အမှိုက်ပုံးမရှိလို့၊ ကောင်းမွန်တဲ့စီမံခန့်ခွဲမှုမရှိလို့၊ စီမံခန့်ခွဲသူတွေမကောင်းလို့ ဘယ်လိုပဲဆင်ခြေတွေပေးနေနေ ကိုယ့်ဆီကထွက်လာတဲ့ ကိုယ့်အမှိုက်ကို စနစ်တကျစွန့်ပစ်ဖို့တာဝန်က ကိုယ်ကိုယ်တိုင်ဆိုတာ ငြင်းမရပါဘူး။

အမှိုက်ကို လွယ်လင့်တကူပစ်ချနေတာ၊ ကွမ်းတံတွေးကို ထွေးချင်ရာထွေးချနေတာတွေကို ရှက်တတ်ရမယ့် အချိန်ရောက်ပြီဖြစ်ပါတယ်။

ငယ်ဘဝမှာ စည်းစနစ်တကျ အမှိုက်စွန့်ပစ်တဲ့ အလေ့အထတွေ ဘယ်လိုပင် သင်ကြားခဲ့စေဦးတော့ လိုက်နာဆောင်ရွက်နိုင်မှုကသာ တန်ဖိုးအစစ်ဖြစ်ပါတယ်။ နိုင်ငံတကာဆီက ကောင်းမွန်တဲ့အလေ့အကျင့်တွေကို သင်ယူတာ၊ အားကျတာ၊ အတုယူတာအပြင် အရေးကြီးဆုံးဖြစ်တဲ့ ကိုယ်တိုင်ကပြောင်းလဲချင်တဲ့စိတ်နဲ့ပြုမူခဲ့ခြင်းက အမြင့်ဆုံးတန်ဖိုးတစ်ခုပဲ ဖြစ်ပါတယ်။

တန်ဖိုးနည်း၊ တန်ဖိုးသင့်စတဲ့ စကားလုံးတွေ ခေတ်စားတဲ့ ဒီနေ့အချိန်ကာလမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက တန်းဖိုးမြင့်စိတ်ဓာတ်အဖြစ် ပြောင်းလဲရင်းအရှေ့များဆီကို ဆက်ချီကြဖို့ အမှိုက်က ပေးတဲ့ စာကတစ်ဆင့် ရေးသားလိုက်ပါတယ်။

# ပြည်သူ့ဝန်ဆောင်မှုရုံးဟု ဆိုရာတွင်

သတင်းဆောင်းပါး - မင်းမင်းဇော်၊ ဟန်နီဝင်း

"ရုံးလုပ်ငန်းတွေကို တစ်စုတစ်စည်းတည်း ဆောင်ရွက်ပေးတဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးတွေပေါ်ပေါက်လာတာ ဝမ်းသာတယ်ဗျာ။ အရင်က အကြောင်းကိစ္စတစ်ခုရှိရင် ရုံးတွေသွားရလာရမှာ ကြောက်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုံးတွေက တစ်နေရာစီမှာဆိုတော့ ဟိုသွားရ၊ ဒီသွားရနဲ့ အချိန်ကုန်၊ လူပင်ပန်းရတယ်။ အခုတစ်နေရာတည်းမှာဆိုတော့ လုပ်ရကိုင်ရတာ အဆင်ပြေတာပေါ့ဗျာ"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်မှ နေပြည်တော် တဲကြီးကုန်းကျေးရွာသို့ ပြောင်းရွှေ့နေထိုင်သူ ကိုမြတ်မင်းအောင်က ပြောသည်။

"အခု ဒီရုံးကိုလာတာက လဝကပုံစံ (၆၆)ရဖို့ လိုအပ်တာလေးတွေ လာလုပ်တာပါ။ တဲကြီးကုန်းကျေးရွာမှာနေတာ ငါးနှစ်ရှိပါပြီ။ ပုံစံ (၁၀) ဝင်ဖို့ လိုအပ်တာတွေ ဆောင်ရွက်ဖို့လာတာပါ။ ဒီမှာတာဝန်ရှိသူတွေက ဘာတွေလိုအပ်တယ်ဆိုတာကို ပြောပြပေးတယ်၊ ရှင်းပြပေးတယ်။ ဒီ OSS ရုံးမှာ လုပ်ကိုင်ဆောင်ရွက်ရတာ အားလုံးလွယ်လင့်တကူပါပဲ။ ရုံးလုပ်ငန်းကိစ္စလိုအပ်တာတွေရှိရင် ကူညီဆောင်ရွက်ပေးပါမယ်လို့ ဒီရုံးက တာဝန်ရှိသူတွေက ပြောတယ်။ ဒီလိုပြောတဲ့အတွက် ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာမိတယ်။



နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-သိန်း)

ကျွန်တော့်လို အကြောင်းကိစ္စရှိလို့ ရုံးတွေကိုသွားလာဖို့ နောက်တွန့်နေတဲ့သူတွေကို လိုအပ်တဲ့ရုံးလုပ်ငန်းကိစ္စတွေ တစ်နေရာတည်းမှာ ဆောင်ရွက်နိုင်တဲ့ ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးတွေ ပေါ်ပေါက်နေပြီ၊ ရှိနေပြီဆိုတာကို ပြောပြသွားပါမယ်"ဟုလည်း ၎င်းက ပြောသည်။

"ကျွန်မသမီးလေးကို ၁၀ နှစ်ပြည့် မှတ်ပုံတင်လာလုပ်ပေးတာပါ။ ပထမရက်က ကျွန်မ OSS ရုံးကိုရောက်ရောက်ချင်း ဘယ်ဌာနက ဘာတွေလုပ်ပေးနိုင်တယ်လို့ ကြေညာထားတာတွေကို အရင်လေ့လာတယ်။ နောက်ပြီး ကျွန်မဆောင်ရွက်ချင်တဲ့ အကြောင်းအရာနဲ့ပတ်သက်တဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ရှိသူကို မေးမြန်းစုံစမ်းခဲ့တယ်။ လိုအပ်တဲ့စာရွက်စာတမ်းတွေဖြည့်ခိုင်းပြီး လိုအပ်တာတွေကို ပြောပြပေးတယ်။ ဒုတိယနေ့မှာပဲ နေ့ချင်းပြီး အလွယ်တကူဆောင်ရွက်နိုင်ခဲ့တယ်"ဟု ဇမ္ဗူသီရိမြို့နယ်မှ ဒေါ်ယုဆွေဦးက ပြောသည်။

ပြည်သူများအတွက် ရှင်းလင်းလွယ်ကူ၍ အသိအမှတ်ပြုနိုင်သော ဝန်ဆောင်မှုလုပ်ငန်းများပေးရန်၊ လုပ်ထုံးလုပ်နည်းများနှင့် အခွန်အခပေးသွင်းငွေများ လွယ်ကူရှင်းလင်း၍ ပွင့်လင်းမြင်သာမှုရှိစေရန်၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် ထိရောက်ထက်မြက်မှု တိုးတက်စေရန်၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်နှင့်ငွေကြေးသက်သာမှုရှိစေကာ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းပြီး နိုင်ငံတော်အစိုးရအပေါ် ယုံကြည်ကိုးစားမှု မြင့်တက်လာစေရန်၊ အစိုးရနှင့်ပြည်သူကြားဆက်ဆံရေးသည် ဝန်ဆောင်မှုအခြေပြုအုပ်ချုပ်ရေးစနစ်သို့ ရွေ့ရှုပြောင်းလဲလာစေရန်၊ အစိုးရဌာနများ၏ ဝန်ဆောင်မှုများကြောင့် တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းများ၏ ကျေနပ်မှုများပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ အစိုးရဌာနများ၏ ဝန်ဆောင်မှုအရည်အသွေး ကောင်းမွန်လာခြင်းကြောင့် ဒေသအတွင်းရှိ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများတွင် အရေးပါသည့် အထောက်အကူပြုမှုများဖြစ်စေရန်နှင့် ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေး အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop-OSS) များ ထူထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ OSS ရုံးများကို ခရိုင်ရုံးစိုက်ရာ မြို့နယ် ၇၂ ခုအပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သရက်ချောင်းမြို့နယ်၊ ရေဖြူမြို့နယ်၊ လောင်းလုံမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံး၌လည်း မြို့နယ်အဆင့် OSS ရုံးများကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အခြားကျန်ရှိနေသည့် မြို့နယ်များတွင်လည်း ယခုလကုန်နောက်ဆုံးထား ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ရပ်ကွက်အဆင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်နိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

OSS ရုံးများတွင် ပါဝင်ဖွဲ့စည်းရမည့် ဌာနများရွေးချယ်ရာတွင် မီတာခ စသည့် အခွန်အခကောက်ခံရသော ဌာနများအပြင် ဖွားသေစာရင်း၊ မြေစာရင်း၊ အဆောက်အအုံဆောက်လုပ်ခွင့်၊ နိုင်ငံသားမှတ်ပုံတင်ပြုလုပ်ခြင်း အစရှိသည့် ခွင့်ပြုမိန့်နှင့်ထောက်ခံချက်များ ထုတ်ပေးရသော ဌာနများ မဖြစ်မနေပါဝင်စေပြီး ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနိုင်ရန်စီမံထားကြောင်း သိရသည်။

အဆိုပါ OSS ရုံးများ၌ သက်ဆိုင်ရာဌာနများအလိုက် နေ့ချင်းပြီး ထောက်ခံချက်ဆောင်ရွက်ပေးသည့် လုပ်ငန်းများအပြင် ကျန်လုပ်ငန်းများကို သတ်မှတ်ရက်များအတွင်းပြီးစီးအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ဌာနများအလိုက် ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုအမျိုးအစားများကို အဆိုပါရုံးများ၌ အများပြည်သူလေ့လာနိုင်ရန် ထုတ်ပြန်ကြေညာထားကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့လည်း ဒီစုဖွဲ့ထားတဲ့ရုံးမှာ နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်တာကို ဆောင်ရွက်ပေးတယ်။ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးကို အခုနှစ် စက်တင်ဘာလ ၂ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ ၁၀ ခုနဲ့ ပြည်သူတွေကို ဝန်ဆောင်မှုပေးနေပါတယ်။

ဒီလိုဝန်ဆောင်မှုပေးနေတာတွေကို ပြည်သူတွေပိုမိုသိရှိနိုင်ဖို့ ကျွန်တော်တို့ မြို့နယ်ရုံးအနေနဲ့ လူစည်ကားတဲ့ဈေးတွေ၊ ကားဂိတ်တွေမှာ လက်ကမ်းစာစောင်တွေဖြန့်ဝေပေးပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကနေတစ်ဆင့် ပြည်သူတွေကို အသိပေးခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်"ဟု ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးကြီးကြပ်သူအရာရှိ ဦးဇော်နိုင်ဦးကပြောသည်။

ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို ဆောင်ရွက်ပေးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်မှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း ဖြေလျှော့မှုများ ပိုမိုဆောင်ရွက်ပေးရန်လိုအပ်ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဆွေဝင်းက ပြောသည်။

"ကျွန်တော်တို့နိုင်ငံအပြင် ပြည်သူ့ဝန်ဆောင်မှုရုံးတွေဖွင့်ပြီး ဆောင်ရွက်နေတဲ့နိုင်ငံတွေရှိပါတယ်။ အဲဒီနိုင်ငံတွေထဲက မွန်ဂိုလီးယားနဲ့ ဗီယက်နမ်နိုင်ငံတွေကို သွားရောက်လေ့လာဖူးပါတယ်။ သူတို့ဆီမှာကတော့ အခြေခံအဆောက်အအုံတွေနဲ့ ပြည့်စုံနေပါပြီ။ ကျွန်တော်တို့ဆီမှာလည်း စတင်ကျင့်သုံးတာ မကြာသေးပေမယ့် အောင်မြင်မှုရတယ်လို့ ဆိုနိုင်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ပြည်သူ့ဝန်ဆောင်မှုရုံးများသည် ပြည်သူများအတွက် အမှန်တကယ်လိုအပ်ပါကြောင်း၊ ယခုအချိန်အထိ OSS ရုံးများသို့ သွားရောက်ဆောင်ရွက်ရန်မသိသေးသည့် ပြည်သူများရှိနေသေးကြောင်း၊ ပြည်သူများအနေဖြင့် ဆက်ဆံရမည့် ရုံးတစ်ရုံး တိုးလာသည်ဟုမြင်လျှင် မကောင်းပါကြောင်း၊ ဝန်ဆောင်မှုပေးကြမည့် ဝန်ထမ်းများအနေဖြင့် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို စိတ်ရင်းစေတနာကောင်းများဖြင့် ဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း အောက်တိုဘာလ ၇ ရက်နေ့က ကျင်းပခဲ့သည့် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်သူ့ဝန်ဆောင်မှုရုံး လုပ်ငန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြောကြားခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုရုံးများသည် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးပြီး ပြည်သူ့ဝန်ဆောင်မှုရုံးများ၌ ဆောင်ရွက်ပေး၍ မရသည်များကို လမ်းညွှန်ပေးသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် လိုအပ်သည်များ အကြံပြုနိုင်ရန် Suggestion Box နှင့် ပြည်သူများအတွက် Complaint Centre များကိုပါ ထည့်သွင်းဆောင်ရွက်ပေးထားသည်။

ထို့ကြောင့် ဌာနဆိုင်ရာများနှင့်သက်ဆိုင်သည့် လုပ်ငန်းကိစ္စများဆောင်ရွက်ရာ၌ တစ်နေရာတည်းတွင် ဆောင်ရွက်ပြီးစီးနိုင်မည့် ပြည်သူ့ဝန်ဆောင်မှုရုံးများသို့ သွားရောက်ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါကြောင်း။ ။

**OSS ရုံးများတွင် ပါဝင်ဖွဲ့စည်းရမည့်ဌာနများ ရွေးချယ်ရာတွင် မီတာခ စသည့်အခွန်အခကောက်ခံရသော ဌာနများအပြင် ဖွားသေစာရင်း၊ မြေစာရင်း၊ အဆောက်အအုံဆောက်လုပ်ခွင့်၊ နိုင်ငံသားမှတ်ပုံတင်ပြုလုပ်ခြင်းအစရှိသည့် ခွင့်ပြုမိန့်နှင့်ထောက်ခံချက်များ ထုတ်ပေးရသောဌာနများ မဖြစ်မနေပါဝင်စေပြီး ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးနိုင်ရန်စီမံထား**